မြန်မာ့အလင်း

အတွဲ (၅၂)
အမှတ် (၂၃၂)

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Established in 1914

Myanma Alinn Daily

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁ ရက် — ၂၀၁၃ ခုနှစ်၊ မေ ၂၅ ရက်၊ စနေနေ့။

သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအထက် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ဝေဟင်မှ တွေ့ရစဉ်။ (သတင်းစဉ်)

သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကျင်းပ

နေပြည်တော် မေ ၂၄

နေပြည်တော် ဥဒယရံသီကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအထက် ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသင်္ကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားကို ယနေ့နံနက် ၇ နာရီခွဲတွင် ကျင်းပရာ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ တက်ရောက်ကြည်ညိုကြသည်။ *စာမျက်နှာ ၈ ကော်လံ ၃* ❐

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဗန်းမော်ကျောင်းတိုက် ဆရာတော်ကြီးထံ အထက်ဌာပနာရုပ်ပွားတော်များ ဆက်ကပ်စဉ်။ (သတင်းစဉ်)

လာမည့်ဆယ်စုနှစ်တစ်ခုအတွင်း မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်လာနိုင်

သတင်းမှတ်စု ➢ မောင်နွေသစ်

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံသည် လာမည့်ဆယ်စုနှစ်တစ်ခုအတွင်း ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတစ်နိုင်ငံအဖြစ်သို့ ရောက်ရှိလာနိုင်သော အခြေအနေကောင်းများ ရှိနေပြီဖြစ်ကြောင်း၊ နောင် ၁၀ နှစ်အတွင်း တောက်ပလာမည့် အနာဂတ်ကို တွေ့မြင်နေရပြီဖြစ်ကြောင်း အမေရိကန်နိုင်ငံအခြေစိုက် ကမ္ဘာ့ကြော်ငြာ အေဂျင်စီလုပ်ငန်းတစ်ခုဖြစ်သော Y&R အာရှရေးရာဥက္ကဋ္ဌ မစ္စတာ မက်သရူး ဂေါ့ဖရေး(Mr.Matthew Godfrey)က မေ ၂၃ ရက်တွင် ဆီဒိုးနားဟိုတယ်၌ ကျင်းပသော Y&R Yangon ဖွင့်ပွဲအခမ်းအနားတွင် ပြောကြားသည်။

"ကျွန်တော် မြန်မာနိုင်ငံကိုရောက်တာ ဒီတစ်ခေါက်နဲ့ဆိုရင် ၁၁ ခေါက် ရှိသွားပါပြီ။ တစ်ခေါက်ရောက်တိုင်းရောက်တိုင်း မြန်မာနိုင်ငံရဲ့ တိုးတက်ပြောင်းလဲလာတာတွေကို သတိထားမိပါတယ်။ ကျွန်တော်တို့အနေနဲ့ မြန်မာနိုင်ငံမှာ မှန်ကန်တဲ့လက်တွဲဖော်နဲ့တွေ့ဆုံရဖို့ အလွန်အရေးကြီးပါတယ်။ အခုတော့ ကျွန်တော်တို့ လက်တွဲဖော်ကောင်းကို ရှာတွေ့နိုင်ခဲ့ပြီလို့ အခိုင်အမာ ယုံကြည်ပါတယ်။

"ကျွန်တော်တို့ အခုလို ရဲရဲဝံ့ဝံ့လက်တွဲလျှောက်လှမ်းခြင်းဟာ မြန်မာနိုင်ငံအနေနဲ့ အခြားအိမ်နီးချင်း အရှေ့တောင်အာရှနိုင်ငံတွေကို အမီလိုက်ဖို့ လောက်သာမက အချို့သော အနေအထားတွေမှာ ခုန်ကျော်တက်သွားဖို့အထိ အလားအလာရှိတယ်လို့ ကျွန်တော်တို့ ယုံကြည်ထားခဲ့တာကို သက်သေပြလိုက်တာပဲဖြစ်ပါတယ်"ဟု မစ္စတာ ဂေါ့ဖရေးက ပြောကြားသည်။

မြန်မာနိုင်ငံ၌ ယခုကဲ့သို့ ဝန်ဆောင်မှုလုပ်ငန်းများတွင် ပြည်ပရင်းနှီးမြှုပ်နှံမှုများ စတင်ဝင်ရောက် လုပ်ကိုင်လာလျက်ရှိသည်ကို အဆက်မပြတ်တွေ့မြင်နေရသည်။ ပြည်ပစီးပွားရေးလုပ်ငန်းများ၊ မြန်မာနိုင်ငံ ပြည်တွင်းစီးပွားရေးလုပ်ငန်းရှင်များနှင့်ပူးပေါင်းလျက် ဝင်ရောက်လုပ်ကိုင်လာနိုင်ခြင်းမှာလည်း မြန်မာနိုင်ငံ၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုဥပဒေကို ပြဋ္ဌာန်းနိုင်ခဲ့ခြင်း၏ အကျိုးဆက်ဖြစ်သည်။ *စာမျက်နှာ ၃ ကော်လံ ၁* ◆

မြန်မာ့ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်မှုတိုးတက် ပို့ကုန်သွင်းကုန် တိုးတက်ရေးအတွက် များစွာအထောက်အကူပြု

စာမျက်နှာ ၁၁

နိုင်ငံတကာ

အီကွေဒေါရိဂြိုဟ်တုနှင့် ရုရှားဒုံးပျံတို့ အာကာသ၌ တိုက်မိခဲ့

သတင်း စာမျက်နှာ ➢ ၄

ဆောင်းပါး

မဟာဗျူဟာလမ်းဆုံလမ်းခွမှ သယံဇာတ ရွှေမြေ

သတင်း စာမျက်နှာ ➢ ၆

SUN FAR Travels & Tours Co., Ltd. ၏
Sakura Branch ရုံးခန်းအား လပြည့်ဝန်းပလာဇာ သို့ 01 June 2013 မှစ၍ ပြောင်းရွှေ့ဖွင့်လှစ်သွားပါမည်။

Sun Far (Sakura Branch) ပြောင်းရွှေ့လိပ်စာသစ်
Unit #03-05A, 3rd Floor, La Pyayt Wun Plaza,
No.37, Alanpya Pagoda Road, Dagon Township,Yangon.

ဖုန်းနံပါတ်များ ပြောင်းလဲခြင်းမရှိပါ။
255 338
255 883

မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

မြန်မာအင်ဂျင်နီယာများ၏ စွမ်းအား

ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရေးတွင် အင်ဂျင်နီယာများ၏ အခန်းကဏ္ဍနှင့် နည်းပညာဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးကြီးသောအခန်းကဏ္ဍမှ ပါဝင်လျက်ရှိသည်။ ခေတ်မီနည်းပညာများ၊ စက်မှုလက်မှုလုပ်ငန်းများနှင့် အင်ဂျင်နီယာများ၏ စွမ်းအားဖြင့် နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ဖြည့်ဆည်းပေးလျက်ရှိသည်။

ယနေ့အသုံးပြုနေကြသော လမ်းတံတား၊ ဆည်မြောင်းတာတမံများ၊ ကျောင်း၊ ဆေးရုံ၊ ဆက်သွယ်ရေးလိုင်းများ စသည်တို့သည် မြန်မာအင်ဂျင်နီယာတို့ စွမ်းပကားဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ထားမှုကြောင့် ပြည်သူတို့အသုံးပြု နိုင်ခြင်းဖြစ်သည်။ မြန်မာအင်ဂျင်နီယာ ပညာရှင်များ၏ အတတ်ပညာစွမ်းပကားသည် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် မရှိမဖြစ်သော အတတ်ပညာဖြစ်သည်။

မကြာမီကဖွင့်လှစ်ခဲ့သော ဧရာဝတီတံတား(မလွန်)သည် မြန်မာအင်ဂျင်နီယာတို့၏ နေ့ရောညပါ ကြိုးပမ်းအားထုတ်မှုကြောင့် ကမ္ဘာ့အဆင့်မီ တံတားကြီးအဖြစ် ဖွင့်လှစ်နိုင်ခဲ့ပေသည်။ အင်ဂျင်နီယာတို့၏ ကြိုးစားအားထုတ်မှုသည် ပြည်သူများသာ လက်ငင်းအကျိုးခံစားကြသည်သာမက နောင် သားစဉ်မြေးဆက် ဆက်လက်အသုံးပြုသွားနိုင်မည့် တံတားကြီးဖြစ်သည်။ ယင်းတံတားကြီးသည် ရထားနှင့်ကား နှစ်မျိုးလုံး အသုံးပြုနိုင်သည့်အတွက် လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့ခြင်းဖြင့် ဒေသခံပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေးများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

မြန်မာအင်ဂျင်နီယာများသည် နိုင်ငံတော်၏ တည်ဆောက်ရေးလုပ်ငန်းများတွင် နိုင်ငံတော်အစိုးရနှင့်အတူ လက်တွဲပြီး တတ်စွမ်းသည့် အင်ဂျင်နီယာပညာများကို အသုံးချကာ ပြည်သူလူထုအတွက် အလုပ်အကျွေးပြုလျက်ရှိသည်။ ယနေ့နိုင်ငံတစ်ဝန်းတွေ့ရှိရသည့် ခေတ်မီအဆောက်အအုံကြီးများသည် အင်ဂျင်နီယာပညာ၊ ဗိသုကာနည်းပညာတို့တွင် နိုင်ငံတကာနှင့် ရင်ပေါင်တန်းနိုင်သည့် အဆောက်အအုံကြီးများ ဖြစ်သည်။

နိုင်ငံတော်၏ လူမှုစီးပွားရေးမြင့်မားရန် ကိုယ့်ခွန်ကိုယ့်အားကိုအားပြုပြီး တည်ဆောက်နိုင်ခြင်းသည် ရေရှည်အကျိုးခံစားကြရမည်ဖြစ်သည်။ ပြည့်အင်အားသည် ပြည်တွင်းမှာသာရှိသည်ဆိုသည့် ယုံကြည်ချက်နှင့် ပြည်တွင်း၌ရှိသည့် အသိပညာနှင့် အတတ်ပညာရှင်များ စုစည်းပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို တစ်ဖက်တစ်လမ်းမှ ပါဝင်ဖြည့်ပေးမှုတွင် မြန်မာအင်ဂျင်နီယာအသင်းသည်လည်း တစ်ခုအပါအဝင် ဖြစ်သည်။

စိုက်ပျိုးရေးကို အခြေခံသောနိုင်ငံဖြစ်သဖြင့် စိုက်ပျိုးရေးကိုအခြေခံပြီး အခြားကဏ္ဍများကို ဘက်စုံဖွံ့ဖြိုးတိုးတက်ရန် ဦးတည်ဆောင်ရွက်လျက်ရှိရာတွင် ပြည်သူများ၏ လူနေမှုအဆင့်အတန်းမြင့်မားရန်နှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ဖြစ်ရေးတွင် မြန်မာအင်ဂျင်နီယာတို့၏ စွမ်းပကားသည် အလွန်အရေးကြီးပါကြောင်း။ ။

ပြည်တွင်းသတင်း

ဂျပန်မော်တော်ယာဉ်များ တင်သွင်းရေးဆွေးနွေး

နေပြည်တော် မေ ၂၄

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်သည် ဂျပန်နိုင်ငံ Autohub Co., Ltd. မှ ကိုယ်စားလှယ် Mr. Hirashima Toshio ဦးဆောင်သောအဖွဲ့နှင့် မေ ၂၃ ရက် နံနက် ၁၁ နာရီတွင် အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးက ယခု အခါ မြန်မာနိုင်ငံသို့ မော်တော်ယာဉ်များ တင်သွင်းခွင့်ပြုထားပါကြောင်း၊ ဂျပန်နိုင်ငံအပါအဝင် ပြည်ပနိုင်ငံများမှ မော်တော်ယာဉ်များ တင်သွင်းရာတွင် သင်္ဘောမတင်မီ အရည်အသွေး စစ်ဆေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထိခိုက်ပျက်စီး၊ ရေကြီးနစ်မြုပ်ခဲ့သည့် မော်တော်ယာဉ်များ မဖြစ်စေရန်နှင့် ပြည်သူများအနေဖြင့် ပေးရသော ငွေကြေးနှင့် ထိုက်တန်သည့် အဆင့်မီ မော်တော်ကားများကို အသုံးပြုခွင့်ရရှိစေလိုကြောင်း၊ ကုန်ပစ္စည်း စစ်ဆေးသည့်လုပ်ငန်းသည် အရေးပါကြောင်း ပြောကြားသည်။

ပြောကြား

ထို့နောက် Mr. Hirashima Toshio က မိမိတို့ကုမ္ပဏီသည် မော်တော်ယာဉ်များ ပြည်ပနိုင်ငံများသို့ မတင်ပို့မီ စစ်ဆေးခြင်း၊ သင်္ဘောတင်ပို့ပေးခြင်း၊ Door to Door စနစ်ဖြင့် ဝန်ဆောင်မှုပေးခြင်းများကို နှစ်ပေါင်းများစွာ ဆောင်ရွက်ခဲ့သည့် အတွေ့အကြုံများရှိပါသဖြင့် ဝန်ကြီးဌာနနှင့် ကူညီပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စများ လွယ်ကူမြန်ဆန်စွာ ဆောင်ရွက်ပေးနိုင်ပါကြောင်း ပြောကြားသည်။

(သတင်းစဉ်)

ထင်သာမြင်သာ ပြုပြင်စရာ

အမြန်ရေယာဉ်များတွင် အသက်ကယ်အင်္ကျီ၊ ဘောကွင်းများ၊ ဖောင်များပါရှိစေချင်

ချင်းတွင်းမြစ်တစ်လျှောက်တွင် မုံရွာ- ဟုမ္မလင်း၊ ကလေးဝ-ဖောင်းပြင်လိုင်းများတွင် အမြန်ရေယာဉ်များ ပြေးဆွဲလျက်ရှိပါသည်။ ယခုအခါတွင် မိုးများရွာသွန်းမှုကြောင့် ချင်းတွင်းမြစ်ရေများ တက်နေပြီး ရေကြီးချိန်ဖြစ်သည့် မိုးရာသီရောက်ရှိတော့မည်ဖြစ်သည်။

ယခုလို အချိန်အခါမျိုးတွင် အမြန်ရေယာဉ်များသည် ခံနိုင်ဝန်ထက်ကျော်၍ ခရီးသည်များ၊ ကုန်ပစ္စည်းများကိုတင်၍ ပြေးဆွဲနေကြသည်။ လိုက်ပါလာသော ခရီးသည်များ၏အသက်သည် ထိုအမြန်ယာဉ်မောင်းသူ၏ လက်ထဲတွင်သာရှိသည်။ ထို့အပြင် အန္တရာယ်တစ်စုံတစ်ခုဖြစ်ပေါ်ခဲ့လျှင် အသုံးပြုရမည့် အသက်ကယ်အင်္ကျီ မဆိုထားနှင့် ရေပုံးပင်မပါရှိဘဲ အမြန်ယာဉ်များသည် ညပိုင်းအချိန်အခါမဲ့ချိန်များတွင်လည်း မောင်းနှင်လျက်ရှိရာ ခရီးသွားပြည်သူများ၏ အသက်အန္တရာယ်ကို ကာကွယ်သောအားဖြင့် လုံခြုံရေးအစီအစဉ်များ ပါရှိစေလိုကြောင်း တင်ပြလိုက်ရပါသည်။

မော်လိုက်သားလေး

အားကစားဝန်ကြီးဌာနသို့ ပြေးခုန်ပစ်အားကစားနည်း အထောက်အကူပြုပစ္စည်းများ လှူဒါန်း

ရန်ကုန် မေ ၂၄

အားကစားဝန်ကြီးဌာနသို့ ရွှေ FM Radio Station မှ ရေကူးအားကစားနည်းနှင့် ပြေးခုန်ပစ်အားကစားနည်း အထောက်အကူပြုပစ္စည်းများလှူဒါန်းခြင်း အခမ်းအနားကို မေ ၂၃ ရက် မွန်းတည့် ၁၂ နာရီတွင် ရန်ကုန်မြို့ ကျိုက္ကဆံကွင်းရှိ အားကစားနှင့်ကာယပညာ သိပ္ပံ(ရန်ကုန်)၌ ကျင်းပသည်။

အခမ်းအနားတွင် ရွှေ FM Radio Station မှ ဦးအန်ဒီအောင် (DGM-Skynet)နှင့် ဒေါ်စန်းစန်းယဉ် (Executive Producer)တို့က ငွေကျပ် ၆၂ သိန်းတန်ဖိုးရှိ ရေကူးနှင့် ပြေးခုန်ပစ်အားကစားနည်း အထောက်အကူပြုပစ္စည်းများ ပေးအပ်လှူဒါန်းရာ အားကစားနှင့် ကာယပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအုန်းမြင့်ဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ – ဂျပန်စီးပွားရေးဆိုင်ရာ ဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၂၄

ဂျပန်နိုင်ငံမှ စီးပွားရေးလုပ်ငန်းရှင် ၁၅၀ ပါဝင်သော အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ ရက်မှ ၂၆ ရက်အထိ မြန်မာနိုင်ငံသို့ လာရောက်ကြမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနှင့် ဂျပန်နှစ်နိုင်ငံ အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတိုးမြှင့်ဆောင်ရွက်နိုင်ရေးနှင့် စီးပွားရေးလုပ်ငန်းရှင် အချင်းချင်း စီးပွားရေးလုပ်ငန်းများအလိုက် အကျိုးတူ ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် Myanmar -Japan Business Forum ကို ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

ကျင်းပမည်

အထက်ပါ စီးပွားရေးဆိုင်ရာဆွေးနွေးပွဲကို မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ မေ ၂၅ ရက် မွန်းလွဲ ၂ နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း သိရှိရသည်။

မြတ်စန္ဒီသင်းဇော်

သစ်ပင်စိုက်လျှင် တို့ဝန်းကျင်
စိမ်းစိုလှပ ကြည်နူးရ

ပြည်တွင်းသတင်း

အမေရိကန်ပြည်ထောင်စု အနောက်ပင်လယ်ကမ်းရိုးတန်းဒေသရှိ Centres of Excellence များသို့လေ့လာရေးခရီးသွားရောက်

နေပြည်တော် မေ ၂၄

သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၂ ရက်မှ ၂၂ ရက်အထိ အမေရိကန်ပြည်ထောင်စု အနောက်ပင်လယ်ကမ်းရိုးတန်းဒေသရှိ Centres of Excellence များသို့ လေ့လာရေးခရီး သွားရောက်ခဲ့ကြသည်။ (ဓာတ်ပုံ)

ပြည်ထောင်စုဝန်ကြီးနှင့် အဖွဲ့သည် အမေရိကန်ပြည်ထောင်စု အနောက်ပင်လယ် ကမ်းရိုးတန်းဒေသရှိ University of California Irvine(UCI)၊ University of California Los Angeles(UCLA)၊ Stanford University နှင့် University of California Berkalay (UCB) စသည့် Centres of Excellence များနှင့် Orange County Business Council နှင့် Facebook Centre တို့သို့ သွားရောက်ကြည့်ရှုလေ့လာပြီး အဆိုပါ တက္ကသိုလ်များမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အောက်ရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံနှင့် သုတေသနဌာနများ၏ နည်းပညာများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အမေရိကန်ပြည်ထောင်စု အနောက်ပင်လယ်ကမ်းရိုးတန်းဒေသရှိ Centres of Excellence များတွင် နည်းပညာရပ်အသီးသီးအလိုက် သင်ကြားမှုနည်းစနစ်များ၊ ဆောင်ရွက်လျက်ရှိသည့် သုတေသနလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် နည်းပညာကဏ္ဍများနှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

ထိုသို့ တွေ့ဆုံဆွေးနွေးမှုများတွင် ပြည်ထောင်စုဝန်ကြီးက လက်ရှိ ရန်ကုန်နည်းပညာတက္ကသိုလ်၊ မန္တလေးနည်းပညာတက္ကသိုလ်၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်နှင့် မန္တလေးကွန်ပျူတာတက္ကသိုလ်တို့အား Centres of Excellence များ ဖြစ်လာစေရန် ရည်ရွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ တက္ကသိုလ်များအား နိုင်ငံတကာအဆင့်မီတက္ကသိုလ်များ ဖြစ်လာစေရန် ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် ဖွံ့ဖြိုးတိုးတက်ပြီး တက္ကသိုလ်များ၏ သင်ကြားမှုနည်းစနစ်များ၊ သုတေသနလုပ်ငန်းများနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကဏ္ဍများအတွက် ဆွေးနွေးမှုများ ပြုလုပ်ရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားခဲ့ပြီး တက္ကသိုလ်များ အဆင့်မြင့်တင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နိုင်ရေး ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

ထို့အပြင် မကြာမီလများက အမေရိကန်နှင့် ဥရောပနိုင်ငံများက မြန်မာနိုင်ငံအပေါ် ချမှတ်ထားသည့် စီးပွားရေးပိတ်ဆို့မှုများ ရုပ်သိမ်းပေးနိုင်ခဲ့ခြင်းကြောင့်လည်း ယခုအခါ ပြည်ပကုမ္ပဏီကြီးများက မြန်မာနိုင်ငံတွင် လာရောက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်ရန် တာစူနေကြပြီဖြစ်သည်။ ပွင့်လင်းမြင်သာရှိမှုနှင့် စီးပွားရေးတံခါးများ ပွင့်လန်းလာသည်နှင့်အမျှ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာနိုင်ကြောင်း ပညာရှင်တို့က ခန့်မှန်းပြောကြားလျက်ရှိကြသည်။

မြန်မာနိုင်ငံ၌ စီးပွားရေးလုပ်ငန်းများတွင် နိုင်ငံပိုင်၊ သမဝါယမပိုင်နှင့် ပုဂ္ဂလိကပိုင်ဟူ၍ ရှိရာတွင် ယခုအခါ ပုဂ္ဂလိကပိုင်လုပ်ငန်းများကို ဦးစားပေး ဖော်ဆောင် လုပ်ကိုင်လျက်ရှိသည်။ ပုဂ္ဂလိကပိုင်ကဏ္ဍတွင် အထူးသဖြင့် နိုင်ငံသားပိုင်ကုမ္ပဏီများက ဝင်ရောက်လုပ်ကိုင်လာသည်ကို တွေ့ရသည်။ မကြာမီနှစ်များအတွင်း ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ တိုးတက်လာသည်နှင့်အမျှ နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုသည်လည်း အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါသည်။

ယခုဖွင့်လှစ်လိုက်သည့် Y&R Yangon သည် အမေရိကန် အခြေစိုက် Y&R နိုင်ငံတကာ ကြော်ငြာကွန်ရက်နှင့် ပြည်တွင်း မိတ်ဖက်ကုမ္ပဏီ K-Noke Adverting တို့ အကျိုးတူ ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်သည်။ **(မြန်မာ့အလင်း)**

▲ *ကျောဖုံးမှ*

လေးခုရှိရာ အခုကားလမ်းမှာ မြန်မာ-အိန္ဒိယနယ်စပ် မိုးရေး-တမူးမှ မြန်မာ-ထိုင်းနယ်စပ် တာချီလိတ်မြို့အထိ လမ်းပိုင်းဖြစ်သည်။ မိုးရေးမြို့မှ တာချီလိတ်မြို့အထိ စုစုပေါင်းအရှည်မိုင် ၈၈၀ ရှိပြီး လမ်းအချို့ အစိတ်အပိုင်းများမှာ အာဆီယံလမ်းပိုင်းနှင့် အာရှလမ်းအစိတ်အပိုင်းများနှင့်လည်း တစ်ထပ်တည်း ကျလျက်ရှိသည်ကို တွေ့ရသည်။

မိုးရေး-တမူးမှ ဂန့်ဂေါ-ထီးလင်း အထိလမ်းပိုင်းမှာ မော်တော်ယာဉ်များ ဖြတ်သန်းမောင်းနှင်သွားလာ၍ ရရှိနေပြီဖြစ်ရာ ကုန်သွယ်မှုနှင့် ဆက်သွယ်သွားလာနိုင်မှုများ ပြုလုပ်နေပြီဖြစ်သည်။ ထို့အတူ ထီးလင်းမှ မန္တလေးအထိ လမ်းပိုင်းမှာလည်း မော်တော်ယာဉ်များ ဖြတ်သန်းသွားလာ မောင်းနှင်နိုင်ပြီဖြစ်သလို မန္တလေး- မိတ္ထီလာ လမ်းပိုင်း၊ မိတ္ထီလာ - တောင်ကြီး လမ်းပိုင်း၊ တောင်ကြီး - ကျိုင်းတုံ လမ်းပိုင်း၊ ကျိုင်းတုံ - တာချီလိတ် လမ်းပိုင်းများမှာလည်း လမ်းအဆင့်မြှင့်တင်မှုများ ပြုလုပ်ထားပြီးဖြစ်ရာ ကုန်စည်စီးဆင်းမှုနှင့် ခရီးသွားလာရေးတို့အတွက် အကျိုးပြုနေပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ဒုတိယဘင်းစတက်လမ်းမှာ မြန်မာ-ထိုင်းနယ်စပ် မြဝတီမြို့မှ ပဲခူးမြို့၊ ရန်ကုန်မြို့အထိ ဆက်သွယ်ထားသော လမ်းဖြစ်သည်။ ယင်းလမ်းသည် စုစုပေါင်းအရှည်မိုင် ၂၇၀ ရှိပြီး အဆင့်မြှင့်မှုလုပ်ငန်းများလည်း ပြီးစီးနေပြီဖြစ်ရာ ကုန်တင်ယာဉ်များ၊ ခရီးသည်တင်ယာဉ်များ၊ ခရီးသည်တင် အထူးဘတ်စ်ကားကြီးများနှင့် မော်တော်ယာဉ်မျိုးစုံ ဖြတ်သန်းမောင်းနှင် အသုံးပြုနေကြပြီဖြစ်သည်။ ယင်းလမ်းသည် အာဆီယံလမ်း AH-1 လမ်းပိုင်းနှင့်လည်း အချို့နေရာများ၌ တစ်ထပ်တည်းကျလျက်ရှိနေသည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအတွင်း ဘင်းစတက်လမ်းပိုင်း တတိယလမ်းမှာ မြန်မာနိုင်ငံ တောင်ပိုင်း နဘူးလယ်-ရေပုပ်-ဆင်ဖြူတိုင်မှ မြန်မာ-ထိုင်းနယ်စပ် ဖူနမ်ရွှမ်ရွာအထိ ဆက်စပ်ထားသော လမ်းဖြစ်သည်။ ယင်းလမ်းအရှည်စုစုပေါင်းမှာ ၉၉ မိုင်ရှိပြီး အချို့လမ်းအစိတ်အပိုင်းများမှာ အာဆီယံလမ်းမ AH-123 နှင့် ဆက်စပ်လျက်ရှိနေသည်။

မြန်မာနိုင်ငံအတွင်း စတုတ္ထဘင်းစတက်လမ်းပိုင်းမှာ ရခိုင်ပြည်နယ်ရှိ တောင်ပြို-ကျောက်တော်လမ်းပိုင်းဖြစ်သည်။ လမ်းအရှည် ၁၁၂ မိုင်ရှိပြီး မြန်မာ-ဘင်္ဂလားဒေ့ရှ်နယ်စပ် တောင်ပြိုမြို့အထိ လမ်းပိုင်းဖြစ်သည်။ ယင်းလမ်းပိုင်းမှတစ်ဆင့် မြန်မာနိုင်ငံကို ဖြတ်သန်းကာ အခြားဘင်းစတက်လမ်းများနှင့်ချိတ်ဆက်သွားလာနိုင်၍ ရသည့်လမ်းဖြစ်သည်။

ဘင်းစတက် လမ်းများကြောင့် မြန်မာနိုင်ငံသည် ဘင်္ဂလားပင်လယ်အော်ဒေသတွင်း နိုင်ငံများနှင့်လည်း ဆက်စပ်သွားလာကုန်သွယ်မှုများ ပြုလုပ်နိုင်မည်ဖြစ်ရာ အနာဂတ်ကာလ၌ မြန်မာနိုင်ငံ၏ ဖွံ့ဖြိုးစည်ပင်မှု ပုံရိပ်များကို မြင်တွေ့ရတော့မည်ဖြစ်သည်။ **(မြန်မာ့အလင်း)**

အာရှဖလားခြေစစ်ပွဲ မြန်မာအမျိုးသမီးအသင်း နှစ်ပွဲဆက်တိုက်အနိုင်ရထား

ရန်ကုန် မေ ၂၄

၂၀၁၄ အာရှဖလား အမျိုးသမီးဘောလုံးပြိုင်ပွဲ ခြေစစ်ပွဲအုပ်စု(ဃ) ပွဲစဉ်များကို ပါလက်စတိုင်းတွင် ကျင်းပလျက်ရှိရာ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းက နှစ်ပွဲစလုံး အနိုင်ရရှိကာ ရမှတ်ခြောက်မှတ်ရရှိထားသည်။

မြန်မာအမျိုးသမီးအသင်းသည် မေ ၂၁ ရက်က ယှဉ်ပြိုင်ကစားခဲ့သော အိန္ဒိယအသင်းနှင့်ပွဲတွင် နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီး မေ ၂၃ ရက်က ယှဉ်ပြိုင်ကစားခဲ့သော အိမ်ရှင် ပါလက်စတိုင်းအသင်းနှင့် ပွဲတွင် ကိုးဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။ တရုတ်(တိုင်ပေ) အသင်းမှာလည်း ပါလက်စတိုင်းကို ခြောက်ဂိုး-ဂိုးမရှိ၊ အိန္ဒိယအသင်းကို နှစ်ဂိုး-တစ်ဂိုးတို့ဖြင့် နိုင်ကာ နှစ်ပွဲနိုင်၊ ခြောက်မှတ် ရရှိထားသည်။ ယင်းအတွက်ကြောင့် မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့ တွေ့ဆုံမည့် နောက်ဆုံးပွဲစဉ်မှာ ခြေစစ်ပွဲအောင်မြင်ရေး အဆုံးအဖြတ်ပွဲဖြစ်လာမည်ဖြစ်ပြီး သရေကျရုံဖြင့် ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ မြန်မာအသင်းနှင့် တရုတ်(တိုင်ပေ)အသင်းတို့၏ နောက်ဆုံးပွဲကို မေ ၂၅ ရက် မြန်မာစံတော်ချိန် ည ၁၁ နာရီခွဲတွင် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

ဖိုးသော်ဇင်

၂၀၁၄ အာရှဖလား ခြေစစ်ပွဲဝင် မြန်မာအမျိုးသမီး ဘောလုံးကစားသမားများ။

အင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်

နေပြည်တော် မေ ၂၄

ယနေ့မွန်းလွဲ ၁၂ နာရီ ၁၄ မိနစ် ၄၉ စက္ကန့်အချိန်တွင် ကမ္ဘာအေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် မိုင် ၄၀၀၀ ခန့် ကွာဝေးသော မြန်မာနိုင်ငံ ပြည်ပ (Sea of Okhotsk, Russia Region)ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး ၈ ဒသမ ၁ အဆင့်ရှိ အင်အားအလွန်ပြင်းထန်သော မြေငလျင်တစ်ခု လှုပ်သွားသည်ဟု တိုင်းထွာရရှိကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်ထားသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

ယနေ့ သတင်းစာ စာမျက်နှာ (၁) ဂျပန်နိုင်ငံဝန်ကြီးချုပ် မစ္စတာရှင်ဇိုအာဘေး၏ ကိုယ်ရေးအချက်အလက်တွင်ပါရှိသော Seikei တက္ကသိုလ် ဥပဒေရေးရာဌာနမှ နိုင်ငံရေးသိပ္ပံဖြင့် ဘွဲ့ရရှိခဲ့သည့် ခုနှစ်အား ၁၉၉၇ ခုနှစ် (အစား) ၁၉၇၇ ခုနှစ်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(မြန်မာ့အလင်း)

အမြို့မြို့ အနယ်နယ် ပျံ့သည့်သတင်းစာ မြန်မာ့အလင်းတွင် ကြော်ငြာပါ။

မြန်မာ့ရိုးရာ စကားထာများ ကြည့်ဦး

[illegible]

အနာဂတ်အခွင့်အလမ်းများအတွက်

chance

မကြာမီ ပရိသတ်လက်ထဲရောက်လာတော့မည်။

Tel: 09 450044405, 09 450044406
Email: chance.mm12@gmail.com

နိုင်ငံတကာသတင်း

ဆူဒန်မှ စစ်ပြေးဒုက္ခသည်ပြည်သူများ ငါးလအတွင်း သုံးသိန်းခန့် ရှိနေ

ဒါဖာ မေ ၂၄

ဆူဒန်နိုင်ငံအတွင်း ဒါဖာဒေသတွင် ပဋိပက္ခတိုက်ပွဲများ ဖြစ်ပွား၍ ပြည်သူပေါင်းများစွာ နေရပ်မှထွက်ပြေးကြရာ ယခုနှစ် ပထမငါးလတာအတွင်း သုံးသိန်းဝန်းကျင်ခန့်ရှိသွားပြီဟု ကုလသမဂ္ဂလူသားချင်းစာနာထောက်ထားရေး ထိပ်တန်းအရာရှိက ပြောကြားသည်။

ယခုဒုက္ခသည်အရေအတွက်သည် ပြီးခဲ့သည့်နှစ်နှစ်က နေရပ်စွန့်ခွာထွက်ပြေးသည့် အရေအတွက်ထက် ပိုများနေကြောင်း ဗယ်လာရီအေမို့စ်က ဆိုသည်။

ဆူဒန်အရေးသည် အလွန်စိုးရိမ်စရာကောင်းနေပြီဖြစ်ကြောင်းလည်း သူမက သတိပေးပြောကြားသည်။ နိုင်ငံတွင်း ဆယ်စုနှစ်ကြာ ပဋိပက္ခ၌ အိမ်ရာမဲ့ဖြစ်ရသူပြည်သူ ၁ ဒသမ ၄ သန်းခန့် ရှိနေကြောင်း၊ ၂၀၀၃ ခုနှစ်မှစတင်၍ သေဆုံးသူပေါင်း သုံးသိန်းဝန်းကျင်ရှိကြောင်း ကုလသမဂ္ဂထုတ်ပြန်ချက်အရ သိရသည်။ **(ဘီဘီစီ)**

အီကွေဒေါဂြိုဟ်တုနှင့်ရုရှားဒုံးပျံတို့ အာကာသ၌ တိုက်မိခဲ့

ကွီတို မေ ၂၄

ပြီးခဲ့သည့် ဧပြီလက အာကာသအတွင်း လွှတ်တင်ထားခဲ့သော အီကွေဒေါနိုင်ငံ၏ ပထမဆုံးဂြိုဟ်တု ပီဂါဆိုနှင့် ရုရှားဒုံးပျံတစ်စင်းတို့ တိုက်မိခဲ့ကြောင်း အီကွေဒေါအာကာသမြို့ပြအေဂျင်စီက မေ ၂၄ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါ ဂြိုဟ်တုနှင့် ဒုံးပျံတို့ တိုက်မိခြင်းမှာ မှန်ကန်ကြောင်း၊ သို့သော်လည်း တည့်တည့်မတ်မတ် တိုက်မိခြင်းမဟုတ်ကြောင်း အမေရိကန်အာကာသ အေဂျင်စီကလည်း အတည်ပြုခဲ့သည်ဟု အီကွေဒေါအာကာသအေဂျင်စီမှ ဒါရိုက်တာ ရွန်နေနာဒါက ပြောကြားသည်။

ထိုသို့ ဂြိုဟ်တုနှင့် ဒုံးပျံတို့ မတော်တဆတိုက်မိခြင်းသည် မေ ၂၃ ရက် နံနက်ပိုင်းက ဖြစ်ကြောင်း၊ ၎င်းတို့မှာ ဘေးတိုက်အနေအထား ဖြင့် တိုက်မိခဲ့ခြင်းဖြစ်ကြောင်း၊ ပီဂါဆိုဂြိုဟ်တု၏ အခြေအနေကို မကြာမီ အတည်ပြုပေးနိုင်မည်ဖြစ်ကြောင်း ဒါရိုက်တာနာဒါက ရေးသားသော အစီရင်ခံစာ၌ ဖော်ပြထားသည်။

ပီဂါဆိုဂြိုဟ်တုမှာ ထိခိုက်ပျက်စီးမှုများရှိနိုင်ကြောင်း၊ သို့သော် ဂြိုဟ်တုလုပ်ငန်းစဉ်များကိုမူ ဆက်လက်ဆောင်ရွက်နိုင်မည်ဟု မျှော်လင့်ရကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ပီဂါဆို ဂြိုဟ်တုသည် သေးငယ်သော ဂြိုဟ်တုဖြစ်ပြီး အီကွေဒေါနိုင်ငံက ပြည်ပအကူအညီ မပါဘဲ တည်ဆောက်ထားခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

တောင်ကိုရီးယား၊ ဂျပန်နှင့် အမေရိကန်နိုင်ငံတို့မှ စစ်ဘက်အကြီးအကဲများ တွေ့ဆုံဆွေးနွေးမည်

ဆိုးလ် မေ ၂၄

တောင်ကိုရီးယားနိုင်ငံ၊ ဂျပန်နိုင်ငံနှင့်အမေရိကန်နိုင်ငံတို့မှ စစ်ဘက်အကြီးအကဲများသည် လေးနှစ်ကြာကာလအတွင်း ပထမဆုံးအကြိမ် သုံးနိုင်ငံ တွေ့ဆုံဆွေးနွေးပွဲအား ယခုလကုန်တွင် ကျင်းပသွားမည်ဖြစ်ပြီး မြောက်ကိုရီးယားအရေးကို အဓိကထား ဆွေးနွေးသွားမည်ဖြစ်ကြောင်း ဂျပန်တူဒေးသတင်းစာ၌ ဖော်ပြထားသည်။

သုံးနိုင်ငံစစ်ဘက်ထိပ်သီးခေါင်းဆောင်များသည် စင်ကာပူနိုင်ငံ၌ မေ ၃၁ ရက်မှ ဇွန် ၂ ရက်ထိ ကျင်းပမည့် အာရှလုံခြုံရေးထိပ်သီးအစည်းအဝေးနှစ်ပတ်လည်ပွဲပြင်ပတွင် တွေ့ဆုံရန် စီစဉ်ထားကြောင်း တောင်ကိုရီးယားကာကွယ်ရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

တောင်ကိုရီးယားနှင့် ဂျပန်တို့အကြား ကာလရှည်ကြာ ပိုင်နက်အငြင်းပွားမှုကြောင့် ဝန်ကြီးများအဆင့် တွေ့ဆုံပွဲကို ၂၀၀၉ ခုနှစ်ကတည်းက ဖျက်သိမ်းခဲ့ရပြီးနောက် ယခုတွေ့ဆုံပွဲသည် ပထမဆုံး သုံးနိုင်ငံဝန်ကြီးများအဆင့် တွေ့ဆုံပွဲဖြစ်သည်။

ပြီးခဲ့သည့် ဖေဖော်ဝါရီလအတွင်းက မြောက်ကိုရီးယား၏ နျူကလီးယားစမ်းသပ်မှုကြောင့် အမေရိကန်နှင့် တောင်ကိုရီးယားတို့အပေါ် ခြိမ်းခြောက်မှုဖြစ်စေခဲ့သည်။ ကုလသမဂ္ဂမှ မြောက်ကိုရီးယားအပေါ် အရေးယူမှုပြုလုပ်နေသည့် အချိန်နှင့် ကိုရီးယားကျွန်းဆွယ်အငြင်းပွားမှုကြောင့် စစ်ရေးတင်းမာမှုများကလည်း မြင့်တက်နေဆဲကာလ၌ ယခုဆွေးနွေးပွဲ ပြုလုပ်ရန် စီစဉ်ခြင်းဖြစ်သည်။ **(ဂျပန်တူဒေး)**

အီရန်ပထမဆုံးနျူကလီးယားစက်ရုံ ဖွင့်လှစ်မည်

မော်စကို မေ ၂၄

အီရန်နိုင်ငံ၏ ပထမဆုံး နျူကလီးယားစက်ရုံဘူရှာ၏ လည်ပတ်မှုလုပ်ငန်းများကို အချိန်တိုအတွင်းစတင်မည်ဖြစ်ကြောင်း ရုရှားနျူကလီးယားအေဂျင်စီက မေ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။

ဘူရှာနျူကလီးယား ဓာတ်အားပေးစက်ရုံ စတင်လည်ပတ်မှုအချိန်အတိအကျကို မိမိတို့မထုတ်ပြန်ခြင်းမှာ ယင်းစက်ရုံလုံခြုံရေးအတွက်ဖြစ်ကြောင်း၊ ယခုအခါပြည်သူများအတွက် နောက်ဆုံးဆုံးဖြတ်ချက်ချမှတ်မည်ဖြစ်ကြောင်း ရုရှားနျူကလီးယားအေဂျင်စီအကြီးအကဲ ဆာဂျီကီရန်ကိုက ပြောကြားသည်။

ဘူရှာနျူကလီးယားစက်ရုံသည် အီရန်နိုင်ငံ၏ပထမဆုံး နျူကလီးယားဓာတ်အားပေးစက်ရုံဖြစ်၍ အီရန်နိုင်ငံအတွက် အရေးကြီးသည်ကို မိမိတို့ နားလည်သိရှိကြောင်း၊ လာမည့် နွေရာသီမတိုင်မီ ဖွင့်လှစ်လည်ပတ်နိုင်မည်ဖြစ်ကြောင်း ၎င်းက ထပ်မံပြောကြားသည်။

ဘူရှာနျူကလီးယားဓာတ်အားပေးစက်ရုံကို ဂျာမန်ကုမ္ပဏီတစ်ခုက ၁၉၇၄ ခုနှစ်တွင် စတင်ဆောက်လုပ်ခဲ့သော်လည်း ၁၉၇၉ ခုနှစ် အီရန်တော်လှန်ရေးအပြီးတွင် အီရန်နိုင်ငံသို့အဆင့်မြင့်နည်းပညာနှင့် ပစ္စည်းများပံ့ပိုးမှုကို အမေရိကန်တို့က ပိတ်ပင်ခဲ့ပြီးနောက် ယင်းစက်ရုံတည်ဆောက်မှုတစ်ဝက်တစ်ပျက်ဖြင့် ရပ်ဆိုင်းခဲ့သည်။ ထို့နောက် ရုရှားအကူအညီဖြင့် ဘူရှာနျူကလီးယားဓာတ်အားပေးစက်ရုံကို ဆက်လက်တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ **(ဆင်ဟွာ)**

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်တွင် တံတားတစ်စင်း ကျိုးကျမှုဖြစ်ပွား

ဝါရှင်တန် မေ ၂၄

အမေရိကန်နိုင်ငံ ဝါရှင်တန်ပြည်နယ်အတွင်း ဆာကာဂစ်မြစ်ပေါ်ရှိ တံတားတစ်စင်း မေ ၂၃ ရက်က ကျိုးကျခဲ့ကြောင်း ဝါရှင်တန်ပြည်နယ်ရဲတပ်ဖွဲ့က ပြောကြားသည်။ **(ယာဟူ)**

မခန့်မှန်းနိုင်

အဆိုပါတံတားကျိုးကျမှုတွင် လူနှင့်ကားများ မြစ်ရေထဲထိုးကျသွားခဲ့သည်။ ယင်းတံတား ကျိုးကျမှုကြောင့် ထိခိုက်သေဆုံးမှုနှင့် ပျက်စီးမှုပမာဏကို မခန့်မှန်းနိုင်သေးကြောင်း ရဲတပ်ဖွဲ့ဝင်တစ်ဦးဖြစ်သည့် မတ်ဖရန့်စစ်က ဆိုသည်။

ယခုတံတားကျိုးကျမှုသည် ဆီယက်တဲလ်မှမြောက်ဘက်မိုင် ၆၀ ခန့်အကွာတွင် ဖြစ်ပွားခြင်းဖြစ်ကြောင်း၊ တံတားကျိုးကျရသည့် အကြောင်းအရင်းကို ချက်ချင်းမသိရသေးကြောင်း သတင်းတွင် ဖော်ပြသည်။

ဝါရှင်တန်ပို့ဆောင်ရေးဌာနက ယင်းဖြစ်ရပ်ကိုစုံစမ်းစစ်ဆေးလျက်ရှိသည်။ **(စီအင်န်အင်န်)**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
အားကစားဝန်ကြီးဌာန
အားကစားနှင့် ကာယပညာဦးစီးဌာန၊ နေပြည်တော်
ပစ္စည်းများဝယ်ယူရန် တင်ဒါခေါ်ယူခြင်း

၁။ အားကစားနှင့်ကာယပညာဦးစီးဌာနတွင် အသုံးပြုရန် အောက်ဖော်ပြပါပစ္စည်းများ ဝယ်ယူရန် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ခေါ်ယူအပ်ပါသည်-

(က) အဝတ်လျှော်စက်
(ခ) Deep Freezer
(ဂ) လူနာစမ်းသပ်ရန်ခုတင်
(ဃ) ရွှေ့ပြောင်းနိုင်သော လိုက်ကာ
(င) ပစ္စည်းများ သယ်ယူရန်တွန်းလှည်း
(စ) ရုံးသုံးစက်ပစ္စည်းများ (ကွန်ပျူတာ၊ ဖက်စ်၊ ပရင်တာ၊ မိတ္တူကူးစက်)
(ဆ) ရေအေးပေးစက်

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက်နှင့်အချိန် - ၃-၆-၂၀၁၃ရက်၊ မွန်းတည့် ၁၂ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်ထုတ်ယူနိုင်ပါသည်။

အားကစားနှင့်ကာယပညာဦးစီးဌာန
ရုံးအမှတ်(၃၁)၊နေပြည်တော်၊
ဖုန်း-၀၆၇၂၁၈၊ ၄၀၆၀၂၉

ရန်ကုန်မြို့တော် စွန့်ပစ်အမှိုက်များ စနစ်တကျသိမ်းဆည်းပေးလျက်ရှိ

ရန်ကုန်   မေ   ၂၄

ဝင်းဝင်းမော် နန္ဒာဝင်း

ဘဝရပ်တည်မှုအတွက် အလုပ်အကိုင်အခွင့်အလမ်းတို့ကြောင့် ရန်ကုန်မြို့သို့ ရွှေ့ပြောင်းနေထိုင်သူများနှင့် မြို့နေပြည်သူများ အသုံးမလိုသဖြင့် နေ့စဉ်စွန့်ပစ်နေကြသည့် အမှိုက်များနှင့်ပတ်သက်ပြီး မည်သို့ဆောင်ရွက်နေသည်ကို သိရှိနိုင်ရန် မြန်မာ့သတင်းစဉ်မှ သတင်းအဖွဲ့သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနမှဌာနခွဲမှူး ဦးသန်းလွင်ဦးအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။

မေး ။ လက်ရှိရန်ကုန်မြို့အတွင်း ဆောင်ရွက်နေတဲ့ အမှိုက်သိမ်းစနစ်အကြောင်းကို သိပါရစေ။

ဖြေ ။ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီအနေနဲ့ ရန်ကုန်တစ်မြို့လုံးက ထွက်ရှိတဲ့အသုံးမလိုတဲ့ အမှိုက်မှန်သမျှကိုအမှိုက်ကန်စနစ်၊ ခေါင်းလောင်းတီးစနစ်၊ လှည်းသိမ်းစနစ်တွေနဲ့ သိမ်းဆည်းသယ်ဆောင် စွန့်ပစ်ခြင်းကို ဆောင်ရွက်ပါတယ်။ နေ့စဉ်ပျမ်းမျှ တန်ချိန် ၁၅၀၀ ကျော်ရှိပါတယ်။ အမှိုက်သိမ်းခြင်းကို ဝန်ထမ်း ၄၀၀၀ ကျော်နဲ့ နေ့ညဆောင်ရွက်နေပါတယ်။ အမှိုက်သိမ်းစနစ်ကို သတ်မှတ်ထားတဲ့ အမှိုက်သိမ်းစနစ် နှစ်မျိုးနဲ့ သိမ်းဆည်းပါတယ်။ နေ့စဉ်ရပ်ကွက်၊ နေအိမ်၊ လမ်းတွေမှာ အမှိုက်ပစ်နိုင်အောင်၊ ပတ်ဝန်းကျင်အနှောင့်အယှက်မဖြစ်စေရအောင် အမှိုက်ကန်ထားရှိပြီး နံနက် ၆ နာရီကနေ ၁၁ နာရီ တစ်ကြိမ်၊ ည ၆ နာရီကနေ ည ၁၀ နာရီအထိ တစ်ကြိမ်အတောအတွင်းမှာ စွန့်ပစ်ရမှာဖြစ်ပါတယ်။

သတ်မှတ်ချိန်ပြင်ပမှာ အမှိုက်စွန့်ပစ်ခြင်းဟာ စည်းကမ်းမဲ့အမှိုက် စွန့်ပစ်ခြင်း ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့ အမှိုက်ကန်မှာ စွန့်ပစ်ရမှာ ဖြစ်ပါတယ်။ သတ်မှတ်ထားတဲ့အမှိုက်ကို အမှိုက်စိုဆိုရင် အိတ်အပြာ၊ အမှိုက်ခြောက်ဆိုရင် အိတ်အစိမ်းဆိုပြီး ခွဲခြားသတ်မှတ်ထားတဲ့ အိတ်တွေနဲ့ စွန့်ပစ်စေချင်ပါတယ်။ ပြီးစလွယ် ပုံး၊ တောင်းတွေနဲ့ အမှိုက်များလာပစ်ခြင်းဟာလည်း စည်းကမ်းမဲ့စွန့်ပစ်ခြင်းထဲမှာပါပါတယ်။ အမှိုက်ကန်ဆောက်ဖို့ နေရာမရှိတဲ့နေရာတွေမှာ လူထုတွေ အမှိုက်ပစ်နိုင်စေဖို့ ခေါင်းလောင်းတီး အမှိုက်သိမ်းစနစ်နဲ့ ဆောင်ရွက်ပါတယ်။ အဲဒီလိုဆောင်ရွက်ရာမှာ ပြည်သူလူထုနဲ့ ထိတွေ့ညှိနှိုင်းပြီး အဆင်ပြေတဲ့ရက်၊ အချိန်၊ သတ်မှတ်ပြီး အမှိုက်သိမ်းယာဉ်တွေနဲ့ သိမ်းဆည်းပါတယ်။ ပြည်သူတွေကလည်း အမှိုက်ကန်ကို သွားပစ်ရမယ့်အစား ခေါင်းလောင်းတီးစနစ်နဲ့ အမှိုက်လာရောက် သိမ်းဆည်းတာကို ကြိုက်နှစ်သက်တာကို တွေ့ရပါတယ်။ တိုးချဲ့ဆောင်ရွက်ဖို့ အမှိုက်သိမ်းယာဉ်ကို ကန့်သတ်ချက်ရှိတာကြောင့် အဆင်ပြေအောင် ဆောင်ရွက်ရတာဖြစ်ပါတယ်။

ကားနဲ့သိမ်းဆည်းခြင်းအပြင် ခေါင်းလောင်းတီးစနစ်ကို လှည်းတပ်ပြီး သိမ်းဆည်းတာမျိုးလည်း ဖြစ်ပါတယ်။ ဒါ့အပြင်နေ့စဉ်လမ်းတွေပေါ်မှာ ဥဒဟိုသွားလာနေကြတဲ့ ပြည်သူလူထုက စွန့်ပစ်တဲ့ အမှိုက်တွေကိုလည်း လှည်းသိမ်းစနစ်နဲ့ လမ်းတွေပေါ်မှာ ဝန်ထမ်းတွေ ဆောင်ရွက်နေတာကိုတွေ့ရမှာပါ။ ဝန်ထမ်းတွေကို တစ်နေ့တာအတွင်း ဧရိယာသတ်မှတ်ပေးပြီး တစ်နေကုန်အမှိုက်ကို သိမ်းဆည်းဆောင်ရွက်နေပါတယ်။

နေ့စဉ် ထွက်ရှိနေတဲ့ အမှိုက်တန်ချိန် ၁၅၀၀ ကို အမှိုက်သိမ်းယာဉ်ပေါင်း ၃၀၀၊ ဝန်ထမ်းအင်အား ၄၀၀၀ ကျော် အသုံးပြုပြီး အမှိုက်သိမ်းစနစ် သုံးမျိုးနဲ့ သိမ်းဆည်းနေပါတယ်။ နံနက် ၆ နာရီကနေ ည ၆ နာရီ အထိ နေ့အင်အား ဝန်ထမ်း ၁၉၀၀၊ ညဆိုင်းတွင် ဝန်ထမ်းအင်အား ၁၆၀၀ အမှိုက်သိမ်းယာဉ်ကားတွေအတွက် နေ့/ည ဝန်ထမ်း ၆၀၀ သုံးပြီး နေ့ဆိုင်းညဆိုင်းနဲ့ ရန်ကုန်မြို့က အမှိုက်တွေကို သိမ်းဆည်းနေပါတယ်။

မေး ။ အမှိုက်သိမ်းမှုနဲ့ပတ်သက်၍ ဝန်ထမ်းအင်အားအခက်အခဲများ ရှိပါသလား။

ဖြေ ။ ရှိပါတယ်။ နိုင်ငံတော်က သတ်မှတ်ပေးထားတဲ့ လစာစကေးနှုန်းထားနဲ့ဆောင်ရွက်နေပါတယ်။ နေ့စားပုတ်ပြတ် ဝန်ထမ်းတွေဖြစ်ပြီး လစာ တစ်နေ့ ၂၇၀၀ နှုန်းနဲ့ သန့်ရှင်းရေးလုပ်ငန်းကို နေ့/ည ဆောင်ရွက်နေပါတယ်။ ဆောင်ရွက်မယ့် ဝန်ထမ်းတွေကို နယ်ဆင်းရှာဖွေပြီး၊ လိုင်းခန်းများထားရှိပြီး စီစဉ်ဆောင်ရွက်ထားရှိပါတယ်။ နေ့စဉ်ထွက်ရှိသမျှ အမှိုက်တွေကို နေ့ချင်းပြီး စနစ်တကျ ဆောင်ရွက်ရတဲ့အတွက် လူဦးရေ အချိုးကျနှင့်တွက်ကြည့်လျှင် လူ ၁၆၀၀က ပစ်တဲ့အမှိုက်တွေကို သန့်ရှင်းရေးဝန်ထမ်း တစ်ယောက်က သိမ်းဆည်းနေရသလိုဖြစ်နေပါတယ်။ ဒါကြောင့် အမှိုက်သိမ်းယာဉ်၊ အမှိုက်ကန်၊ အမှိုက်လှည်းတွေနဲ့ သတ်မှတ်ထားတဲ့အမှိုက်တွေကို စနစ်တကျပစ်ရမှာဖြစ်ပါတယ်။ စနစ်တကျ အမှိုက်စွန့်ပစ်နိုင်ဖို့အတွက် ၆၆၀ လီတာဆံ့ အမှိုက်ပုံးတွေ၊ ကားမှတ်တိုင်တွေမှာ တိုင်ထောင် အမှိုက်ပုံးတွေ၊ လမ်းသွားလမ်းလာတွေ၊ အမှိုက်စွန့်ပစ်နိုင်ဖို့ ၂၄၀ လီတာဆံ့ အမှိုက်ပုံးတွေထားရှိပါတယ်။ စနစ်တကျ မပစ်ဘဲ အမှိုက်သိမ်းယာဉ် မရောက်ခင်မှာ အချိန်မရွေးပစ်နေတာတွေကြောင့် အမှိုက်တွေရှိနေတာ ဖြစ်ပါတယ်။ အမှိုက်တွေ့တယ်ဆိုတာမသိမ်းခင် တွေ့နေရတာဖြစ်ပါတယ်။

မေး ။ အမှိုက်သိမ်းဆည်းမှုများနဲ့ ပတ်သက်ပြီး အနာဂတ်စီမံချက်တွေကိုလည်း သိပါရစေ။

ဖြေ ။ အနာဂတ်မှာ အမှိုက်သိမ်းဆည်းစွန့်ပစ်တဲ့ စနစ်တစ်ခုထဲမဟုတ်ဘဲ Waste to Energy လူသုံးကုန်ပစ္စည်းများအဖြစ် ပြန်အသုံးချနိုင်အောင် မျှော်မှန်းထားပါတယ်။ နိုင်ငံတကာမှာ အမှိုက်သိမ်းဆည်းမှုစနစ်ကို ပုဂ္ဂလိကက ဆောင်ရွက်တဲ့အတွက် အဲဒီလိုဆောင်ရွက်နိုင်အောင် မြန်မာနိုင်ငံမှာလည်း ပုဂ္ဂလိက ကဏ္ဍကို လွှဲပြောင်းပေးနိုင်အောင် စီစဉ်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

မေး ။ စနစ်တကျ အမှိုက်သိမ်းဆည်းတဲ့ စနစ်ဖြစ်ဖို့အတွက် အခြားလူထုအဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်ဖို့ အစီအစဉ်များရှိပါသလား။

ဖြေ ။ အမှိုက်သိမ်းဆည်း ရှင်းလင်းမှုများနဲ့ပတ်သက်ပြီး ဥပဒေ၊ နည်းဥပဒေများအတိုင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီကသာ ဆောင်ရွက်လျက်ရှိပါတယ်။ ပြည်သူတွေ အမှိုက်ကို စနစ်တကျ စွန့်ပစ်ရမယ်ဆိုတဲ့ အသိပညာပေးမှုအနှစ်သာရပိုင်းမှာ မည်သည့်လူမှုအဖွဲ့အစည်းနှင့်မဆို ပူးပေါင်းဆောင်ရွက်နိုင်ပါတယ်။ မျက်စိအောက်မှာမြင်နေရတဲ့ အမှိုက်လှဲတာ၊ သိမ်းတာတွေဟာ အသွင်သဏ္ဌာန်များသာဖြစ်ပါတယ်။ အမှိုက်စွန့်ပစ်တဲ့ ပြည်သူတွေအားလုံးမှာ အမှိုက်များကို သတ်မှတ်ထားတဲ့စနစ်အတိုင်း စည်းကမ်းတကျစွန့်ပစ်ရမယ်ဆိုတဲ့ အသိတရားလေးရဖို့ အဓိကဖြစ်ပါတယ်။ အဲဒီအပိုင်းမှာ ပညာပေးမှုအပိုင်းမှာ မည်သည့်လူမှုအဖွဲ့အစည်းတွေမဆို ပူးပေါင်းပါဝင်ဖို့ ဖိတ်ခေါ်ပါတယ်။

မေး ။ ပြည်သူတွေကို အသိပညာပေးမှုတွေ ဆောင်ရွက်နေပုံကိုလည်းသိပါရစေ။

ဖြေ ။ စာသင်ကျောင်းတွေမှာ မူလတန်းကနေ အထက်တန်းအထိ ပညာပေးဟောပြောမှုတွေ ဆောင်ရွက်နေတာရှိသလို မြို့နယ်၊ ရပ်ကွက်များက သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးတွေနဲ့တိုင်ပင်ပြီး ပြည်သူလူထုတွေကို ပညာပေးဆွေးနွေးမှုများ ရှိပါတယ်။ ဒါ့အပြင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ထုတ်ဝေတဲ့ မြို့တော်သတင်းစာ၊ FM ရေဒီယိုတွေမှာလည်း ပညာပေးမှုတွေကို ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ နောက်နှစ်အနည်းငယ်အတွင်းမှာ ပညာပေးမှုတွေ ဒီထက်ပိုပြီးတော့ ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်လာမှာဖြစ်ပါတယ်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် ရန်ကုန်မြို့တော်ကြီးကို သန့်ရှင်းသာယာလှပစိမ်းစိုသော မြို့တော်ဖြစ်ပေါ်စေရေးအတွက် စီမံချက်များ ချမှတ်ကာအဘက်ဘက်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ မြို့တော်နေ ပြည်သူများအနေဖြင့် မိမိတို့တစ်ဦးချင်းစီမှ နေ့စဉ်ထွက်ရှိသည့် စွန့်ပစ်အမှိုက်များကို စနစ်တကျစွန့်ပစ်ကြခြင်းဖြင့် မြို့တော်သူမြို့တော်သားတို့၏ လူမှုရေး၊ ကျန်းမာရေးတိုးတက်လာစေမှုကို သိမြင်စေလိုသော စေတနာဖြင့် တာဝန်ရှိသူထံ သွားရောက်တွေ့ဆုံမေးမြန်းသိရှိချက်များကို ပြန်လည်တင်ပြလိုက်ရပါသည်။

ပြည်တွင်းသတင်း

✳ ကျောဖုံးမှ

စီးပွားရေးပြုပြင်ပြောင်းလဲရေးတို့ကို ပိုမိုခိုင်မာအောင် အကောင်အထည်ဖော်ဆောင်ရွက်နိုင်ပြီး အကျိုးရလဒ်ကို မြန်မာပြည်သူပြည်သားများ အမှန်တကယ် ပို၍ ခံစားနိုင်ရန် အရေးကြီးသည်ဟု ထင်မြင်ယူဆမိပါသည်။ အခက်အခဲများစွာကို ကျော်လွှားလာခဲ့သည့် မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် ဂျပန်နိုင်ငံက တတ်စွမ်းသမျှ ကူညီသွားပါမည်။ ရှိထားသည့် အင်အားများကို အစွမ်းကုန်ထုတ်၍ ထောက်ပံ့သွားမည့် မူဝါဒဖြစ်ပါသည်။

(၂) လျင်မြန်စွာ အသက်ဝင်လာသည့် နှစ်နိုင်ငံစီးပွားရေး ဆက်ဆံရေးကို ပိုမိုခိုင်မာအောင်ပြုလုပ်ပြီး နှစ်နိုင်ငံအပြန်အလှန်အကျိုး ဖြစ်ထွန်းစေရန်ဦးတည်ဆောင်ရွက်သွားပါမည်။ ဂျပန်နိုင်ငံက နိုင်ငံတကာအသိုက်အဝန်းကို ဦးဆောင်၍ မြန်မာနိုင်ငံအတွက် ကြွေးမြီကိစ္စဖြေရှင်းမှုကို ထုတ်ဖော်ပြောကြားခဲ့ပြီး ယန်းချေးငွေအသစ်ခန့်မှန်းခြေ ယန်းသန်းငါးသောင်းအပါအဝင်မြန်မာနိုင်ငံသို့ အထောက်အပံ့အပြည့်အဝ ပြန်လည်စတင်ခြင်းကို ထုတ်ဖော်ပြောကြားခဲ့ပါသည်။ ထပ်မံ၍ ယခုအကြိမ် ပြုလုပ်မည့် ဂျပန်-မြန်မာ ထိပ်သီးဆွေးနွေးပွဲတွင်လည်း နောက်ထပ်ပေးအပ်မည့် အထောက်အပံ့များကို ထုတ်ဖော်ပြောကြားမည်ဖြစ်ပါသည်။ ထို့ပြင် ယခုခရီးစဉ်တွင် ဂျပန်နိုင်ငံကို ကိုယ်စားပြုမည့်စီးပွားရေးလောကခေါင်းဆောင်များနှင့်အတူတကွ မြန်မာနိုင်ငံသို့ လာရောက်လည်ပတ်ခြင်းသည် ဂျပန်ကုမ္ပဏီများ မြန်မာနိုင်ငံကို အထူးစိတ်ဝင်စားလျက်ရှိကြောင်းပြသနေပါသည်။ဂျပန်-မြန်မာ နှစ်နိုင်ငံစလုံးအနေဖြင့်နှစ်ဦးနှစ်ဖက်အကျိုးရှိစေမည့်ရလဒ် (Win-Win) ပေါ်ထွက်လာစေရန်ဂျပန်အစိုးရက နှစ်နိုင်ငံ စီးပွားရေးဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်အတွက် တွန်းအားပေးသွားပါမည်။

(၃) ဂျပန်-မြန်မာ ဆက်ဆံရေးအခြေခံအသစ် တည်ဆောက်ရန်အတွက် ၎င်းကို အထောက်အကူပြုနိုင်မည့် နှစ်နိုင်ငံ နိုင်ငံသားများ ကူးလူးဆက်ဆံရေးနှင့် ယဉ်ကျေးမှုဖလှယ်ခြင်းများကို ပိုမိုတိုးတက်အောင် လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ ကျွန်တော်နှင့် ကျွန်တော့်ဇနီးကိုယ်တိုင်ကလည်း မြန်မာနိုင်ငံအပါအဝင် အာရှနိုင်ငံများအတွက် မူလတန်းကျောင်း ဆောက်လုပ်လှူဒါန်းခြင်းကို ဆောင်ရွက်လျက်ရှိပါသည်။ ဂျပန်အစိုးရအနေဖြင့် မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်အောင် ပိုမိုလုပ်ဆောင်သွားပါမည်။

(၄) မြန်မာနိုင်ငံနှင့်ဂျပန်နိုင်ငံ ပတ်ဝန်းကျင်တွင်ရှိသော ဒေသများလုံခြုံရေးနှင့်ပတ်သက်၍ ယခုအကြိမ် အလည်အပတ်ခရီးစဉ်တွင် ဂျပန်နိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ တူညီသော ထင်မြင်ယူဆချက်ကို နားလည်သဘောပေါက်ပြီး ဆွေးနွေးပွဲများနှင့် ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ဆောင်ရွက်သွားရန်ရှိပါသည်။

ဂျပန်နိုင်ငံတွင် မြန်မာကိုချစ်သောသူ အများအပြားရှိပါသည်။ ဂျပန်နိုင်ငံနှင့်မြန်မာနိုင်ငံ၏ ဆက်ဆံရေးသည် အလွန်ကောင်းမွန်ပါသည်။ သို့သော် လက်ရှိအခြေအနေကို ရောင့်ရဲတင်းတိမ်မနေဘဲ ပိုမိုကောင်းမွန်သော ဆက်ဆံရေးကို မြှင့်တင်သွားချင်ပါသည်။ ယခုအကြိမ် ကျွန်တော်၏ အလည်အပတ်ခရီးစဉ်သည် ဂျပန်-မြန်မာနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုကို ပိုမိုမြှင့်တင်နိုင်ပြီး သမိုင်းစာမျက်နှာအသစ် ဖွင့်လှစ်နိုင်ရန် အခွင့်အလမ်းများ ပေါ်ထွန်းလာလိမ့်မည်ဟု မျှော်လင့်လျက်ရှိပါသည်။

ဆောင်းပါး

သာသည့်မြေသို့ (၁)

မဟာဗျူဟာလမ်းဆုံလမ်းခွမှ သယံဇာတရွှေမြေ

တောသားလေး

"သူ့မြေမှာ နီဝါဆင့်လေတော့၊ ကိုယ့်မြေမှာ ဖြူပြာတင့်ရစေမပေါ့"

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်၏ အမြန်လမ်းမပေါ်တွင် တရိပ်ရိပ်ပြေးနေသော ကားလေးပေါ်မှ ရှေ့နောက် ဝဲယာရှိ တိုးတက်ဖွံ့ဖြိုးနေသော ရှုခင်းများကို ငေးကြည့်နေမိရင်း ကဗျာဆရာမ ငွေတာရီ၏ "သာသည့်မြေသို့" ကဗျာလေးကို သတိရကာ မှိုင်ငြိမ်းခံစားကြည့်မိခြင်းဖြစ်သည်။ စာရေးသူတို့ လေ့လာရေးအဖွဲ့ ပြီးခဲ့သည့်မတ်လအတွင်းက ဗန်ကောက်အရှေ့ဘက်ခြမ်းရှိ လွမ်ချာဘမ် ပင်လယ်ကမ်းခြေသို့အသွား လေ့လာရေးခရီးစဉ်၌ ဖြစ်ပါ၏။

၎င်းလေ့လာရေးအဖွဲ့ကို ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ စွမ်းဆောင်ရည်အကဲဖြတ်အဖွဲ့ကစီစဉ်၍ စေလွှတ်ခဲ့ခြင်းဖြစ်ပြီး အကဲဖြတ်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအဆင့်မြင့်အရာရှိများ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအဖွဲ့ချုပ်မှ ဗဟိုအမှုဆောင်အဖွဲ့ဝင်များနှင့် ပညာရှင်များပါဝင်ကြသည်။ လေ့လာရေးခရီးစဉ်၏ ရည်ရွယ်ချက်မှာ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုဖွံ့ဖြိုးလာစေရေး၊ Trade Facilitation ကုန်စည်ပို့ဆောင်မှုစနစ်များ အဆင်ပြေချောမွေ့စေရေးနှင့် ပြည်တွင်းပြည်ပ လူဝင်ထွက်စနစ်များ တိုးတက်လျင်မြန်လာစေရေးတို့အတွက် ဒေသတွင်းနိုင်ငံများဖြစ်သော ထိုင်းနှင့်စင်ကာပူနိုင်ငံများရှိ လေဆိပ်၊ သင်္ဘောဆိပ်၊ နယ်စပ်ကုန်သွယ်ရေးနှင့် လူဝင်မှုကြီးကြပ်ရေးဂိတ်များသို့ ကိုယ်တိုင်ကိုယ်ကျ သွားရောက်လေ့လာကာ မိမိနိုင်ငံ၏လက်ရှိအခြေအနေနှင့် နှိုင်းယှဉ်ထင်ဟပ် သုံးသပ်အဖြေရှာ ကြိုးပမ်းသွားရန် ဖြစ်ပါသည်။

ပထမဦးစွာ ကုန်စည်ပို့ဆောင်ထိန်းသိမ်းစီမံမှုစနစ်နှင့် ပတ်သက်၍ လေ့လာခဲ့ရသည်များကို တင်ပြသွားလိုပါသည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသော မောင်းနှင်အားနှစ်ခုမှာ ကုန်ထုတ်လုပ်မှု Production နှင့် ကုန်သွယ်မှု Trade တို့ဖြစ်ကြပါသည်။ ၎င်းကဏ္ဍနှစ်ရပ်မှာ အပြန်အလှန်ဆက်စပ်နေကြသည်။ ကုန်မရှိဘဲ ကုန်သွယ်မှုပြု၍မရသကဲ့သို့ ကုန်သွယ်မှုမကောင်းမွန်ဘဲ ကုန်အခြောက်များ ထုတ်လုပ်၍လည်း မရနိုင်ပါပေ။

နိုင်ငံတစ်ခု၏ စီးပွားရေးကို A, I, S ဟူ၍ အဓိကအပိုင်းကြီး (၃) ရပ် ခွဲခြားထားလေ့ရှိသည်။ A သည် Agriculture စိုက်ပျိုးရေးဖြစ်ပြီး I သည် Industry စက်မှုလုပ်ငန်းများဖြစ်သည်။ S သည် Services ဝန်ဆောင်မှုလုပ်ငန်းများဖြစ်သည်။ ကုန်ထုတ်လုပ်မှု (Production)တွင် စိုက်ပျိုးရေးနှင့် စက်မှုလုပ်ငန်းများခြုံငုံ၍ ပါဝင်ကြပြီး ကုန်သွယ်မှုသည် နိုင်ငံတိုင်းအတွက် အဓိကဝန်ဆောင်မှုလုပ်ငန်းတစ်ရပ်ဖြစ်သည်။ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် စိုက်ပျိုးရေးကဏ္ဍကအားကြီးပြီး ဖွံ့ဖြိုးစနိုင်ငံများတွင် စက်မှုလုပ်ငန်းများပိုမိုတိုးတက်ဖွံ့ဖြိုးလာသည်။ ဖွံ့ဖြိုးပြီးနိုင်ငံများ၌မူ ဝန်ဆောင်မှုကဏ္ဍက အင်အားအကြီးမားဆုံးဖြစ်လေ့ရှိသည်။ ထို့ကြောင့် ဝန်ဆောင်မှုတွင် အဓိကဖြစ်သော ကုန်သွယ်မှုသည် နိုင်ငံဖွံ့ဖြိုးရေးအတွက် မည်မျှအရေးပါသည်ကို တွက်ဆနိုင်သည်။

မည်သို့ပင်ဖြစ်စေ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုရော၊ ကုန်သွယ်မှုပါ သူ့နေရာနှင့်သူ အချိုးကျကျ အရေးပါနေသည်ကိုမူ မည်သူမျှငြင်းနိုင်မည်မဟုတ်ပါ။ သက်ဆိုင်ရာနိုင်ငံ၏ အခြေအနေနှင့် ကိုက်ညီစွာ ယင်းကဏ္ဍနှစ်ရပ်ကို ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ကြရခြင်းဖြစ်သည်။

ဥပမာ-စင်ကာပူနိုင်ငံသည် ၂၇၄ စတုရန်းမိုင်သာရှိသည့် မြေဧရိယာတွင် ထူထောင်ထားသည့် သေးငယ်သောမြို့ပြနိုင်ငံလေးဖြစ်ပြီး လူဦးရေသည်လည်း အပြင်မှလာရောက် အလုပ်လုပ်ကိုင်နေသူများကိုပါ ပေါင်းထည့်သည့်တိုင်အောင်ခြောက်သန်းမျှပင် မရှိတတ်ပါ။ သို့သော်တစ်ဦးကျဝင်ငွေ တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ခြောက်သောင်းကျော်ဖြင့် ကြွယ်ဝချမ်းသာသောနိုင်ငံဖြစ်နေသည်မှာ ကုန်ထုတ်လုပ်မှုထက် ကုန်သွယ်မှုကိုအားပြု၍ ဖွံ့ဖြိုးတိုးတက်လာခြင်းဖြစ်သည်။ ၂၀၁၂ခုနှစ်တွင် စင်ကာပူနိုင်ငံ၏ စုစုပေါင်းကုန်သွယ်မှုပမာဏသည် စင်ကာပူဒေါ်လာ ၉၈၅ ဘီလီယံရှိရာ နိုင်ငံ၏ ဂျီဒီပီထက် သုံးဆခန့် ပိုမိုများပြားသည်ဟု ဆိုသည်။ ၁၉ ရာစုတွင် မလေးတံငါရွာကလေး တစ်ရွာဘဝမှ သီးယပူရခေါ် စင်ကာပူနိုင်ငံအဖြစ် ဖွံ့ဖြိုးတိုးတက်လာရခြင်းမှာ ကုန်သွယ်ရေးအရ အချက်အချာကျသည့်မလေးကျွန်းဆွယ်၏တောင်ဘက်စွန်း မလက္ကာရေလက်ကြားအဝ၌ တည်ရှိနေသော မဟာဗျူဟာတည်နေရာ အနေအထားကြောင့်ပင်ဖြစ်လေသည်။

ထိုင်းနိုင်ငံမှာမူစင်ကာပူကဲ့သို့ရေကြောင်းကုန်သွယ်မှုလမ်းကြောင်း၌ များစွာ အချက်အချာမကျလှပေ။ သို့သော်နိုင်ငံကကြီးမား၍ လူဦးရေကများပြားသည်။ အရှေ့တောင်အာရှကုန်းမြေဒေသတွင် ဗဟိုချက်သဖွယ်တည်ရှိနေသည်။ ထို့ကြောင့် မိမိနိုင်ငံမှ ထုတ်လုပ်သည့်ကုန်ကို အားပြု၍ တင်ပို့ကုန်သွယ်ခြင်းဖြင့် ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ရသည်။

၎င်းအချက်ကို ယင်းနှစ်နိုင်ငံ၏ ကုန်စည်ပို့ဆောင်မှုပမာဏများကို နှိုင်းယှဉ်ခြင်းဖြင့် သိရှိနိုင်သည်။ ထိုင်းနိုင်ငံရှိ ပင်လယ်ဆိပ်ကမ်းများက တစ်နှစ်လျှင် ပေ ၂၀အရှည် ကုန်သေတ္တာအလုံးရေ ၁၂သန်း (TEU) တင်ဆောင်ပေးခဲ့ချိန်တွင် စင်ကာပူနိုင်ငံက ကုန်သေတ္တာအလုံးရေ TEU ၁၉ သန်း ပို့ဆောင်ပေးခဲ့သည်။ စင်ကာပူနိုင်ငံက ပို့ဆောင်ခဲ့သည့် ကုန်များ၏ ပမာဏအများစုမှာ ယင်းတို့နိုင်ငံမှ ထုတ်ကုန်များမဟုတ်ဘဲ နိုင်ငံတကာပွဲရုံ၊ ကုန်စည်ဒိုင်ကြီးတစ်ခုသဖွယ် စင်ကာပူဆိပ်ကမ်းမှ Transhipment အဖြစ် သင်္ဘောလွှဲပြောင်းတင်ချပို့ဆောင်ခဲ့ခြင်းဖြစ်သည်။ ထိုင်းနိုင်ငံမှ ပို့ဆောင်ခဲ့သည့် ကုန်များမှာမူ သွင်းကုန်ရော၊ ပို့ကုန်ပါ ၉၀ ရာနှုန်းကျော်မှာ ထိုင်းနိုင်ငံအတွက် သပ်သပ်ဖြစ်နေသည်။ မည်သို့ပင်ဖြစ်စေ ယင်းနှစ်နိုင်ငံစလုံးက ပို့ဆောင်ပေးနေသည့် ကုန်စည်ပမာဏမှာ မြန်မာနိုင်ငံက လက်ရှိပို့ဆောင်နေသည့် ပမာဏနှင့်နှိုင်းရလျှင် အဆများစွာ ကြီးမားလှသည်။ မြန်မာနိုင်ငံတွင် ရန်ကုန်မြို့တော်ရှိ နိုင်ငံတကာရေဆိပ်များမှ တင်/ချ ပို့ဆောင်နေသည့် ပမာဏမှာ ကုန်သေတ္တာလုံးရေ (TEU) လေးသိန်းမျှသာရှိသည်။

သို့တိုင်အောင် ကုန်စည်တင်ဆောင်မှုနှင့်ပတ်သက်၍ ဆိပ်ကမ်း၌ ကွင်းဆင်းလေ့လာရာတွင် နှောင့်နှေးကြန့်ကြာမှုများ၊ ဆိပ်ကမ်းနှင့် ထိတွေ့ဆက်ဆံနေရသည့် လုပ်ငန်းရှင်များ၊ အေးဂျင့်များ၊ ပုဂ္ဂလိက ကိုယ်တိုင်တင်သွင်းသူများ၏ အခက်အခဲများကို နားနှင့်မဆံ့အောင်ကြားခဲ့ရသည်။ ကုန်းတွင်းကုန်သေတ္တာစခန်းများတွင် ကုန်သေတ္တာရှာဖွေရာ၌ ကြာမြင့်သည်။ ကုန်သေတ္တာတင်ယာဉ်များကို ငှားရမ်းရာ၌ မလိုအပ်ဘဲကြန့်ကြာမှုကြောင့် အပိုကြေးများပေးနေရသည်။ သွင်းကုန်များအကောက်ခွန်မှ စစ်ဆေးရာတွင် ရာနှုန်းပြည့်စစ်ဆေးမှုကြောင့် ကြန့်ကြာသည်။ အိတ်စ်ရေးရောင်ခြည်စက်ဖြင့် စစ်ဆေးရာ၌ ကားများတန်းစီနေရသည်။ လုပ်ငန်းရှင်များ စုပေါင်းစပ်ပေါင်းထည့်သွင်းလာသည့် ကုန်သေတ္တာ Less Than Container Load (LCL) များ ဖွင့်ဖောက်စစ်ဆေးရာ၌ လူစုံအောင်စောင့်ရသဖြင့် ကြာမြင့်သည်။ ယင်း (LCL) များ ယာယီထားရှိ စစ်ဆေးရာ Container Freight Station (CFS) များ နေရာလုံလောက်မှုမရှိသဖြင့် ကြန့်ကြာခက်ခဲသည်။ ကုန်သေတ္တာတင်ယာဉ်များ ဝင်/ထွက် သွားလာမှုကြောင့် ရန်ကုန်မြို့တွင် ကမ်းနားလမ်းတစ်လျှောက်မှ လှိုင်သာယာအထိ ယာဉ်ကြောများပိတ်ဆို့နေသည်။ ထိုသို့ ယာဉ်ကြောများပိတ်ဆို့မှုကြောင့်လည်း ကုန်သေတ္တာတင်ယာဉ်များ ပို့ဆောင်မှုကြန့်ကြာခက်ခဲရပြန်သည်။

လေ့လာရေးအဖွဲ့အနေဖြင့် ထိုင်းနိုင်ငံတွင် လွမ်ချာဘမ်ဆိပ်ကမ်းနှင့်စင်ကာပူနိုင်ငံတွင် စင်ကာပူဆိပ်ကမ်းတို့ကို ကိုယ်တိုင်ကိုယ်ကျ ကွင်းဆင်းလေ့လာခဲ့ရာတွင် အခြေအနေမှာ အတော်ပင်ကွာခြားလှသည်ကို ရိုးသားစွာ ဝန်ခံရမည်ဖြစ်သည်။ ဆိပ်ကမ်းနှစ်ခုစလုံးသည် မြန်မာဆိပ်ကမ်းအားလုံးထက်အဆများစွာကြီးမားသောဆိပ်ကမ်းများဖြစ်သော်လည်းလုပ်ငန်းအားလုံးကို စက်အား၊ ကွန်ပျူတာနည်းပညာစွမ်းအားသုံး၍ လျင်မြန်နိုင်နင်းစွာ လုပ်ဆောင်သွားနိုင်သည်ကို တွေ့ရသည်။

ဥပမာအားဖြင့် စာရွက်စာတမ်း ကိစ္စနှင့်ပတ်သက်၍ ထိုင်းနိုင်ငံတွင် One Stop Export Service Center (OSEC)တွင် ပို့ကုန်တင်ပို့လိုသူများအတွက် ကုမ္ပဏီစတင်တည်ထောင်မှတ်ပုံတင်သည်မှစ၍ ပို့ကုန်တင်ပို့ခွင့်ရသည်အထိ လိုအပ်သောဌာနဆိုင်ရာ ၁၇ ခုကို တစ်နေရာတည်းတွင် စုစည်းထားရှိလုပ်ဆောင်ပေးသဖြင့် ယခင် ၁၀ရက်ခန့်လုပ်ကိုင်ခဲ့ရသော လုပ်ငန်းများသည် ၄၅ မိနစ်အတွင်း ပြီးစီးနိုင်သည်။ စင်ကာပူတွင်လည်း အင်တာနက်အွန်လိုင်းမှ ကုန်သွယ်ရေးကွန်ရက်Tradenet ကို သုံးကာ ၁၀ မိနစ်အတွင်း ပြီးစီးနိုင်သည်။

ဆိပ်ကမ်းများ၌လည်း သင်္ဘောအသင့်ဖြစ်မှုပေါ်မူတည်၍ ပို့ကုန်ဆိုလျှင် နေ့တစ်ဝက်၊ သွင်းကုန်ဆိုလျှင် အလွန်ဆုံး နှစ်ရက်ခွဲ၊ သုံးရက်အတွင်း တင်/ချ ပြီးဖြစ်အောင် စီမံထားသည်။ ယာဉ်ဝင်/ထွက်မှုမှအစ ကွန်ပျူတာဖြင့် ထိန်းသိမ်းဆက်သွယ်ကွပ်ကဲထားသဖြင့် ကုန်သေတ္တာတင်ယာဉ်ပေါင်း ထောင်နှင့်ချီ၍ ဝင်/ထွက်နေသည့်တိုင်အောင် ယာဉ်ကြောပိတ်ဆို့စောင့်ဆိုင်းရမှုမရှိ။ ဂိတ် တံခါးဝတွင် ယာဉ်တစ်စီးထိုးဝင်လိုက်သည်နှင့် ကွန်ပျူတာက အလိုအလျောက် မှတ်ပုံတင်ကာ သွားရမည့်နေရာကို လမ်းညွှန်သည့်အတိုင်းသွား၍ ကုန်သေတ္တာ တင်/ချရုံသာဖြစ်သည်။ ကုန်သေတ္တာတိုင်း၏တည်နေရာ၊ အလွှာအထပ်၊ အတိအကျကို GPS စနစ်၊ ရေဒီယိုလှိုင်းလွှင့်တည်နေရာပြစနစ် RFID များသုံး၍ ကွန်ပျူတာဖြင့် မှတ်တမ်းတင်ထားရှိပြီး ဖြစ်သည်။ ကုန်သေတ္တာတင်/ချမှုကို ကွန်ပျူတာထိန်းစက်ခလုတ်များဖြင့် ဗဟိုကြီးကြပ်မှုစက်ခန်းမှ အလိုအလျောက် ထိန်းချုပ်ဆောင်ရွက်ပေးသည်။ ကုန်သေတ္တာကားပေါ်ကျခါနီးမှ လူကတင်၍ ကြီးကြပ်ကိုင်တွယ်ပေးသည်။ စင်စစ် စက်ချည်းသက်သက်ဖြင့် လုပ်နိုင်သော်လည်း ကုန်သေတ္တာယာဉ်ပေါ်တွင် ယာဉ်မောင်းပါရှိသောကြောင့် အသက်လုံခြုံရေးအတွက် စက်ကိုလုံးလုံးလျားလျားပုံအပ်မထားသင့်၍သာ လူကတင်၍ကိုင်တွယ်ပေးခြင်းဖြစ်လေသည်။ အလိုအလျောက် ပဲ့ထိန်းစနစ်ဖြင့် မောင်းလာသော လေယာဉ်ကို ကွင်းဆင်းချိန်ကျမှ လေယာဉ်မှူးက ဝင်၍ထိန်းပေးသကဲ့သို့ဖြစ်သည်။

သို့ဖြစ်ရာ ထိုဆိပ်ကမ်းများတွင် ကုန်သေတ္တာပုံးကြီးများနှင့် ကုန်သေတ္တာယာဉ်ကြီးများမှလွဲ၍ လူသူဟူ၍မမြင်ရဘဲ ပို့ကရိန်း၊ ဒန်ဂရီကရိန်းများမှာလည်း မောင်းနှင်ကိုင်တွယ်သူ အော်ပရေတာမတွေ့မြင်ရဘဲ ရွေ့လျားလုပ်ဆောင်နေသည်ကို တွေ့ရသည်။ ၎င်းသို့ စက်ကိရိယာနှင့် ကွန်ပျူတာ နိုင်နင်းမှုကြောင့် ကုန်စည်များမှာ ဆိပ်ကမ်းတွင် ကြာရှည်စောင့်ဆိုင်းရသည်မရှိဘဲ တင်ရုံချရုံသက်သက်မျှသာဖြစ်သည်။

ကုန်များကို ကုန်သေတ္တာအတွင်း သွင်းခြင်း(ပို့ကုန်)၊ ကုန်သေတ္တာအတွင်းမှ ထုတ်၍ကုန်ပိုင်ရှင်များအားလွှဲပြောင်းပေးခြင်း (သွင်းကုန်)လုပ်ငန်းများအတွက် ပြင်ပရှိ ကုန်းတွင်းကုန်သေတ္တာစခန်း (Inland Container Terminal) ICT များက လုပ်ဆောင်သည်။ ယင်း ICT များ၌ အကောက်ခွန်ဌာနစိတ်တစ်ခု တွဲဖက်ထားရှိပြီးဖြစ်၍ CFS လုပ်ငန်းကိုပါ ပူးတွဲလုပ်ဆောင်သည်။ မြန်မာနိုင်ငံ၌မူ CFSကို ဆိပ်ကမ်း၌သာ တွဲဖက်ထားသည့်အတွက် ကုန်သေတ္တာများ အပြင်မထွက်နိုင်ဘဲ ပြွတ်သိပ်ကြန့်ကြာနေရာ ၎င်းအချက်ကို များစွာ အတုယူသင့်သည်ဟု ထင်ပါသည်။

ဆိပ်ကမ်းမှ ICT သို့ ကုန်သေတ္တာများပို့ဆောင်ရာ၌လည်း ကုန်သေတ္တာတင်ယာဉ်များသာမက မီးရထားလမ်းဖြင့်လည်းတင်ပို့သည်ကို တွေ့ရသည်။ ကုန်သေတ္တာတင်မီးရထား တစ်စင်းသည် ကုန်သေတ္တာအလုံး (၅၀) ခန့်ကို တင်ဆောင်နိုင်ရာ ပို့ဆောင်ခစရိတ်လည်းသက်သာ လုံခြုံရေးအတွက်လည်း စိတ်ချရပြီး များစွာအဆင်ပြေလှသည်။ မြန်မာနိုင်ငံ၌လည်း ICT နှင့် ကုန်းတွင်းဆိပ်ကမ်းများသို့ ဆိပ်ကမ်းများမှ မီးရထားဖြင့် ပို့ဆောင်ရန် စီစဉ်နိုင်လျှင် ကမ်းနားလမ်းတစ်လျှောက် ယာဉ်ကြောပိတ်ဆို့မှုကို များစွာ လျှော့ချစေနိုင်ပြီး တစ်ဆင့်ခံကုန်ကျစရိတ် Transaction Cost များလည်း လျှော့ချနိုင်လိမ့်မည်ဟု ယူဆမိပါသည်။

မြန်မာဆိပ်ကမ်းများတွင် အဓိကကြန့်ကြာမှုဖြစ်စေသည့် အကြောင်းတစ်ရပ်မှာ အကောက်ခွန်စစ်ဆေးမှုဖြစ်သည်။ သွင်းကုန် ပို့ကုန်များ အကောက်ခွန်စစ်ဆေးရာတွင် ရာနှုန်းပြည့် စစ်ဆေးသည့်အတွက် အချိန်များစွာယူရသည်။ ထိုင်းနှင့်စင်ကာပူဆိပ်ကမ်းများကဲ့သို့ သန်းနှင့်ချီသောကုန်သေတ္တာများကိုပါ ရာနှုန်းပြည့်စစ်ဆေးရလျှင် ပြီးနိုင်ဖွယ်မရှိတော့ပြီ။ ထို့ကြောင့် ထိုင်းနှင့်စင်ကာပူတွင် အကောက်ခွန်စစ်ဆေးရာ၌ စနစ်တကျတွက်ချက်၍ လိုအပ်သလောက်သာစစ်ဆေးသည့် Risk Management စနစ်ကိုကျင့်သုံးသည်။ စည်းကမ်းလိုက်နာ၍ သိက္ခာရှိသော ကုမ္ပဏီများမှ ကုန်စည်များကို အများစုလွှတ်ပေး၍ မယုံကြည်ရသော ကုမ္ပဏီများကို အဓိကထားစစ်ဆေးသည့် အစိမ်းရောင်လမ်းကြောင်းနှင့် အနီရောင်လမ်းကြောင်း စနစ်ဖြစ်သည်။ ထိုသို့ရွေးချယ်စစ်ဆေးမှုပြုလုပ်ရာ၌ စနစ်တကျယုံကြည်မှုအဆင့်သတ်မှတ်မှုများ၊ စာရင်းအင်းနည်းပညာဖြင့် တွက်ချက်မှုများ၊ ကုမ္ပဏီတို့၏ နောက်ခံသမိုင်းနှင့် စည်းကမ်းလိုက်နာမှုမှတ်တမ်းများ၊ နိုင်ငံတကာသတင်းအချက်အလက်များ စသည့်အကြောင်းအချက်ပေါင်းစုံ ထည့်သွင်း၍ ဆောင်ရွက်ရသောလုပ်ငန်းဖြစ်သည်။ မြန်မာနိုင်ငံတွင် ထိုကဲ့သို့ စနစ်တကျမစတင်နိုင်သေးသော်လည်း ကျပန်း (Random) စနစ်ဖြင့် မဲချ၍ ရွေးချယ်စစ်ဆေးမှုကို စတင်စမ်းသပ်ဆောင်ရွက်ခဲ့ရာ လုပ်ငန်း ဝန်ထုပ်ဝန်ပိုး ပမာဏများစွာ လျော့ကျသွားကြောင်း သိရသည်။

မြန်မာနိုင်ငံရှိ ဆိပ်ကမ်းများ၌ ကုန်စည်ပို့ဆောင်မှုအခြေအနေများကို တင်ပြခဲ့သည့် နိုင်ငံတကာဆိပ်ကမ်းများနှင့် နှိုင်းယှဉ်သုံးသပ်ပါက ထပ်မံတိုးမြှင့်ဖြည့်ဆည်းလုပ်ဆောင်ရမည့် လုပ်ငန်းများစွာရှိနေဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များ အရှိန်ရလာသည်နှင့်အမျှ ပြည်တွင်းမှ ကုန်ထုတ်လုပ်မှုနှင့်အတူ ကုန်သွယ်ရေးလုပ်ငန်းများလည်း တိုးတက်မြင့်မားလာမည်ဖြစ်ပါသည်။ သဘာဝသယံဇာတကြွယ်ဝသော မြန်မာနိုင်ငံတွင် လူသားအရင်းအမြစ်မှာလည်း ပမာဏကြီးမားစွာတည်ရှိနေရာ နိုင်ငံသားတို့၏ ပညာရည်နှင့် လုပ်ငန်းကျွမ်းကျင်မှုစွမ်းရည် Educational and Professional Capacity မြင့်မားလာသည်နှင့်အမျှ ပြည်တွင်း ပြည်ပမှ ရင်းနှီးမြှုပ်နှံမှုနှင့် နည်းပညာများနှင့် ပေါင်းစပ်ကာ နိုင်ငံ၏ ကုန်စည်ထုတ်လုပ်မှု သိသိသာသာမြင့်တက်လာမည်မှာ သေချာလှပါသည်။ ထို့အပြင် တောင်အာရှဒေသ၊ တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှဒေသကဲ့သို့ စီးပွားရေးဖွံ့ဖြိုးစဒေသကြီး သုံးခု၏ အလယ်ဗဟိုချက်နေရာတွင် မဟာဗျူဟာကျစွာ တည်ရှိနေသည့် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံချင်းဆက်၊ တိုက်ချင်းဆက်၊ အဝေးပြေးလမ်းမကြီးများတည်ဆောက်ပြီးစီးပါက စင်ကာပူကဲ့သို့ ကမ္ဘာ့ပင်လယ်ရေကြောင်းလမ်းဆုံအဖြစ် တည်နေရာ၏ အရေးပါမှုကို အသုံးမချနိုင်သည့်တိုင်အောင် ကုန်းတွင်းဆက်ရွှေတံခါးဝအဖြစ် အခြားနိုင်ငံများ၏ကုန်ကို တစ်ဆင့်ခံပို့ဆောင်ကာ ဝန်ဆောင်မှုပေးနိုင်မည်ဖြစ်ပါသည်။

၎င်းသို့ တိုးတက်ဖွံ့ဖြိုးလာမည့်အခြေအနေများကို ကြိုတင်မျှော်မှန်းကာ မြန်မာနိုင်ငံ၏ ဆိပ်ကမ်းနှင့် ကုန်စည်ပို့ဆောင်မှုစွမ်းရည်များကို လိုအပ်သလိုပြင်ဆင်ဖြည့်ဆည်းထားရန် လိုအပ်နေပြီဖြစ်ပါသည်။ လက်ရှိအခြေအနေအရ ရန်ကုန်မြို့ရှိ ဆိပ်ကမ်းများမှာ မြစ်ဆိပ် River Port များသာဖြစ်၍ တန်ချိန်နှစ်သောင်းကျော်ရှိသည့် ရေစူးများသောပင်လယ်ကူးသင်္ဘောကြီးများ ဝင်ရောက်ခြင်းမပြုနိုင်သည့်အပြင် ရန်ကုန်မြစ်အတွင်းမှ စည်းခုံနှစ်ခုကြောင့်လည်း ရေကြောင်းကျပ်တည်းမှုဖြစ်နေရာထိုင်းနှင့်စင်ကာပူတို့ကဲ့သို့ ပင်လယ်ဆိပ်ကမ်း Sea Port အဖြစ် အပြင်ထွက်၍ မဖြစ်မနေတည်ဆောက်ရန် လိုအပ်လာဖွယ်ရှိပါသည်။ ထို့အပြင် မန္တလေးကဲ့သို့လမ်းဆုံလမ်းခွ အချက်အချာကျသောနေရာမျိုးတွင် Dry Port ခေါ် ကုန်းတွင်းဆိပ်ဆောက်လုပ်၍ ကုန်သေတ္တာများ လက်ခံစစ်ဆေးပို့ဆောင်မည့် စီမံကိန်းများကိုလည်း အမြန်ဖော်ဆောင်သွားရန် လိုမည်ဖြစ်ပါသည်။ ရန်ကုန်-မန္တလေး တောင်မြောက်စင်္ကြံသည် မြန်မာ့စီးပွားရေးနှင့်ကုန်သွယ်ရေးအတွက် အဓိကကျောရိုးသဖွယ်ဖြစ်ရာ ရန်ကုန်နှင့်မန္တလေးအကြား လက်ရှိမြစ်ကြောင်း၊ ကုန်းလမ်းနှင့် မီးရထား သယ်ယူပို့ဆောင်ရေးလမ်းကြောင်းမျိုးစုံ Multimodal Transport ကို နိုင်ငံတကာနှင့် ဒေသတွင်းအဆင့်များနှင့် လိုက်မီအောင် အလေးအနက်ထား၍ အလျင်အမြန်အဆင့်မြှင့်တင်ရန်လိုအပ်နေပြီဖြစ်ပါသည်။

၎င်းသို့အခြေခံအဆောက်အအုံများ တိုးတက်ဖွံ့ဖြိုးအောင်လုပ်ဆောင်နေရမည့် တစ်ချိန်တည်းမှာပင် ကုန်စည်ပို့ဆောင်မှုအတွက် လိုအပ်သည့် အုပ်ချုပ်စီမံဝန်ဆောင်မှု Logistics လုပ်ငန်းများကိုလည်း တိုးချဲ့ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ထို့အပြင် ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာများကို အသုံးပြု၍ တစ်နိုင်ငံလုံးလွှမ်းခြုံနိုင်သည့် ကွန်ရက်များချိတ်ဆက်နိုင်ရန်မှာလည်း အထူးအရေးပါလှပါသည်။

အထက်ပါလုပ်ငန်းစဉ်များမှာ ဝန်ကြီးဌာနတစ်ခုတည်း၊ အစိုးရတစ်ဖွဲ့တည်းကသာ လုံးလုံးလျားလျား တာဝန်ခံဆောင်ရွက်နိုင်မည့်ကိစ္စများမဟုတ်ဘဲ အစိုးရနှင့်အရပ်ဘက်အဖွဲ့အစည်းများသာမက ပြည်သူလူထုကပါ ဝိုင်းဝန်းပံ့ပိုးပူးပေါင်းပါဝင်ကူညီကြမှသာ အောင်မြင်နိုင်လိမ့်မည်ဖြစ်ကြောင်း တင်ပြလိုက်ရပါသည်။

ရန်ကုန်မြို့ ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ စေတီ၊ ဘုရား၊ ပုထိုးများ၌ စည်ကားသိုက်မြိုက်စွာကျင်းပ

ရန်ကုန် မေ ၂၄

ယနေ့သည် ကဆုန်လပြည့် (ဗုဒ္ဓနေ့)ဖြစ်သည့်အားလျော်စွာ နံနက်ပိုင်းမှစတင်၍ ရန်ကုန်မြို့ရှိ တန်ခိုးကြီးဘုရား၊ ပုထိုး၊ စေတီများ၌ ဗုဒ္ဓါဘိသေက အနေကဇာတင် မင်္ဂလာအခမ်းအနားများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားများကို စည်ကားသိုက်မြိုက်စွာ ဆင်ယင်ကျင်းပကြသည်။

ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသော အကြိမ် (၃၀) မြောက် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲ အခမ်းအနားကို နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင် အဂ္ဂိထောင့်ရှိ ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အနီး၌ ကျင်းပရာ ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများက ပရိဘောဂစေတီ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ဘုရားဖူးလာပြည်သူများ လွယ်လင့်တကူ ညောင်ရေသွန်းလောင်းနိုင်ရန် ဘာသာရေးအသင်းအဖွဲ့ဝင်များက ကုသိုလ်ယူကူညီဆောင်ရွက်ပေးကြသည်။ **(အပေါ်ပုံ)**

အလားတူ ဆူးလေစေတီတော် ဂေါပကအဖွဲ့ကကြီးမှူး၍ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားကို နံနက်ပိုင်းတွင် ကျင်းပရာ ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက် ပဓာနနာယက ဆရာတော် အမှူးပြုသော ဆရာတော်သံဃာတော်များက ပရိတ်တရားတော်များ ရွတ်ဖတ်ပူဇော်ကြပြီးမြောက်ဘက်မုခ် ဗောဓိပင်တန်ဆောင်းသို့ကြွရောက်၍ မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ မွန်းလွဲပိုင်းတွင် ဆူးလေစေတီတော် ဂေါပကအဖွဲ့ဝင်များ ဦးဆောင်၍ စေတီတော်ဝန်ထမ်းဝတ်အဖွဲ့ဝင်များက ကဆုန်လပြည့် ဗုဒ္ဓအခါတော်နေ့ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ကြပြီး ဘုရားဖူးလာပြည်သူများက ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော် ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ပွဲကို ကျင်းပရာ မဟာဗောဓိ မဂ္ဂင်မြိုင်ရှိ ဗောဓိညောင်ပင်၌ ဆရာတော် သံဃာတော်များက မဟာဗောဓိ ဥဒကသိဥ္စနပါဠိတော်များ ရွတ်ဖတ်ပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘုရားဖူးလာပြည်သူများက ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ ဗုဒ္ဓဘာသာဝင်များ တစ်နေကုန် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်နိုင်ရန် ဂေါပကအဖွဲ့က အောင်သပြေ အမွှေးနံ့သာတာအိုးများ၊ အမွှေးတိုင်၊ ဖယောင်းတိုင်များကို စီစဉ်ထားပေးသည်။

အလားတူ မဟာဝိဇယစေတီတော်၊ ရွှေဘုန်းပွင့်စေတီတော်၊ သီရိမင်္ဂလာကမ္ဘာအေးစေတီတော်၊ သမိုင်းဝင်ကျိုက္ကစံ ဆံတော်ရှင်စေတီတော်၊ စွယ်တော်မြတ် စေတီတော် (ရန်ကုန်)၊ လောကချမ်းသာ အဘယလာဘမုနိ ရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတ ဆံတော်ရှင် ကျိုက်ဝိုင်းစေတီတော်မြတ်ကြီး၊ မိုးကောင်းစေတီတော်၊ ငါးထပ်ကြီး၊ ခြောက်ထပ်ကြီး၊ ကိုးထပ်ကြီး၊ မယ်လမုဘုရား၊ ဥက္ကလာပစေတီတော်၊ မင်္ဂလာဒုံမြို့နယ် ကျိုက္ကလို့ ကျိုက္ကလဲ့စေတီတော်၊ သန်လျင်မြို့ ကျိုက်ခေါက်စေတီတော်၊ ကျောက်တန်းမြို့နယ် ကျိုက်မှော်ဝန်းရေလယ်ဘုရားနှင့် ခရမ်းမြို့သွန်းဘုရားကြီးအပါအဝင် မြို့နယ်အသီးသီးရှိ ဘုရား၊ ပုထိုး၊ စေတီတို့၌ ဗုဒ္ဓအခါတော်နေ့ အထိမ်းအမှတ်အဖြစ် ဗုဒ္ဓါဘိသေကအနေကဇာတင် မင်္ဂလာအခမ်းအနားများ ကျင်းပကြပြီး မဟာဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်း ပူဇော်ခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။ ဘုရားဖူးလာပြည်သူများ၊ စေတနာရှင် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းတို့အပြင် ဒါန၊ သီလ၊ ဘာဝနာပြုကြသူများ၊ ကုသိုလ်ကောင်းမှုပြုကြသူများဖြင့်လည်း စည်ကားများပြားလျက်ရှိကြောင်း တွေ့ရသည်။ **(သတင်းစဉ်)**

ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယတွင် နေပြည်တော်ရှိ ဘုရား၊ ပုထိုးစေတီတော်တို့၌ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကား

နေပြည်တော် မေ ၂၄

ယနေ့သည် ကဆုန်လပြည့် ဗုဒ္ဓနေ့အခါသမယဖြစ်သည်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဘုရား၊ ပုထိုးစေတီတော်တို့၌ ကဆုန်ညောင်ရေသွန်းပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ညောင်ရေသွန်းလောင်းပူဇော်ကြသူများ၊ ကုသိုလ်ပုညပြုကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။

နေပြည်တော်ရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်တော်အတွင်းရှိ မဟာဗောဓိ ညောင်ပင်များအား ပဉ္စမအကြိမ် ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ခြင်း မင်္ဂလာအခမ်းအနားကို ယနေ့ညနေ ၅ နာရီတွင် အဆိုပါ မဟာဗောဓိပင်များ၌ စည်ကားသိုက်မြိုက်စွာကျင်းပရာ မြတ်စွာဘုရားရှင်အားရည်မှန်း၍ မဟာဗောဓိပင်များတွင် ကဆုန်ညောင်ရေသွန်းလောင်းကြသူများ၊ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ပုည ပြုကြသူများ၊ တရားဘာဝနာပွားများကြသူများဖြင့် စည်ကားလျက်ရှိသည်။

အဆိုပါ မင်္ဂလာအခမ်းအနားသို့ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်၊ သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဆန်းဆင့်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးစိုးဝင်းနှင့် ဒေါက်တာမောင်မောင်ငွေ၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များဖြစ်ကြသည့် ဦးသန်းငွေ၊ ဗိုလ်မှူးကြီးမြင့်အောင်သန်း၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ကြီးဌာနများနှင့်တပ်ရင်းတပ်ဖွဲ့များမှ ဝတ်အသင်းအဖွဲ့များ၊ စေတီတော်ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြပြီး အစီအစဉ်အတိုင်း ညောင်ရေသွန်းလောင်းပူဇော်ကြသည်။ **(အပေါ်ပုံ)**

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတွင် ဘုရားရှင်အားရည်မှန်း၍ မဟာဗောဓိညောင်ပင်များ၌ ကဆုန်ညောင်ရေသွန်းလောင်းကြသူများ၊ ဗုဒ္ဓဒေသနာတော်များ ရွတ်ဆိုပူဇော်ကြသည့် ဝတ်အသင်းအဖွဲ့များ၊ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်း ဆက်ကပ်လှူဒါန်း၍ ဒါန၊ သီလ၊ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာ၊ ဘာဝနာပွားများကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့အတူ ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ ဓာတုစယ (ဓာတ်ပေါင်းစု)စေတီနှင့် စေတီတော်ပရိဝုဏ်အတွင်းရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီးတို့တွင်လည်း မြတ်စွာဘုရားရှင်အားရည်မှန်း၍ မဟာဗောဓိညောင်ပင်၌ ကဆုန်ညောင်ရေသွန်းလောင်းပူဇော်ကြသူများ၊ ဝန်ထမ်းရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဘုရားဖူးလာကြသူများ၊ သစ်သီး၊ ပန်း၊ ရေချမ်း၊ ဆီမီးဆက်ကပ်လှူဒါန်း၍ ဒါန၊ သီလ ကုသိုလ် ပုညပြုကြသူများ၊ ဘာဝနာကုသိုလ်ပွားများကြသူများဖြင့် စည်ကားလျက်ရှိသည်။

ထို့ပြင် ပျဉ်းမနားမြို့ ရန်အောင် (၂)ရပ်ကွက်ရှိဆုတောင်းပြည့် လောကမာရဇိန် စေတီတော်ကြီးတွင်လည်း စေတီတော်ပရိဝုဏ်အတွင်း မဟာဗောဓိပင်၌ မြတ်စွာဘုရားရှင်အားရည်မှန်း၍မြို့ပေါ်ရပ်ကွက်(၅)ရပ်ကွက်နှင့်ပတ်ဝန်းကျင်ရပ်ကွက်ကျေးရွာများမှ ဝတ်အသင်းအဖွဲ့များနှင့် ရပ်ကွက်သူ ရပ်ကွက်သားများက ကဆုန်ညောင်ရေသွန်းလောင်း ပူဇော်ကြသည်။

အလားတူ ပျဉ်းမနားမြို့ပေါ်ရှိ ဘုရား၊ စေတီပုထိုးများတွင်လည်း မြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ရပ်ကွက်၊ ကျေးရွာများမှ ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းဆက်ကပ်လှူဒါန်း၍ ဒါန၊ သီလ၊ ကုသိုလ်ပုညပြုကြသူများ၊ သမထ၊ ဝိပဿနာဘာဝနာပွားများကြသူများ၊ မိသားစုအလိုက် ဘုရားဖူးလာကြသူများဖြင့် စည်ကားလျက်ရှိသည်။

(သတင်းစဉ်)

မန္တလေးမြို့၌ ကဆုန်လပြည့်(ဗုဒ္ဓနေ့) ကဆုန်ညောင်ရေသွန်းလောင်း ကောင်းမှုကုသိုလ်များပြု

နေပြည်တော် မေ ၂၄

ယနေ့သည် ကဆုန်လပြည့်နေ့ (ဗုဒ္ဓနေ့)ဖြစ်သဖြင့် မန္တလေးမြို့ပေါ်ရှိ တန်ခိုးကြီးဘုရားပုထိုးစေတီတော်များ၌ ဗုဒ္ဓါဘိသေက အနေကဇာတင်အခမ်းအနားများနှင့် ပရိဘောဂစေတီထိုက်သော ဗောဓိညောင်ပင်တော်တို့အား ညောင်ရေသွန်းလောင်းပူဇော်ပွဲအခမ်းအနားများ ကျင်းပရာ နံနက် ၄ နာရီတွင် မဟာမုနိရုပ်ရှင်တော်မြတ်အား ရေတော်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဥက္ကဋ္ဌ အမှူးပြု၍ ဘုရားကြီးမျက်နှာသစ်တော်ဝတ်အဖွဲ့က မျက်နှာသစ်တော်မူပြီး ရဟန်းရှင်လူပြည်သူများ၊ ဓမ္မစကြာဝတ်အသင်းများနှင့် ဂေါပကအဖွဲ့ဝင်များက ရွှေသင်္ကန်း၊ ဆွမ်း၊ ရေချမ်း၊ပန်း၊ ဖယောင်းနှင့် ဆီမီးကပ်လှူပူဇော်ကာ ဗုဒ္ဓအခါတော်နေ့ ဝတ်ရွတ်စဉ်များ ရွတ်ဖတ်ပူဇော်ကြသည်။

ညနေပိုင်းတွင် မဟာမုနိဘုရားကြီး ဂေါပကအဖွဲ့မှကြီးမှူး၍ ဘုရားကြီးပရိဝုဏ် အဂ္ဂိထောင့်ရှိ ဗောဓိညောင်ပင်၌ ညောင်ရေသွန်းလောင်းပူဇော်ပွဲ ကျင်းပရာ ရေတော်ဆရာတော်၊ တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးရဲမြင့်နှင့်ဇနီး၊ ဌာနဆိုင်ရာများက မဟာဗောဓိညောင်ပင်အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

ထို့အတူ စွယ်တော်မြတ်စေတီ၊ ဒက္ခိဏာရာမဘုရားကြီး တိုက်ဦးရှိ ဦးပွား ဆုတောင်းပြည့်စေတီတော်၊ ဆုတောင်းပြည့်ချမ်းသာရ မြတ်စွာဘုရား၊ နန်းမြို့ဆုတောင်းပြည့်ဘုရား၊ ရွှေကျီးမြင်ဘုရား၊ ဘုရားနီဘုရား၊ ဝါခင်းကုန်းဘုရား၊ မဟာလောကရန်နိုင်အောင်တော်မူ မြတ်စွာဘုရားနှင့် မဟာဗောဓိပင်ဘုရားတို့၌ ဆရာတော် သံဃာတော်များ၊ ပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့ဝင်များက နံနက်အရုဏ်တက်ချိန်မှ ညပိုင်းအထိ ရွှေသင်္ကန်း၊ သစ်သီး၊ ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးကပ်လှူပူဇော်ကြပြီး ဗောဓိညောင်ပင်များအား ညောင်ရေသွန်းလောင်းပူဇော်ခဲ့ကာ စတုဒိသာလှူဒါန်း ကုသိုလ်ကောင်းမှုပြုကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၁-၂၀၁၃ရက်ထုတ် မြန်မာ့အလင်း သတင်းစာ၏ ကြော်ငြာစာမျက်နှာ(ခ) ကန့်ကွက်နိုင်ကြောင်း ကြော်ငြာအမှတ်စဉ်(၂) ဦးအောင်အောင်စိုး၏ အမည်ပြောင်းတွင် အမည်ပေါက် ၁/ထူပါရုံအစား ဦးလှမြင့်ဟု အမှန်ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈စ/၄၉၀၆၊ Dagon Taw Win LT P/U (4x2) ယာဉ်လက်ဝယ်ရှိသူ ဒေါ်ယမင်းဇာဇာထွန်း ၁၂/သကတ(နိုင်) ၁၅၁၀၉၂က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ပြည်တွင်းသတင်း

❒ ရွှေဖုံးမှ

ရွှေဦးစွာ သတ္တသတ္တာဟ တရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ နိုင်ငံတော်သံဃမဟာနာယက အဖွဲ့ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တ ကုမာရာဘိဝံသထံမှ နိုင်ငံတော်သမ္မတအမှူးပြုသည့် ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်ကြီးများ ရွတ်ပွားချီးမြှင့်တော်မူသော သမန္တာအစချီ မေတ္တာသုတ်တော်၊ ရတနာသုံးပါးဂုဏ်တော်နှင့် ပုဗ္ဗဏှသုတ်ပရိတ်တရားတော်များကို နာယူကြသည်။

နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အမှူးပြုသော ဧည့်ပရိသတ်များက ဥပနာတော်များ၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ သာသနာ့ အောင်လံတော်နှင့် ရွှေကြာသကင်္န်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် မဟာဗောဓိစေတီတော် အထွတ်သို့ ပင့်ဆောင်ပူဇော်ကြစဉ်။ (သတင်းစဉ်)

ဆက်ကပ်လှူဒါန်း

ယင်းနောက် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်က ရတနာစိန်ဖူးတော်၊ ရွှေထီးတော်နှင့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအား သာဟတ္ထိကဒါနမြောက်အောင် ဆက်သွယ်စီစဉ်ထားသည့် ကတ္တီပါယပ်တော်များ၊ အထက်ဥပနာရုပ်ပွားတော်များ၊ ရွှေထီးတော်ဘုံဆင့်များ၊ ရွှေကြာသကင်္န်းတော်နှင့်နှင့်ဇနီးဒေါ်ကြူကြူလှ၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးတင်အေး၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့်ဇနီး ဒေါ်သန်းသန်းနွယ်တို့က ဥပနာတော်များနှင့် လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဆရာတော် သံဃာတော်များထံ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

လှူဖွယ်ဝတ္ထုပစ္စည်းများကို ဗန်းမော်ကျောင်းတိုက်ဆရာတော် ကြီးထံ ဆက်ကပ်လှူဒါန်းသည်။

ထို့နောက် ဒုတိယသမ္မတ ဒေါက်တာ စိုင်းမောက်ခမ်းနှင့်ဇနီး ဒေါ်နန်းရွှေမှုန်၊ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့်ဇနီး ဒေါ်ခင်အေးမြင့်၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရ ဦးရွှေမန်းနှင့်ဇနီး ဒေါ်ခင်လေးသက်၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

ဆက်လက်၍ ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်း၏ဇနီး ဒေါ်နန်းရွှေမှုန်က သီလရှင်ဆရာကြီး ဒေါက်တာ မောဋ္ဌိနီထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိက ခြောက်ထပ်ကြီးဆရာတော် ဘဒ္ဒန္တခေမိန္ဒသာမိထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုအတွက်

ညောင်ရေသွန်းလောင်းပူဇော်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခ စေတီတော်ရှိ ညောင်ပင်၌ ညောင်ရေသွန်းလောင်းပူဇော်ကြစဉ်။

လှည့်လည်ကြည့်ရှု

နိုင်ငံတော်သမ္မတဦးသိန်းစိန်နှင့်အဖွဲ့ဝင်များ စေတီတော်ဂန္ဓကုဋိတိုက်အတွင်း ခင်းကျင်းပြသထားသော မြတ်ဗုဒ္ဓ၏မဇ္ဈိမခရီးစဉ် ဓာတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

❍ ကျောဖုံးမှ

အလေးထားသော အခြားကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။ သမ္မတကြီး ဦးသိန်းစိန်က ရှေ့ဆက်၍ ပြုပြင်ပြောင်းလဲမှုများ ပြုလုပ်သွားမည်ဟု ကတိပြုပြီး အိုဘားမားကလည်း အကူအညီပေးမည်ဟု ပြောကြားသည်။

သမ္မတနှစ်ဦးတွေ့ဆုံပြီး သတင်းထုတ်ပြန်ရာတွင် အိုဘားမားက သမ္မတကြီးအား မြန်မာနိုင်ငံတွင် နိုင်ငံရေးနှင့် စီးပွားရေးပြုပြင်ပြောင်းလဲမှုများ ဖော်ဆောင်နိုင်ခဲ့သည့်အတွက်လည်းကောင်း၊ လွန်ခဲ့သော နှစ် ၅၀ အတွင်း တင်းမာခဲ့သော ဆက်ဆံရေးအခြေအနေကို အဆုံးသတ်နိုင်ခဲ့သည့်အတွက်လည်းကောင်း ချီးကျူးခဲ့သည်။

ပြောကြား

သမ္မတကြီးဦးသိန်းစိန်က မြန်မာနိုင်ငံ၏ ရှေ့ဆက်လျှောက်ရမည့် ခရီးမှာရှည်လျားပြီး လုပ်ဆောင်စရာ အများအပြား ကျန်ရှိနေသေးကြောင်း ပြောကြားသည်။

မြန်မာနိုင်ငံတွင် အမေရိကန်၏ ရင်းနှီးမြှုပ်နှံမှုနှင့် အပြန်အလှန်ကုန်သွယ်မှုမှာ ယခုအချိန်တွင် အမေရိကန်ဒေါ်လာသန်း ၂၀၀ ကျော်သာရှိသော်လည်း သမ္မတကြီးဦးသိန်းစိန်၏ အောင်မြင်သော ခရီးစဉ်ကြောင့် နှစ်နိုင်ငံစီးပွားရေးနှင့်ကုန်သွယ်ရေး ဆက်ဆံမှုများတိုးပွားပြီး မြန်မာနိုင်ငံတွင် အမေရိကန်ကုမ္ပဏီများ၏ ရင်းနှီးမြှုပ်နှံမှုမြင့်တက်လာမည်ဟု ယုံကြည်ရကြောင်း မြန်မာဝါရင့်မီဒီယာသမားတစ်ဦးက ပြောကြားသည်။

ထုတ်ဖော်လာ

အထူးသဖြင့် အမေရိကန်ထိပ်တန်းကွန်ဂရက် လွှတ်တော်အမတ်အချို့က မြန်မာနိုင်ငံအပေါ် အမေရိကန်နိုင်ငံ၏ ပိတ်ဆို့မှုများကို ဆက်လက်ထားရှိရေးကိစ္စကို ထောက်ခံမှုမပြုတော့သည့် ရပ်တည်ချက်အသစ်ကို တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်မျိုး ထုတ်ဖော်လာကြသည်။

လေ့လာသူများက သမ္မတကြီးဦးသိန်းစိန်၏ အမေရိကန်ခရီးစဉ်သည် အလွန်အရေးကြီးသော အဆင့်သို့တက်ရန် အရေးပါသောလှေကားတစ်ထစ်ဖြစ်လျက် နှစ်နိုင်ငံအကြား အကျိုးရှိသောအခြေအနေဖန်တီးရန် ရလဒ်ကောင်းတစ်ခုဖြစ်သည်ဟု သုံးသပ်ကြသည်။ **(ဆင်ဟွာ)**

ပြည်တွင်းသတင်း

ပြည်ထောင်စု
မှရှင် ဥက္ကဋ္ဌ
ယတပ်မတော်
ကာကွယ်ရေး
ဝိယဗိုလ်ချုပ်မှူး
သန်းသန်းနွယ်
ားနှင့် လှူဖွယ်
တပ်လှူဒါန်းကြ
ပြည်ထောင်စု
ဝန်ရှိသူများက
ာတော်များထံ
ိ ဆက်ကပ်

ဒုတိယသမ္မတ
က်ခမ်း၏ဇနီး
သီလရှင်ဆရာ
ဦးနီထံ လှူဖွယ်
က်ကပ်လှူဒါန်း

င်ငံတော်သံဃ
အကျိုးတော်
ှိတ အဂ္ဂမဟာ
ခြာက်ထပ်ကြီး
ခမိန္ဒသာမိထံမှ
မောဒနာတရား
အစုစုအတွက်

ရေစက်သွန်းချ အမျှပေးဝေကြသည်။

လှည့်လည်ပူဇော်

ထို့နောက် ဥပနာတော်သွင်းလှူ ပူဇော်ခြင်းအခမ်းအနားကို မဟာဗောဓိစေတီတော်၌ ဆက်လက်ကျင်းပရာ ရတနာစိန်ဖူးတော်နှင့် ဥပနာရုပ်ပွားတော်များကို နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့်အဖွဲ့ဝင်များက ပင့်ဆောင်၍ စေတီတော်မြတ်အား လှည့်လည်ပူဇော်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတနှင့် ဇနီးတို့အမှူးပြုသော ဧည့်ပရိသတ်များက ဥပနာတော်များ၊ ရွှေထီးတော်၊ စိန်ဖူးတော်၊ သာသနာ့အောင်လံတော်နှင့် ရွှေကြာသကန်းတော်တို့ကို မင်္ဂလာရထားပျံဖြင့် စေတီတော်အထွတ်သို့ ပင့်ဆောင်ပူဇော်ကြသည်။

သွန်းဖြိုးပေး

ထို့နောက် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့က အခမ်းအနား အောင်မြင်မှု အထိမ်းအမှတ်အဖြစ် ရတနာ ရွှေမိုး၊ ငွေမိုးများ သွန်းဖြိုးပေးကြသည်။

အဆိုပါ အခမ်းအနားတွင် အလှူရှင်များ လှူဒါန်းထားသည့် ရတနာများနှင့် ဥပနာများကို ဥပနာပုံကျမ်းနှင့်အညီ ဥပနာသွင်းလှူခဲ့ကြောင်းနှင့် ဝတ္ထုငွေများကို စေတီတော်ကြီး၏ ထာဝရငွေပဒေသာပင်အဖြစ် စီစဉ်သွားမည်ဖြစ်ကြောင်း သိရသည်။

ဆက်လက်၍ ဗုဒ္ဓါဘိသေက အနေကဇာဆင်ယင်ခြင်း အစီအစဉ်ကိုကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက မဟာဗောဓိရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဘိသိက်သွန်းတော်မူ

ယင်းနောက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဆရာတော်အမှူးပြုသော ဆရာတော်ကြီးများက သတ္တဌာနတို့၌ ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါ ဘိသိက်သွန်းတော်မူကြသည်။

ထို့နောက် နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များသည် စေတီတော်ဂန္ဓကုဋိတိုက်အတွင်း ခင်းကျင်းပြသထားသော မြတ်ဗုဒ္ဓ၏မဇ္ဈိမခရီးစဉ်ခတ်ပုံပြခန်းကို လှည့်လည်ကြည့်ရှုကြပြီး သတ္တသတ္တာဟ မဟာဗောဓိစေတီတော်ရှိ မဟာဗောဓိညောင်ပင်၊ အဇပါလညောင်ပင်နှင့် လင်းလွန်းပင်တို့အား ညောင်ရေသွန်းလောင်းပူဇော်ကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့်ဇနီးတို့ အမှူးပြုသည့် ဘုရား ဒါယကာ ဒါယိကာမများက ဆရာတော်ကြီးများအား သတ္တသတ္တာဟ တရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ နေ့ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

ညပိုင်းတွင် သတ္တသတ္တာဟ တရားစခန်းရှိ သာသနာ့ဗိမာန်တော်၌ တရားပွဲကျင်းပခဲ့ပြီး သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရက ဟောကြားခဲ့ကြောင်း၊ မေ ၂၅ ရက်တွင် ယောဆရာတော်နှင့် မေ ၂၆ ရက်တွင် အပြည်ပြည်ဆိုင်ရာ ထေရဝါဒ ဗုဒ္ဓတက္ကသိုလ်ပါမောက္ခချုပ်ဆရာတော်တို့က တရားတော်များ ချီးမြှင့်ဟောကြားမည်ဖြစ်ကြောင်း၊ မေ ၂၇ ရက်နှင့် ၂၈ ရက်တို့တွင် တရားစခန်းပရဝဏ်ရှိ စင်မြင့်၌ မြဝတီအငြိမ့်ဖြင့် ဖျော်ဖြေမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီးအထက်ဌာပနာတော်သွင်း ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက မဟာမင်္ဂလာအခမ်းအနား

နိုင်ငံတော်သမ္မတနှင့် အဖွဲ့ဝင်များက မဟာဗောဓိရုပ်ပွားတော်မြတ်ကြီးအား ဆွမ်း၊ သစ်သီး၊ ပန်း၊ ရေချမ်းများ ဆက်ကပ်လှူဒါန်းပူဇော်ကြစဉ်။

(သတင်းစဉ်)

နိုင်ငံတော်သမ္မတနှင့် ဇနီးနှင့် အဖွဲ့ဝင်များက မဟာဗောဓိစေတီတော်၌ ဌာပနာတော်သွင်းလှူပူဇော်မည့် ရတနာစိန်ဖူးတော်နှင့် ဌာပနာရုပ်ပွားတော်များကို ပင့်ဆောင်၍ စေတီတော်မြတ်အား လှည့်လည်ပူဇော်ကြစဉ်။

(သတင်းစဉ်)

နေပြည်တော် ဥဒယရံသီကုန်းတော်ပြင်တွင် တည်ထားကိုးကွယ်သည့် သတ္တသတ္တာဟ မဟာဗောဓိစေတီတော်မြတ်ကြီး အထက်ဌာပနာတော်သွင်း၊ ရွှေထီးတော်တင်၊ မြသပိတ်ရွှေကြာသကန်းတော်ကပ်နှင့် ဗုဒ္ဓါဘိသေက မဟာမင်္ဂလာအခမ်းအနား ကျင်းပရာ ဘုရားဖူးလာ ပရိသတ်ပြည်သူများနှင့် စည်ကားသိုက်မြိုက်နေ သည်ကို ဝေဟင်မှ တွေ့ရစဉ်။

(သတင်းစဉ်)

လောင်းပူဇော်

းလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်တို့ မဟာဗောဓိ
ကြစဉ်။

(သတင်းစဉ်)

မန္တလေးနှင့်အထက်မြန်မာပြည်သတင်း

ကျောင်းအဆင့်တိုးမြှင့်ဖွင့်ပွဲ တိုင်းဒေသကြီးဝန်ကြီးချုပ်တက်ရောက်

စစ်ကိုင်း မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် မေ ၁၈ ရက်က ဆားလင်းကြီးမြို့နယ် ကံကုန်းကျေးရွာ အခြေခံပညာအထက်တန်း ကျောင်းခွဲ နှစ်ထပ်ကျောင်းဆောင်သစ် ဆောက်လုပ်မှုအား ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့သည်။

မေ ၂၀ ရက် နံနက်ပိုင်းက ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများသည် မုံရွာမြို့ အလုံရပ်ကွက် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၊ နှစ်ထပ်ကျောင်းဆောင်သစ်ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးကာ တာဝန်ရှိသူများနှင့် ပေါင်းစပ် ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ဘုတလင်မြို့နယ် မြို့ပေါ်ကျေးရွာ တွဲဖက်အခြေခံပညာအထက်တန်းကျောင်းမှ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)အဆင့် တိုးမြှင့်ဖွင့်ပွဲကို မေ ၂၁ ရက် နံနက်ပိုင်းက အဆိုပါ ကျောင်းဖွင့်ပွဲ မုခ်ဦးရှေ့၌ ကျင်းပရာ ဖွင့်ပွဲမုခ်ဦးကို တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဒေါက်တာမြင့်သိန်း၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်းလှိုင်၊ တိုင်းဒေသကြီး ပညာရေးညွှန်ကြားရေးမှူး ဦးလှသိန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက မုခ်ဦးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ဖြည့်ဆည်း

ဆက်လက်ပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ကျောင်းအတွက် အလှူငွေများ၊ ဗလာစာအုပ်များ၊ ဂျာနယ်စာစောင်များ၊ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်ပြီး ကျောင်းခန်းမ၌ ဒေသခံပြည်သူများနှင့် တွေ့ဆုံပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်းအတွက် လိုအပ်သည်များကို ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဖွင့်လှစ်

ထို့အပြင် ဘုတလင်မြို့နယ် တောဝေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း "လှနန်းသူဇာ" ကျောင်းဆောင်သစ်ဖွင့်ပွဲသို့ တက်ရောက်ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျောင်းဆောင်သစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ရှင်းလင်း

ဆက်လက်ပြီး ကျောင်းဆောင်သစ်လွှဲပြောင်းပေးအပ်ပွဲကို ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အလှူရှင် ဦးဝင်းမြင့်က ကျောင်းဆောင်သစ် ဆောက်လုပ်လှူဒါန်းရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

ထောက်ပံ့

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးနှင့် တာဝန်ရှိသူများက ကျောင်းအတွက် ပရိဘောဂပစ္စည်းများ၊ အလှူငွေများ၊ ဗလာစာအုပ်များ၊ အားကစားပစ္စည်းများ၊ ဂျာနယ်စာစောင်များ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

(တိုင်းဒေသကြီး ပြန်/ဆက်)

လူနာတင်ယာဉ် အခြေခံအရေးပေါ် အသက်ကယ်နည်းသင်တန်းဖွင့်

မန္တလေး မေ ၂၄

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ အရိုးရောဂါအထူးကုဆေးရုံကြီး၌ မေ ၂၀ ရက် နံနက် ၈ နာရီက Basic Life Support Training for Ambulance Crew လူနာတင်ယာဉ် အခြေခံအရေးပေါ် အသက်ကယ်နည်း သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့်တကွ မန္တလေးသူနာပြုတက္ကသိုလ်ပါမောက္ခချုပ်၊ မန္တလေးတိုင်းဒေသကြီး ကျန်းမာရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ အရိုးရောဂါပညာဌာန ပါမောက္ခ/ဌာနမှူးနှင့် ပါမောက္ခများ အထူးကုဆရာဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ သင်တန်းသား သင်တန်းသူ သူနာပြုဆရာမများနှင့်ကြက်ခြေနီတပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြသည်။ **(အပေါ်ပုံ)**

ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ မင်းသန်းညွန့်က မေ ၂၀ ရက်က ဆေးရုံများ၌ အဓိကအများဆုံးလူနာမှာ ယာဉ်ထိခိုက်မှုကြောင့် ဆေးရုံတက်ရောက်မှုများပြားကြောင်း၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများ ထိန်းသိမ်းရန်လိုအပ်သကဲ့သို့ အခင်းဖြစ်ပွားရာနေရာမှလူနာများကို ဆေးရုံအရောက်ပို့နိုင်ရန် လူနာတင်ယာဉ်ပေါ်၌ တာဝန်ကျ Ambulance Crew ၏ တာဝန်ဖြစ်သည့်အတွက် အသက်ကယ်ပစ္စည်းကိရိယာများ အပြည့်အစုံပါဝင်သည့် Mobile ICU ကို ကိုင်တွယ်အသုံးပြု၍ လူနာကို အသက်ကယ်နိုင်ပြီး ဆေးရုံသို့ အရောက်ပို့ပေးနိုင်ရမည်ဖြစ်ကြောင်း၊ (၂၇) ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ SEA Games ၌ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ရည်ရွယ်ပြီး လေ့ကျင့်သင်ကြားပေးခြင်းဖြစ်သော်လည်း နောင်အချိန်တွင် သင်တန်းသား သင်တန်းသူများသည် Emergency Unit (Ambulance System) များ၏ အဓိက လိုအပ်သူများဖြစ်ကြောင်းနှင့် SEA Games တွင် တာဝန်ယူသူများအနေဖြင့် အင်္ဂလိပ်ဘာသာစကားကိုလည်းအတော်အသင့်နားလည်ပြောကြားနိုင်ရေး လေ့ကျင့်ကြရန်လိုအပ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် မန္တလေးတိုင်းဒေသကြီးရှိ ဆေးရုံများမှ သူနာပြု ၂၀ နှင့် မန္တလေးမြို့ပေါ် ကြက်ခြေနီတပ်ဖွဲ့ဝင် ၂၀ တို့အား မန္တလေးအရိုးရောဂါအထူးကုဆေးရုံကြီး၊ ရန်ကုန်ပြည်သူ့ဆေးရုံကြီးတို့မှ အထူးကုဆရာဝန်ကြီးများက သင်တန်းပို့ချပေးသွားမည်ဖြစ်ကြောင်း သိရသည်။

(ဝ၄ဝ)

လယ်ယာစပါး ပြည့်အားထား တားဆီးကာကွယ် မီးရန်စွယ်

အစိုးရစိုက်ခြံထဲဝင်ရောက်ထွန်ယက်သူအား အမှုဖွင့်

မိတ္ထီလာ မေ ၂၄

မိတ္ထီလာခရိုင် သာစည်မြို့အရှေ့မြောက်ဘက် ၁၄ မိုင်ကွာ အင်တိုင်းသာစိုက်ခြံအတွင်းသို့ မေ ၁၆ ရက်က သန်းတောရွာနေ ဦးလင်း (၄၄ နှစ်)၊ မောင်တင့် (၄၈ နှစ်)၊ ဦးဆယ်ပြား (၅၃ နှစ်)၊ ဦးချစ်ပန် (၄၄ နှစ်)၊ ရေတွင်းကျေးရွာမှ ဦးလှစန်း (၄၂ နှစ်)နှင့် အင်တိုင်းသာကျေးရွာနေ ဦးကျော်မြင့် (၄၃ နှစ်)တို့က ဝင်ရောက်ထွန်ယက်နေသဖြင့် အင်တိုင်းသာစိုက်ခြံဦးစီးအရာရှိ ဦးငွေဆန်း (၄၄ နှစ်) က ဟံဇားရဲစခန်းသို့ အမှုဖွင့်တိုင်ကြားခဲ့သည်။ စိုက်ခြံအတွင်း ဝင်ရောက်ထွန်ယက်သူများကို ဟံဇားရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။ **တင်လှိုင်(မိတ္ထီလာ)**

ဝမ်းတွင်း၌ ဆိုင်ကယ်ချင်း မျက်နှာချင်းဆိုင်တိုက်

ဝမ်းတွင်း မေ ၂၄

ဝမ်းတွင်းမြို့ ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင်၃၅၇/၂ အနီး မေ ၁၈ ရက် ညနေက ဝမ်းတွင်းမြို့တောင်ဘက် ရတနာပုံစားသောက်ဆိုင်လုပ်သား ကျော်ဆန်းမောင် (၃၅ နှစ်)သည် လော်ဂျား ဆိုင်ကယ်ကိုနောက်မှ ဆိုင်မန်နေဂျာ မအေးအေးခိုင် (၄၂ နှစ်)အား တင်ဆောင်စီးနင်းလာစဉ် ဝမ်းတွင်းမြို့နယ် လိန်ပင်ကျေးရွာနေ ယာဉ်နောက်လိုက် နေရှိုင်း (၁၈နှစ်) စီးလာသည့် နံပါတ်မပါ လော်ဂျားဆိုင်ကယ်အနက်ရောင်နှင့် မျက်နှာချင်းဆိုင်တိုက်မိရာ ဆိုင်ကယ်စီးနေသူ နေရှိုင်း၊ ကျော်ဆန်းမောင်နှင့် နောက်မှလိုက်ပါသူ ဆိုင်မန်နေဂျာ မအေးအေးခိုင်တို့တွင် ဒဏ်ရာများရရှိခဲ့သည်။ ယာဉ်တိုက်မှုကို ဝမ်းတွင်းရဲစခန်းမှ ဒုရဲအုပ်ဝင်းကျော်စိုးက တရားလိုပြုလုပ်၍ ဆိုင်ကယ်မဆင်မခြင်စီးနင်းသူတို့အား အမှုဖွင့်အရေးယူထားသည်။ (ဝ၄ဝ)

ဆိုင်ကယ်ချင်းတိုက်မိရာမှ တစ်ဦးသေဆုံး

သပိတ်ကျင်း မေ ၂၄

မန္တလေးတိုင်းဒေသကြီး သပိတ်ကျင်းမြို့နယ် တကောင်းမြို့နယ်ခွဲ ဆက်သွယ်ရေးရုံးအနီး၌ မေ ၁၈ ရက် ည ၁၀ နာရီက တောင်မှမြောက်သို့ မျိုးဦး(၂၂ နှစ်)နှင့် လိုက်ပါစီးနင်းသူ ကျော်သူရထွန်း(၂၀ နှစ်)တို့ မောင်းနှင်လာသည့် KENBO 125 (မီးခိုးရောင်)နှင့် မြောက်မှတောင်သို့ အမည်(စိစစ်ဆဲ) လူငယ်တစ်ဦး မောင်းနှင်လာသည့် ဆိုက်ကလုံး (အနက်ရောင်)တို့ မျက်နှာချင်းဆိုင်တိုက်မိခဲ့ရာ အမည်(စိစစ်ဆဲ) လူငယ်တစ်ဦးသည် အခင်းဖြစ်ပွားရာနေရာ၌ သေဆုံးခဲ့ကြောင်းနှင့် မျိုးဦး၊ ကျော်သူရထွန်းတို့တွင် ပေါက်ပြဲဒဏ်ရာများ ရရှိသဖြင့် တကောင်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မဆင်မခြင်မောင်းနှင်သူ မျိုးဦးနှင့် အမည် (စိစစ်ဆဲ) လူငယ်တစ်ဦးတို့ကို တကောင်းရဲစခန်းက အမှုဖွင့်၍ ဒုရဲအုပ်ဝင်းမင်းထွန်းက စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **တင်မောင်(မန္တလေး-ကိုယ်ပွား)**

ဇမ္ဗူသီရိမြို့နယ်၌ ကြိုးဆွဲချသေဆုံးမှု ဖြစ်ပွား

နေပြည်တော် မေ ၂၄

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက် တိုက် ၂၀၇ ၌ မေ ၂၀ ရက် နံနက်က လူတစ်ဦးကြိုးဆွဲချသေဆုံးမှု ဖြစ်ပွားခဲ့သည်။ သေဆုံးသူ စိုးသီဟထွေး (၃၅ နှစ်)သည် မိသားစုနှင့်အတူ နေထိုင်လျက်ရှိရာ မေ ၁၉ ရက် ညအိပ်ရာဝင်ချိန်၌ အိပ်ခန်းတံခါးပိတ်ထားပြီး စောစောအိပ်ရာဝင်ခဲ့ကြောင်း၊ မေ ၂၀ ရက် နံနက်က အိပ်ရာထရန်သွားနှိုးစဉ် ပြတင်းပေါက်တန်း၌ နိုင်လွန်ကြိုးကိုကြိုးကွင်းပြုလုပ်ပြီး ကြိုးဆွဲချသေဆုံးနေကြောင်း သိရသည်။အဆိုပါသေဆုံးမှုကို ဇမ္ဗူသီရိမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးညီဝင်း၊ အမှတ်(၁) ရဲစခန်းမှူး ရဲအုပ်ဝင်းညွန့်ဦးတို့က သွားရောက်စစ်ဆေးပြီး အမှုဖွင့်အရေးယူ ဆောင်ရွက်နေကြောင်း သိရသည်။ **ကျော်သူရ(နေပြည်တော်)**

မြန်မာ့ဆိပ်ကမ်းသို့ ပင်လယ်ကူးသင်္ဘောများ ဝင်ရောက်မှုတိုးတက် ပို့ကုန်သွင်းကုန် တိုးတက်ရေးအတွက် များစွာအထောက်အကူပြု

သတင်း–မြင့်မောင်စိုး
ဓာတ်ပုံ–တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံတွင် စီးပွားရေးပွင့်လင်းလာမှုနှင့်အတူ ပြည်ပရင်းနှီးမြှုပ်နှံမှုများ တဖြည်းဖြည်းတိုးမြင့်လာသကဲ့သို့ ရန်ကုန်ဆိပ်ကမ်းသို့ နိုင်ငံခြား ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှုမှာလည်း နှစ်စဉ်တိုးတက်များပြားလာလျက်ရှိကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်မှ ထုတ်ပြန်ထားသော စာရင်းဇယားများတွင် ဖော်ပြသည်။

ရန်ကုန်ဆိပ်ကမ်းသည် ရန်ကုန်မြစ်ဝမှ ၃၂ ကီလိုမီတာအကွာ ပန်းလှိုင်မြစ်ပေါ်တွင် တည်ရှိသည်။ ရန်ကုန်ဆိပ်ကမ်းတွင် အရှည် ၁၆၇ မီတာ တန်ချိန်အားဖြင့် ၁၅၀၀၀ ရှိ သင်္ဘောကြီးများ ဆိုက်ကပ်နိုင်ပြီး သီလဝါဆိပ်ကမ်းတွင် အရှည်မီတာ ၂၀၀ တန်ချိန်အားဖြင့် ၂၀၀၀၀ နှင့် ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်လျက်ရှိသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် မြန်မာ့ဆိပ်ကမ်းအာဏာပိုင် စာရင်းဇယားများတွင် နိုင်ငံခြား ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှုမှာ စင်းရေအားဖြင့် ၂၁၉၆ စင်းရှိသည်။ ယင်းသည် ယမန်နှစ် ၂၀၁၁- ၂၀၁၂ ဘဏ္ဍာရေးနှစ်တွင် နိုင်ငံခြား ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်နိုင်မှု ၁၈၃၆ စင်းနှင့် နှိုင်းယှဉ်ကြည့်လျှင် ၂၀ ရာခိုင်နှုန်း တိုးတက်လာသည်။ ရန်ကုန်ဆိပ်ကမ်းသို့ နေ့စဉ် နိုင်ငံခြား ပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်လျက်ရှိရာ ပျမ်းမျှအားဖြင့် အစင်း ၈၀ ဝန်းကျင် ဝင်ရောက်ဆိုက်ကပ်လျက်ရှိကြောင်း သိရသည်။

အဆိုပါ နိုင်ငံခြားပင်လယ်ကူး

သင်္ဘောကြီးများသည် သွင်းကုန်အဖြစ် ပြည်ပနိုင်ငံများမှ မြန်မာနိုင်ငံတွင်းသို့ ရေနံနှင့်ရေနံထွက်ပစ္စည်းများ၊ မော်တော်ကား၊သံနှင့်သံမဏိ၊ ဘိလပ်မြေကဲ့သို့သော အထွေထွေကုန်ပစ္စည်းများတင်ဆောင်၍ ဆိုက်ကပ်လျက်ရှိသည်။ ပို့ကုန်အဖြစ် ရေနံနှင့်ရေနံထွက်ပစ္စည်း၊ ဆန်နှင့်ဆန်ထွက်ပစ္စည်း၊ သစ်နှင့် အထွေထွေကုန်ပစ္စည်းဟူ၍ တင်ပို့လျက်ရှိကြောင်း သိရသည်။

၂၀၁၂-၂၀၁၃ ဘဏ္ဍာရေးနှစ်တွင် ဆိပ်ကမ်းသို့ ဝင်ရောက်မှုသွင်းကုန်အဖြစ် မက်ထရစ်တန်ချိန် ၁၈၈၃၀၃၆၀ တန်ရှိပြီး ပို့ကုန်အဖြစ် မက်ထရစ်တန်ချိန် စုစုပေါင်း ၉၁၀၆၉၂၃ တန်ရှိသည်။ ယင်းသည် ဆိပ်ကမ်းအားလုံးအတွက် ဖြစ်သည်။

မြန်မာနိုင်ငံတွင် ရန်ကုန်ဆိပ်ကမ်းအပါအဝင် ဆိပ်ကမ်းကိုးခုရှိသည်။ ရန်ကုန်ဆိပ်ကမ်းပြင်ပတွင် စစ်တွေ၊ ကျောက်ဖြူ၊ သံတွဲ၊ ပုသိမ်၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်နှင့်ကော့သောင်း ဆိပ်ကမ်းများဖြစ်သည်။ ယခုအခါ သီလဝါဆိပ်ကမ်းသည် ရန်ကုန်ဆိပ်ကမ်းတွင်ပါဝင်ပြီး ပင်လယ်ကူးသင်္ဘောကြီးများ အဓိကဝင်ရောက်ဆိုက်ကပ်ရာ ဆိပ်ကမ်းဖြစ်သည်။

ဆိပ်ကမ်းဝန်ဆောင်မှု လုပ်ငန်းများကို ယခုအခါ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်အဖြစ် ပုဂ္ဂလိကကုမ္ပဏီများကလည်း ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။ မြန်မာနိုင်ငံတွင် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဦးစားပေးဆောင်ရွက်နေချိန် ရန်ကုန်ဆိပ်ကမ်းဝန်ဆောင်မှုလုပ်ငန်းများကို ပုဂ္ဂလိကကုမ္ပဏီများကလည်း ဝင်ရောက်လုပ်ကိုင်လျက်ရှိသည်။

ယခုကဲ့သို့ မြန်မာနိုင်ငံသို့ နိုင်ငံခြားပင်လယ်ကူးသင်္ဘောကြီးများ ဆိုက်ကပ်မှုတိုးလာခြင်းသည် မြန်မာ့စီးပွားရေး တိုးတက်လာမှုနှင့် အဓိကအားဖြင့် ဆက်နွှယ်လျက်ရှိသည်။ အဓိကအားဖြင့် သွင်းကုန်ပို့ကုန်များ တိုးမြှင့်လာရေးအတွက် အထောက်အပံ့ဖြစ်သည်။ သွင်းကုန်ပို့ကုန်များ တိုးတက်လာသည်နှင့်အမျှ ကုန်စည်စီးဆင်းမှုကောင်းမွန်မြန်ဆန်လာပြီး စီးပွားရေးတိုးတက်မှုသည်လည်း ပိုမိုမြန်ဆန်လာမည်ဖြစ်သည်။

(မြန်မာ့အလင်း)

ပြည်တွင်းသတင်းနှင့်ကြော်ငြာ

အသိပေးကြေညာ

ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ၂၀၁၃ခုနှစ်၊ ဇွန်လအတွင်း အောက်ဖော်ပြပါ မြို့နယ်များသို့ နယ်လှည့်၍ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ်နှင့် ယာဉ်မောင်းလိုင်စင်သက်တမ်းတိုးခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးမည်ဖြစ်ပါ၍ ကြိုတင်ပြင်ဆင်နိုင်ရန်အတွက် အသိပေးကြေညာအပ်ပါသည်-

စဉ်	တိုင်းဒေသကြီး/ ပြည်နယ်	မြို့နယ်
၁။	နေပြည်တော်	လယ်ဝေး
၂။	ရန်ကုန်တိုင်းဒေသကြီး	ဥက္ကံ၊ ဒလ
၃။	မန္တလေးတိုင်းဒေသကြီး	စဉ့်ကူး၊ သာစည်၊ ညောင်ဦး၊ တံတားဦး
၄။	ရှမ်းပြည်နယ်	လဲချား၊ သီပေါ၊ မိုင်းဖြတ်၊ မိုင်းယောင်း
၅။	ကချင်ပြည်နယ်	ချီဖွေ၊ ဆော့လော်၊ ရွှေကူ၊ ဟိုပင်
၆။	ကရင်ပြည်နယ်	လှိုင်းဘွဲ့
၇။	စစ်ကိုင်းတိုင်းဒေသကြီး	အရာတော်၊ ကောလင်း၊ ဝန်းသို၊ ပင်လယ်ဘူး၊ ခင်ဦး၊ တမူး
၈။	ပဲခူးတိုင်းဒေသကြီး	ပေါင်းတည်၊ ကြို့ပင်ကောက်
၉။	မကွေးတိုင်းဒေသကြီး	ချောက်၊ ဂန့်ဂေါ၊ ထီးလင်း၊ ငဖဲ၊ အောင်လံ
၁၀။	မွန်ပြည်နယ်	မုဒုံ၊ ပေါင်
၁၁။	ရခိုင်ပြည်နယ်	ဘူးသီးတောင်၊ မောင်တော
၁၂။	ဧရာဝတီတိုင်းဒေသကြီး	ကျုံပျော်၊ ရေကြည်၊ ဓနုဖြူ၊ ဇလွန်

မြန်မာ-တရုတ် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေးစည်းဝေး

ရန်ကုန် မေ ၂၄

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်ရှိ Mandalay Hill Resort Hotel ၌ မေ ၂၁ ရက် နံနက် ၈ နာရီခွဲက (၆)ကြိမ်မြောက် မြန်မာ-တရုတ် လူကုန်ကူးမှုပူးပေါင်းတိုက်ဖျက်ရေးအဆင့်မြင့်အရာရှိကြီးများ အစည်းအဝေးကျင်းပရာ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ ဒုတိယတပ်ဖွဲ့မှူးရဲမှူးကြီးဝင်းနိုင်ထွန်းနှင့် မြန်မာနှင့် တရုတ်အဆင့်မြင့်အရာရှိကြီးများက လူကုန်ကူးမှုကိစ္စများနှင့်စပ်လျဉ်း၍ ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်တွင်းသတင်း

အိမ်ရိုက်သံခုနစ်ချောင်း မျိုချသူအား ခွဲစိတ်ကုသပေး

ဖြူး မေ ၂၄

ပဲခူးတိုင်းဒေသကြီး ဖြူးမြို့နယ် ပြည်သူ့ဆေးရုံ၌ အိမ်ရိုက်သံဟောင်း ခုနစ်ချောင်းမျိုချသဖြင့် ဖြူးဆေးရုံ၌ အရေးပေါ်ခွဲစိတ်၍ အိမ်ရိုက်သံခုနစ်ချောင်းကို အူမကြီးထဲမှ ဖယ်ထုတ်ပြီး အသက်ကယ်ခဲ့ရကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် နံနက်ပိုင်းက ဖြူးမြို့နယ် ဖြူးအရှေ့ဘက် ဝဲကြီးကျေးရွာအုပ်စု ရွာနေ (၃၅နှစ်) အရွယ် အမျိုးသားတစ်ဦးသည် စိတ်ရောဂါအနည်းငယ်ခံစားနေရပြီး မေ ၂၃ ရက် နံနက်က မခံမရပ်နိုင်အောင် ဝမ်းဗိုက်အောင့်သဖြင့် မိဘများက ဖြူးဆေးရုံသို့ ပို့ဆောင်ခဲ့သည်။

၎င်းသည် စိတ်ရောဂါရှိသူ ဖြစ်၍ အိမ်သားများနှင့် ပတ်ဝန်းကျင်မှ လူများမသိအောင် အိမ်ရိုက်သံခုနစ်ချောင်း မျိုချထားသည်ကို အသိပေးပြောကြားခြင်းမပြုဘဲ ဗိုက်အောင့်သည်ကိုသာ ပြောနေသဖြင့် ဖြူးဆေးရုံအုပ်ကြီးနှင့်တိုင်ပင်၍ အရေးပေါ်ဌာနမှ ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာဒေါ်သက်သက်မော်က စမ်းသပ်စစ်ဆေးရာ အူအတက်နေရာအနီးတွင် အလုံးအဖုသေးတစ်ခု စမ်းသပ်တွေ့ရှိ၍ ချက်ချင်းပင် အရေးပေါ်ခွဲစိတ်ရာ အူအတက်နှင့် ကပ်လျက်အူမကြီးအတွင်းမှ အိမ်ရိုက်သံဟောင်း လေးလက်မနှစ်ချောင်း၊ နှစ်လက်မခွဲသံလေးချောင်း၊ နှစ်လက်မသံတစ်ချောင်းနှင့် နှစ်လက်မခန့်ရှိ ဝိုင်ယာကြိုးမျှင်တစ်ခု တွေ့ရှိဖယ်ထုတ်၍ အသက်ကို ကယ်တင်ပေးခဲ့ရပြီး အတွင်းလူနာအဖြစ် ဆေးကုသမှုခံယူနေရကြောင်း သိရသည်။

ဖြူး-မြင့်ဦး

စကိတ်ကွင်း သံဆန်ခါထိမိသဖြင့် ဓာတ်လိုက်သေဆုံး

အင်းတော် မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ်တွင် စကိတ်ကွင်းကာရံထားသော သံဆန်ခါနှင့် ထိမိပြီး ဓာတ်လိုက်သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ မေ ၂၂ ရက် ည ၈ နာရီ ၄၅ မိနစ်က အင်းတော်ပြည်သူ့ဆေးရုံ၌ ဓာတ်လိုက်သေဆုံးသူ တစ်ဦးရောက်ရှိနေကြောင်းသိရ၍ အင်းတော်ရဲစခန်းမှ ရဲတပ်ကြပ်ကြီး ကျော်ကျော်နှင့်အဖွဲ့သည် သက်သေများနှင့်အတူ သွားရောက်စစ်ဆေးကြည့်ရှုရာ သေဆုံးသူမှာ ထီးချိုင့်မြို့နယ် ကန်ပေါက်ရွာနေ ကျော်ဝင်းထွန်း(၂၁ နှစ်) ဆိုသူဖြစ်ပြီး မိုးယံစကိတ်ကွင်း၌ စကိတ်စီးရန် သွားရောက်ရာမှ ကာရံထားသည့် သံဆန်ခါကို ကိုင်မိသဖြင့် လျှပ်စစ်ဓာတ်လိုက်သေဆုံးကာ ပြင်ပဒဏ်ရာမရှိဘဲတွေ့ရှိရသဖြင့် ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ် မဟုတ် စစ်ဆေးသိရှိနိုင်ရန် သေမှုသေခင်းရေးဖွင့်ဆောင်ရွက်ထားသော အမှုဖြစ်ကြောင်း သိရသည်။

စုံစမ်းစစ်ဆေး

အမှုအား အင်းတော်ရဲစခန်းမှ စခန်းမှူး ရဲအုပ်သန်းအောင်က သေမှုသေခင်းဆိုင်ရာ စုံစမ်းစစ်ဆေးမှုများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

လှအောင်(ကသာ)

စာအုပ်စာပေ လူ့မိတ်ဆွေ

ခေါင်းတစ်လုံး ခြေရှစ်ချောင်းပါ ကျွဲကလေးမွေးဖွား ကျွဲနှစ်ကောင်ဝှေ့နေဟန် ပုံသဏ္ဌာန်ဖြစ်နေ

ထားဝယ် မေ ၂၄

ထားဝယ်ခရိုင် ရေဖြူမြို့နယ် သစ်တွင်ထောင့်ကျေးရွာအုပ်စု ကျောက်ဝှက်ကုန်းကျေးရွာတွင် မေ ၁၈ ရက် နံနက် ၄ နာရီက ကျွဲမကြီးမှ ဦးခေါင်းတစ်လုံး ခြေရှစ်ချောင်းပါ ကျွဲကလေးတစ်ကောင် ထူးဆန်းစွာ မွေးဖွားခဲ့ကြောင်း သိရသည်။

ကျောက်ဝှက်ကုန်းကျေးရွာတွင် ဦးအေးလွန်း-ဒေါ်ဒုမပိုင်ဆိုင်သော ကျွဲမကြီးမှ ကျွဲကလေးမွေးဖွားရာတွင် နှစ်ကောင်အရွယ်ဖြစ်နေခြင်းကြောင့် မွေးဖွားရန် မလွယ်ကူ၍ ရွာသားများထံ အကူအညီတောင်းခံပြီး မိခင်ကျွဲမကြီး သေဆုံးမှုမရှိစေရန် ခက်ခက်ခဲခဲ မွေးဖွားခဲ့ရကြောင်း၊ မွေးဖွားပြီးမကြာမီ ကျွဲကလေးသည် သေဆုံးသွားကြောင်း ဒေါ်ဒုမက ပြောကြားသည်။

လာရောက်ကြည့်ရှု

မွေးဖွားလာသော ကျွဲကလေးသည် ဦးခေါင်းတစ်လုံး၊ မျက်စိတစ်လုံး၊ နားရွက်လေးခု၊ ခြေရှစ်ချောင်း၊ အမြီးနှစ်ချောင်းပါရှိပြီး ကျွဲနှစ်ကောင်ဝှေ့နေဟန်ပုံသဏ္ဌာန်ဖြစ်နေသည်။ **(ယာပုံ)** အနီးပတ်ဝန်းကျင် ကျေးရွာများမှ ရွာသားများ လာရောက်ကြခြင်းကြောင့် ထူးဆန်းသောဖြစ်ရပ်ကို လာရောက်ကြည့်ရှုသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ဖိုးရွှေသွန်း(ထားဝယ်)

ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း

၂၄-၅-၂၀၁၃ **ရွှေဈေး** (အောင်သမာဓိရွှေဆိုင်)

၁၆ ပဲရည်(အခေါက်ရွှေ)	တစ်ကျပ်သား	၇၁၁၀၀၀
၁၅ ပဲရည်	တစ်ကျပ်သား	၆၆၉၂၀၀

(အချိန်နှင့်အမျှ ဈေးနှုန်းအပြောင်းအလဲရှိနိုင်ပါသည်)

နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (သိမ်ဖြူငွေလဲကောင်တာ)

အမေရိကန်	တစ်ဒေါ်လာ	၉၅၃ ကျပ်
ဥရောပ	တစ်ယူရို	၁၂၂၂ ကျပ်
စင်ကာပူ	တစ်ဒေါ်လာ	၇၅၂ ကျပ်
ထိုင်း	တစ်ဘတ်	၃၀. ၆၅ ကျပ်
အိန္ဒိယ	တစ်ရူပီး	၁၆. ၆၆ ကျပ်
တရုတ်	တစ်ယွမ်	၁၄၆ ကျပ်
မလေးရှား	ရင်းဂစ်	၃၀၄ ကျပ်

စက်သုံးဆီဈေးနှုန်းများ (Max/Newday စက်သုံးဆီအရောင်းဆိုင်)

ဓာတ်ဆီ	တစ်လီတာ	၈၁၄ ကျပ်
ဒီဇယ်	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၂	တစ်လီတာ	၈၆၀ ကျပ်
အောက်တိန်း ၉၅	တစ်လီတာ	၁၀၇၀ ကျပ်
ပရီမီယံဒီဇယ်	တစ်လီတာ	၈၈၀ ကျပ်

ခင်ရတနာ-စုစည်းသည်။

လှိုက်လှဲစွာ ဝမ်းမြောက်ဂုဏ်ယူခြင်း

ဦးဝင်းကြိုင်(စိန်ကုန်သည်) မိသားစု အမှတ်(၅၁)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့မှ ကျပ်သိန်းပေါင်း(၄၅၀၀)ကုန်ကျခံ ဆောက်လုပ်လှူဒါန်းခဲ့သော ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ်ကုတင်(၄၀)ဆံ့ဆေးရုံသစ်ကြီးအား အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ခြင်းအတွက် အထူးပင်ဝမ်းမြောက်ဂုဏ်ယူမိပါသည်။

ဦးသိန်းလွင်	စိန်မိသားစု သံထည်ရောင်းဝယ်ရေး	ဦးအေးကြူ(ခ)ဦးရာဂျူး	လူမှုနီဘိုးဘွားရိပ်သာ
ဦးလှအောင်	GREEN ENERGY CO.,		စူပါသံထည်ရောင်းဝယ်ရေး
ဦးစိုးမြင့်	စိန်ဘရားသား သံထည်ရောင်းဝယ်ရေး	ဦးစိန်လွင်	စိန်မိသားစု သံထည်ရောင်းဝယ်ရေး
	DICE အထည်ချုပ်လုပ်ငန်း	ဦးမောင်မောင်သန်း	စိန်မိသားစု သံထည်ရောင်းဝယ်ရေး

ကန့်ကွက်နိုင်ကြောင်းနှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၅၅(သမိုင်း)၊ မြေကွက်အမှတ် ၂၆/က-၃၊ ဧရိယာ ၀ ဒသမ ၁၈၆၉ဧက၊ မြေပိုင်မြေကွက်ကြီးအနက်မှ မခွဲမစိတ်ရသေးသော အတိုင်းအတာအားဖြင့် ၅၆/၆၀ ပေ × ၇၇/၈၃ ပေရှိ မြေကွက်နှင့်တကွ ယင်းမြေကွက်ပေါ်ရှိ မရမ်းကုန်းမြို့နယ်၊တေးနယဉ်လမ်း၊ အမှတ် ၅၅/A ဟုခေါ်တွင်သော နေအိမ်ကို ပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဦးကျော်ကျော်(ခ)ဦးကျော်ကျော်လှိုင် ၁၂/စခန(နိုင်)၀၂၃၁၂၂နှင့် (၂)ဒေါ်ခင်မာမာ ၈/ပခက(နိုင်)၀၇၁၃၈၁တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန် ရောင်းဈေးတန်ဖိုး၏ အစိတ်အပိုင်းကို ပေးချေထားပြီးဖြစ်ပါသည်။ ထိုကဲ့သို့ အရောင်းအဝယ်ပြုခြင်းအပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသော အထောက်အထားများဖြင့် ကျွန်ုပ်ထံ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးလိမ္မော် LL.B၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၄၃၁၄)
အမှတ် ၄၆/ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၃၇၃၄၉၉၊ ၀၉-၈၆၃၀၇၀၄

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၄၊ လူနေရပ်ကွက်အမှတ် သမိုင်း၊ မြေကွက်အမှတ် ၁၂၈ᴬ၊ ဧရိယာ ၀ ဒသမ ၂၁၂ ဧကအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော အလျား ၇၅/၆၀ ပေ × အနံ ၁၁၀/၈၀×၂၀ ပေ အကျယ်အဝန်းရှိ လက်ရှိမြေပြင်တွင် အုတ်တံတိုင်းခတ်ထားသည့် B၊ ဘိုးဘွားပိုင်မြေ ၃(ခ)ရပြီး မြေကွက်နှင့်တကွ အကျိုးခံစားခွင့်အားလုံးတို့ကို တရားဝင်အမည်ပေါက်ပိုင်ဆိုင်ထားသူ ဒေါ်နှင်းအိအိလှိုင် ၉/အမရ(နိုင်) ၁၀၄၅၃၆ ထံမှ ကျွန်ုပ်၏မိတ်ဆွေကဝယ်ယူရန်အတွက် မြေကွက်တန်ဖိုးငွေ၏ စရန်ငွေကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ မြေကွက်ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ပိုင်ဆိုင်မှုစာချုပ်မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြလှဲ့ဝင်း LL.B, D.B.L၊ အထက်တန်းရှေ့နေ
အမှတ် ၈၃၊ အထက်ဗဟိုလမ်း၊ (၂)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၇၀၅၄၄၅၊ ၀၁-၉၆၆၉၀၀၄၊ ၀၉-၅၁၅၁၈၃၃

အမည်ပြည့်စွက်ခြင်း

ဦးအားဖူ၏သမီး မြစ်ကြီးနားတက္ကသိုလ် သချာ်(ပထမနှစ်)မှ မငယ်ငယ်ထွေး ၁/မကန(နိုင်)၁၆၄၂၅၀အား မငယ်ငယ်ထွေး(ခ)မမီးငယ်ဟု ဖြည့်စွက်ခေါ်ပါရန်။

သားအဖြစ်မှ စွန့်လွှတ်ခြင်း

ကျွန်တော် ကျွန်မတို့၏သား မောင်ဇင်အောင်လွင် ၁၂/ဒပန(နိုင်)၀၅၀၇၈၂သည် မိဘနှစ်ပါးအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့ပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အပြီးအပိုင် စွန့်လွှတ်လိုက်ပါသည်။

၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝအား လုံးဝတာဝန်မယူပါကြောင်း ဆွေမျိုးမိတ်ဆွေများအား သိစေရန်နှင့် လက်ခံထားသူများ အရေးယူမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ **(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)**

ဦးဇော်လွင် ၁၂/ဒပန(နိုင်)၀၁၇၀၆၀
ဒေါ်နှင်းနှင်း ၁၂/ဆကန(နိုင်)၀၀၀၀၄၅

ကြော်ငြာ

မြင်းကကုန်းတိုက်နယ်ဆေးရုံသစ်ကြီး

အောင်မြင်စွာဖွင့်လှစ်ခြင်းကျေးဇူးတင်လွှာ

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ မြင်းကကုန်းတိုက်နယ်၊ မြင်းကကုန်းစံပြကျေးရွာတွင် ကျေးဇူးရှင် ဖခင်ကြီး (ဦးကရပယား)အား ရည်စူးကာ ကျေးဇူးရှင်မိခင်ကြီး ဒေါ်ကာလီယမားလ်အား အမှူးထား၍ ရန်ကုန်မြို့၊ ရွှေဘုံသာလမ်း၊ အမှတ် (၅၁)နေ ဦးဝင်းကြိုင် ညီအစ်ကိုမောင်နှမ မိသားစုတို့က စေတနာ သဒ္ဓါထက်သန်စွာဖြင့် ငွေကျပ်သိန်းပေါင်း ၄၅၀၀ တန်ဖိုးရှိ ခုတင် (၄၀)ဆံ့ မြင်းကကုန်းတိုက်နယ်ဆေးရုံသစ်ကြီးအား မေ ၁၄ရက် နံနက် ၁၀နာရီတွင် အောင်မြင်စွာဖွင့်လှစ်နိုင်ရေးအတွက် ပါဝင်ကူညီဆောင်ရွက်ပေးကြပါသော ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်၊ ဧရာဝတီတိုင်းဒေသကြီး လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးဆန်းမောင်၊ ဧရာဝတီတိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးသန်းထွန်း၊ ကျန်းမာရေးဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာအသီးသီးမှ ဝန်ထမ်းများ၊ May Modern Steel Construction ကုမ္ပဏီမှ MD ဦးတင်ဝင်းနှင့် ဇနီး ဒေါ်ခင်မာထွေးအားလည်းကောင်း၊ ဦးအေးကြူ(ခ)ဦးရာဂျူး (လုမ္ဗိနီဘိုးဘွားရိပ်သာ Founder) (Super သံဆိုင် တောင်ဒဂုံ) ဦးကျော်ကျော် (သံထည်ရောင်းဝယ်ရေး)အားလည်းကောင်း၊ ဆေးပဒေသာပင် စိုက်ထူပေးကြသော အလှူရှင်များ၊ ရန်ကုန်မှကြွရောက်လာသော အထူးဧည့်သည်တော်များ၊ မြန်မာ့ရုပ်မြင်သံကြားနှင့် သတင်းစာ၊ ဂျာနယ် Media ဝိုင်းတော်သားများ၊ သတင်းစာ၊ ဂျာနယ်များတွင် ဝမ်းမြောက်ကြောင်း ထည့်သွင်းပေးသော မိတ်ဆွေများ၊ ဘိုကလေးမြို့နယ်နှင့် မြင်းကကုန်း နယ်သူနယ်သားများအားလုံးနှင့် ကျေးဇူးတင်ထိုက်သူအားလုံးကို အထူးပင် ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုအပ်ပါသည်။

ဦးဝင်းကြိုင်
ညီအစ်ကိုမောင်နှမမိသားစု
အမှတ်(၅၁)၊ ရွှေဘုံသာလမ်း၊ ရန်ကုန်မြို့

နိုင်ငံတကာအားကစားသတင်း

ချန်ပီယံဖလား ဘိုင်ယန်လား ဒေါ့မွန်လား

မိုးမြင့်လင်းလက်

၂၀၁၂-၂၀၁၃ ဘောလုံးရာသီရဲ့ချန်ပီယံလိဂ်ဗိုလ်လုပွဲကို အင်္ဂလန်နိုင်ငံ လန်ဒန်မြို့ဝင်ဘလေကွင်းမှာ မေ ၂၆ ရက်တွင် ဂျာမန်ထိပ်တန်းကလပ်အသင်းဖြစ်တဲ့ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်တို့အကြိတ်အနယ် ယှဉ်ပြိုင်ကစားကြတော့မှာဖြစ်ပါတယ်။

ချန်ပီယံလိဂ်သမိုင်းတစ်လျှောက် ဂျာမန်ကလပ်နှစ်သင်း ချန်ပီယံလိဂ်ဗိုလ်လုပွဲမှာ ပထမဆုံးအကြိမ်ဆုံတွေ့ဖလားလုကြမယ့်ပွဲဖြစ်တာမို့ စိတ်ဝင်စားစရာကောင်းနေတာတော့ အမှန်ပါပဲ။ ဒါ့အပြင် နောက်ဆုံးဗိုလ်လုပွဲကို တက်ရောက်လာခဲ့တဲ့ ဒီနှစ်သင်းဟာ စပိန်ထိပ်တန်းအသင်းတွေ ဖြစ်တဲ့ ဘာစီလိုနာနဲ့ ရီးရဲမက်ဒရစ်တို့ကို ပြတ်ပြတ်သားသား ခြေစွမ်းပြဖြတ်ကျော်လာခဲ့တာကလည်း ထူးခြားနေပြန်ပါတယ်။

ဘိုင်ယန်မြူးနစ်အသင်းဟာ ချန်ပီယံလိဂ် ကွာတားဖိုင်နယ်အဆင့်မှာ အီတလီထိပ်သီးကလပ်ဖြစ်တဲ့ ဂျူဗင်တပ်စ်ကို နှစ်ကျော့ပေါင်းရလဒ် လေးဂိုးပြတ်နဲ့ အနိုင်ယူပြီး အကြိုဗိုလ်လုပွဲတက်ရောက်လာတာဖြစ်ပါတယ်။ အကြိုဗိုလ်လုပွဲမှာ ဒီနှစ်ချန်ပီယံလိဂ်ဖလားရနိုင်တဲ့ အသင်းအဖြစ် ရေပန်းစားနေတဲ့ ဘာစီလိုနာကို နှစ်ကျော့ပေါင်းရလဒ်ခုနစ်ဂိုးပြတ်နဲ့ ပြတ်ပြတ်သားသားအနိုင်ယူပြီး ဗိုလ်လုပွဲကို တက်ရောက်လာခဲ့ခြင်းဖြစ်ပါတယ်။ ဒီလိုခြေစွမ်းပြပြီး ပေးဂိုးမရှိဘဲ ကွာတားအဆင့်က နောက်ဆုံးဗိုလ်လုပွဲအထိ ၁၁ ဂိုးသွင်းယူထားနိုင်တဲ့ ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်ချန်ပီယံလိဂ် ဖလားရယူမယ့် အသင်းအဖြစ် ရေပန်းစားနေတာပဲဖြစ်ပါတယ်။

ဒါ့အပြင် ဘိုင်ယန်မြူးနစ်ဟာ ဒီနှစ်ဂျာမန်ဘွန်ဒက်စ်လီဂါပြိုင်ပွဲမှာလည်း တစ်လျှောက်လုံးခြေစွမ်းပြလာခဲ့ပြီး ဘွန်ဒက်စ်လီဂါဖလားကို ဆွတ်ခူးထားနိုင်ခဲ့ပါတယ်။ ဘိုင်ယန်မြူးနစ်မှာ တစ်ဦးချင်းစွမ်းရည်ပြည့်ဝတဲ့ ကစားသမားကောင်းတွေနဲ့ စုဖွဲ့ထားတာမို့ တစ်ဦးချင်းရော အသင်းလိုက်ပါ နားလည်မှုရှိရှိနဲ့ အချိတ်အဆက်မိမိကစားနိုင်နေတဲ့အသင်းဖြစ်တာမို့ ချန်ပီယံလိဂ်ဖလား ရယူမယ့်အသင်းအဖြစ် အလေးပေးခံနေရတဲ့အသင်းဖြစ်နေပါတယ်။

ပြိုင်ဘက်ဒေါ့မွန်တို့ကတော့ ချန်ပီယံလိဂ်ဖလားကွာတားအဆင့် ပြိုင်ပွဲမှာ မာလာဂါအသင်းကို နှစ်ကျော့ပေါင်းရလဒ်သုံးဂိုး-နှစ်ဂိုးနဲ့အနိုင်ရရှိပြီး အကြိုဗိုလ်လုပွဲကို တက်ရောက်လာတာဖြစ်ပါတယ်။ ချန်ပီယံလိဂ် အကြိုဗိုလ်လုပွဲမှာ စပိန်ထိပ်တန်းကလပ်ရီးရဲမက်ဒရစ်ကို နှစ်ကျော့ပေါင်းရလဒ်လေးဂိုး-သုံးဂိုးနဲ့ အနိုင်ရပြီး နောက်ဆုံးဗိုလ်လုပွဲတက်ရောက်လာတဲ့အသင်းဖြစ်ပါတယ်။

ဒေါ့မွန်အသင်းဟာ စိတ်ဓာတ်ကောင်းမွန်ပြီး အနိုင်ရယူရေး တွန်းအားတွေနဲ့ ပြည့်လျှံနေတဲ့ အနေအထားရှိနေပါတယ်။ ဒီနှစ်ဘောလုံးရာသီမှာ ဖလားလက်မဲ့မဖြစ်ဖို့နဲ့ အသင်းရဲ့သမိုင်းမှာ မှတ်တမ်းသစ်ရေးထိုးနိုင်ဖို့ ရှားပါးတဲ့ အခွင့်အရေးကောင်းတစ်ရပ်ဖြစ်နေတာကြောင့် ဒီပွဲမှာ ဖောင်ဖျက်ချေမှုန်းမယ့် စိတ်ဓာတ်တွေ ဆူဝေနေပြီဖြစ်ပါတယ်။

ဘိုင်ယန်မြူးနစ်နဲ့ ဒေါ့မွန်တို့ ဒီနှစ်ဘွန်ဒက်စ်လီဂါမှာ နှစ်ကြိမ်ဆုံတွေ့ခဲ့ရာမှာ ဘိုင်ယန်မြူးနစ်တို့ နှစ်ကျော့စလုံးအနိုင်မရရှိခဲ့တာမို့ ဒေါ့မွန်ရဲ့အားထုတ်မှုစွမ်းရည်မြင့်မားမှုအပေါ် အသိအမှတ်ပြုရမှာ ဖြစ်ပါတယ်။ ဒါ့ကြောင့် ရေခြားမြေခြား လန်ဒန်မြို့ရဲ့ ဝင်ဘလေကွင်းမှာ ပြိုင်ဆိုင်ရမယ့် ဒီနှစ်သင်းရဲ့ ဗိုလ်လုပွဲမှာ ချန်ပီယံလိဂ်ဖလားကို ဘယ်အသင်းက သယ်ယူသွားနိုင်မလဲဆိုတာ ရင်ခုန်စရာကောင်းနေတာတော့ အမှန်ပါပဲ။ ။

ဘောလုံးသတင်း အတိုအထွာ

မောင်ချစ်ကြည်

- ❖ မန်ယူနည်းပြဖြစ်လာမည့် ဒေးဗစ်မိုယက်စ်က ဘာစီလိုနာကွင်းလယ်ကစားသမား သီယာဂိုကို ပေါင် ၁၅ သန်းပေး၍ ခေါ်ယူမည်ဖြစ်သည်။
- ❖ နာပိုလီအသင်းသည် နည်းပြအဖြစ် ဘင်နီတက်ဇ်နှင့် တိုက်စစ်မှူး တောရက်စ်တို့အား ခေါ်ယူရန်ပြင်ဆင်လျက်ရှိသည်။
- ❖ ဂါရက်ဘေးလ်က မိမိသည် စပါးအသင်းနှင့်အတူ လာမည့်နှစ်၌ ချန်ပီယံလိဂ်ဝင်ခွင့်ရအောင် ကြိုးစားမည်ဟု ထုတ်ဖော်ပြောကြားသည်။
- ❖ ပီအက်စ်ဂျီအသင်းတိုက်စစ်မှူး အီဘရာဟင်မိုဗစ်ကို ထွက်ခွာခွင့်ပြုမည် မဟုတ်ကြောင်း ယင်းကလပ်တာဝန်ရှိသူများက ပြောကြားသည်။
- ❖ ဂျူဗင်တပ်စ်သည် ရီးရဲမက်ဒရစ်တိုက်စစ်မှူး ဟီဂူအင်ကို တစ်နှစ်လုပ်ခ ပေါင်လေးသန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိသည်။
- ❖ အဲဗာတန်နှင့် အင်တာမီလန်အသင်းတို့သည် အက်စ်ပန်ညိုအသင်းကွင်းလယ်ကစားသမား ဝါကာဆိုမူဘာရက်အား ခေါ်ယူရန် အပြိုင်ကြိုးစားလျက်ရှိသည်။
- ❖ အသက် ၂၈ နှစ်အရွယ်ရှိ ဘရာဇီးနောက်ခံကစားသမား အက်ဒရီရာနိုအား ဘာစီလိုနာက ၂၀၁၇ ခုနှစ်အထိ စာချုပ်အသစ်ထပ်မံချုပ်ဆိုလိုက်သည်။
- ❖ အသက် ၃၃ နှစ်အရွယ်ရှိ ဂိုးသမား ရောဘတ်ဂရင်းက ကျူပီအာအသင်းတွင် ဆက်လက်ကစားမည်ဖြစ်ကြောင်း ထုတ်ဖော်ပြောကြားသည်။
- ❖ လီဗာပူးနည်းပြရောစ်ဂျာက တိုက်စစ်မှူး ဆွာရက်ဇ်ကို ကြိုက်ဈေးရလျှင် ရောင်းမည်ဟု ထုတ်ဖော်ပြောကြားသည်။
- ❖ အသက် ၂၆ နှစ်အရွယ်ရှိ ချယ်လ်ဆီးနောက်ခံလူ ဒေးဗစ်လူးဝစ်ကို အင်တာမီလန်က ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

မာ့ခ်ဟုချ် စတုတ်နည်းပြဖြစ်လာနိုင်

ကျူပီအာနည်းပြဟောင်း မာ့ခ်ဟုချ်သည် ရာထူးမှ နုတ်ထွက်သွားသော စတုတ်စီးတီးနည်းပြ တိုနီပူလစ်နေရာတွင် အစားထိုးရန် ထိပ်ဆုံးမှရေပန်းစားနေသည်။

တိုနီပူလစ်သည် မေ ၂၁ ရက်က စတုတ်စီးတီးအသင်းမှ ထွက်ခွာသွားသည်။ ဝီဂန်နည်းပြ မာတီနက်ဇ်သည်လည်း စတုတ်နည်းပြဖြစ်လာနိုင်သည်။ သို့သော် မာ့ခ်ဟုချ်သည် ထိပ်ဆုံးစာရင်းတွင်ပါဝင်သည်။ မာ့ခ်ဟုချ်သည် မန်ယူ၊ ဘာစီလိုနာ နှင့် ချယ်လ်ဆီးတိုက်စစ်မှူးဟောင်းဖြစ်သည်။ ၁၉၉၉ ခုနှစ်မှစပြီး ဝေလအသင်းနှင့်အတူ နည်းပြဖြစ်လာခဲ့သည်။ ၂၀၀၄ ခုနှစ်တွင် ဘလက်ဘန်းကို ကိုင်တွယ်ခဲ့သည်။

ဖယ်လ်ကာအိုနှင့် နေမာတို့အား စာမချုပ်ဟု မန်စီးတီးဆို

အက်သလက်တီကိုတိုက်စစ်မှူး ဖယ်လ်ကာအိုနှင့် ဆန်းတို့စ်တိုက်စစ်မှူး နေမာတို့ကို မန်စီးတီးက စာချုပ်ရန်ကြိုးစားနေသည်ဆိုခြင်းကို မန်စီးတီးက ငြင်းဆိုလိုက်သည်။

ဖယ်လ်ကာအိုသည် မန်စီးတီးကဲ့သို့ ရီးရဲမက်ဒရစ်၊ ချယ်လ်ဆီးနှင့် မိုနာကိုကလပ်တို့က ကမ်းလှမ်းထားသူဖြစ်သည်။ ထို့အတူ နေမာသည်လည်း ၂၀၁၄ ကမ္ဘာ့ဖလားမတိုင်မီ ဥရောပကလပ်များက စိတ်ဝင်စားနေသော်လည်း ဘရာဇီး၌သာ ဆက်ရှိနေလိမ့်မည်ဟု မန်စီးတီးတာဝန်ရှိသူများက ပြောကြားသည်။ မန်စီးတီးတိုက်စစ်မှူး အဂူရိုထွက်ခွာလိမ့်မည်ဆိုသော သတင်းကိုလည်း ယင်းကလပ်က ငြင်းဆိုလိုက်သည်။

ယူရိုပါလိဂ်ဆွတ်ခူးသည့်အသင်း ချန်ပီယံလိဂ်ဝင်ခွင့်ရရှိနိုင်

ယူရိုပါလိဂ်ဖလားဆွတ်ခူးနိုင်သည့် အသင်းသည် ၂၀၁၆ ခုနှစ်မှစပြီး ချန်ပီယံလိဂ်ဝင်ခွင့်နေရာ ရ မရနှင့်ပတ်သက်ပြီး ယူအီးအက်ဖ်အေက မကြာမီ ကြေညာလိမ့်မည်ဖြစ်သည်။

ယင်းဆုံးဖြတ်ချက်သည် ဥရောပကလပ်များအသင်း (အီးစီအေ)နှင့် ယူအီးအက်ဖ်အေတာဝန်ရှိသူများအကြား လအတန်ကြာ ဆွေးနွေးခဲ့ပြီးနောက် ထွက်ပေါ်လာခြင်းဖြစ်သည်။ ၄င်းဆောင်ရွက်ချက်သည် ဥရောပဒုတိယတန်းကလပ်ပြိုင်ပွဲအပေါ် အဆင့်မြှင့်တင်ပေးလိုက်ခြင်းဖြစ်သည်။ ထိုအတောအတွင်း ဘာလင်အိုလံပစ်ကွင်းကို ၂၀၁၅ ချန်ပီယံလိဂ်ဗိုလ်လုပွဲ ယှဉ်ပြိုင်ကစားမည့်ကွင်းအဖြစ် ထုတ်ဖော်ကြေညာလိုက်သည်။

ကောင်းမြတ်သူ စုစည်းသည်

Aye's Family Services Co., Ltd မှ ရှင်းလင်းကြေညာချက်

[illegible]

Aye's Family Services Co., Ltd
[illegible]

မသက်ဆိုင်တော့ပါကြောင်း

ဦးလှထွန်း၏သား မောင်အောင်ကျော်ထွန်း ၁၂/တကန(နိုင်)၀၉၅၈၂၃ နှင့် ဦးမောင်ကို၏သမီး မဇင်မာသူ ၁၂/တကန (နိုင်)၀၈၂၈၆၄ တို့သည် တစ်ဦးနှင့်တစ်ဦး ရှင်းလင်းပြီးသားဖြစ်သဖြင့် မည်သို့မျှ မသက်ဆိုင်တော့ပါကြောင်း အသိပေးအပ်ပါသည်။

အသင်းသားစုံညီ အထူးအစည်းအဝေးဖိတ်ကြားခြင်း

အကြောင်းအရာ။ ။ ကုန်သည်စက်မှုအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ (မူကြမ်း)ကို အတည်ပြုရန်ကိစ္စ။

နိုင်ငံတော်၏ တိုးတက်ဖြစ်ပေါ်ပြောင်းလဲလျက်ရှိသော အခြေအနေနှင့် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်ပြင်ဆင်ရေးဆွဲပြုစုထားသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို အသင်းသားများ၏ ဆန္ဒရယူ၍ အတည်ပြုနိုင်ရန်အတွက် ကုန်သည်စက်မှုအသင်းချုပ်၏ အသင်းသားစုံညီ အထူးအစည်းအဝေးကို အောက်ပါအတိုင်းကျင်းပမည်ဖြစ်ပါ၍ အသင်းသားအားလုံး တက်ရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၂၆-၅-၂၀၁၃ ရက် (တနင်္ဂနွေနေ့)
ကျင်းပမည့်အချိန် - ၁၃:၀၀ နာရီ
ကျင်းပမည့်နေရာ - UMFCCI Office Tower ပထမထပ်ခန်းမ၊ အမှတ် ၂၉၊ မင်းရဲကျော်စွာလမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့

အထက်ပါ အသင်းသားစုံညီ အထူးအစည်းအဝေးဖိတ်စာနှင့် ယင်းအစည်းအဝေးတွင် တင်သွင်းမည့် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်း(မူကြမ်း)တို့ကို ကြိုတင်ဖတ်ရှုလေ့လာနိုင်ပါရန် UMFCCI Website ဖြစ်သော www.umfcci.net တွင် တင်ထားပြီးဖြစ်ပါသည်။ ထို့အပြင် အဆိုပါသင်းဖွဲ့စည်းမျဉ်းနှင့်သင်းဖွဲ့မှတ်တမ်း(မူကြမ်း)ကို ရန်ကုန်မြို့၊ မင်းရဲကျော်စွာလမ်း၊ အမှတ် ၂၉ရှိ ကုန်သည်စက်မှုအသင်းချုပ်၊ အထွေထွေအတွင်းရေးမှူးရုံးဌာန ဖုန်း-၂၃၀၁၅၆၊ ဝန်ဆောင်မှုဌာန ဖုန်း-၂၃၀၁၅၆၂နှင့် စီမံရေးရာဌာန ဖုန်း-၂၃၀၁၅၆၅ တို့သို့ ရုံးချိန်အတွင်း စုံစမ်းမေးမြန်း၍ အသင်းဝင်ကတ်ဖြင့် လာရောက်ထုတ်ယူနိုင်ပါသည်။

အဆိုပါ အသင်းသားစုံညီအထူးအစည်းအဝေးတွင် နေရာထိုင်ခင်းအဆင်ပြေချောမွေ့စွာ စီစဉ်နိုင်ရန်အတွက်တက်ရောက်မည့်အသင်းသားများအနေဖြင့် အသင်းချုပ်ရုံး၊ ဝန်ဆောင်မှုဌာန၊ အသင်းသားဌာနစိတ်တွင် အသင်းဝင်ကတ်ဖြင့် ကြိုတင်စာရင်းပေးသွင်းပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

ဝန်ထမ်းအလိုရှိသည်

(ကျပ်ငွေဖြင့် ပြည်တွင်း၌သာခန့်ထားရန်)

(၁) Cashier မ (၁) ဦး
ရန်ကုန်တွင်တာဝန်ထမ်းဆောင်ရန်
(၂) စာရင်းကိုင် မ (၁) ဦး
နေပြည်တော်တွင်တာဝန်ထမ်းဆောင်ရန်
အမှတ်စဉ်(၁)နှင့်(၂)အတွက် Computer တတ်ကျွမ်းရမည်။
အမှတ်စဉ်(၁)အတွက် Any Graduate၊ အသက်(၂၀)မှ (၂၅)နှစ်အတွင်း
အမှတ်စဉ်(၂)အတွက် Any Graduate၊ အသက်(၂၅)နှစ်မှ (၃၀)အတွင်း
LCCI Level(III) အောင်ရမည်။
ဆက်သွယ်ရန် အမှတ်-၁၉(B/C)၊ ပင်ရွှေညောင်လမ်း၊ တာမွေ၊ ရန်ကုန်
Good Luck Stationery ဖုန်း-၀၁-၄၀၁၄၀၅

ဥတုရာသီ တောကိုမှီ၏

ကလောမြို့မှ မြေကွက်ရောင်းမည်

ပေ (၅၀ X ၁၀၀)
ပေ (၁၀၀ X ၁၀၀)
ပေ (၆၀ X ၂၀၀)
ဖုန်း-၀၉-၄၃၂၀၁၈၄၇၊
၀၉-၄၂၁၁၆၅၃၉၈၊
၀၉-၄၂၁၁၆၅၃၉၉

အမည်မှန်

ဦးကျော်ကျော်ဦး၏သမီး အထက (၃) မင်္ဂလာတောင်ညွန့်၊ Grade 7(B) အောင်မှ မသီရိမိုး၏ အမည်မှန်မှာ မသီရိမိုးဦး ဖြစ်ပါသည်။
မသီရိမိုးဦး

ပျောက်ဆုံး

ကျွန်တော် သျှန်းနိုင်မွဲ၏ ပတ်စပို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၅၃၆၃၄၅၉

မော်လမြိုင်မြို့ အစဝေးပြောလမ်းမပေါ်ရှိ ရေလဲလမ်းဆောင်အနီး ဘုန်းကြီးကျောင်းဆိုင်အတွက် သုံးဆောင်နိုင်ရန်
အချွန်နေရာကောင်း (၆၀' x ၈၀')
အိမ်နှင့်မြေရောင်းမည်
ညီနိုင်းရေး၊ ဖုန်း-၀၉၇၃၀၃၉၁၇၈

[illegible]

L.L.B
[illegible]

ရှားလျှင်ရွှေ၊ ပေါလျှင် အမှိုက်ဖြစ်သည့်ဖရဲ

"မြန်မာ့ဖရဲသီးဈေးကွက်ရဲ့ သဘောက ရှားလျှင်ရွှေပဲ၊ အဲ၊ အလွန်ပေါလာပြီဆိုရင်တော့ အမှိုက်ပဲ" ဟု ဝါရင့်ဖရဲကုန်သည်ကြီး ဦးနိုင်ဝင်းက ပြောပြဖူးသည်။

ယခုအချိန်သည် ဧရာဝတီမြစ်ကမ်းတစ်လျှောက်နှင့် ရန်ကုန်တိုင်းဒေသကြီးထွက် ဖရဲသီးများ အထွက်ပါးသောအချိန်ဖြစ်သည်။ ဗန်းမော်၊ ကသာ၊ ထီးချိုင့်၊ တကောင်း၊ ကြာညှပ်ထွက်ဖရဲများ၊ ကုန်သည်များ အခေါ် 168 (အဖြူသီး)များက မန္တလေး ရွှေကြက်ယက်မှတစ်ဆင့် ရန်ကုန်မြို့ဆီသို့ ကြီးမားသော (ဘီး-၂၀) ကားကြီးများဖြင့် အစဉ်မပြတ်ဝင်လာနေသည်ကို တွေ့ရသည်။

ကြည့်မြင်တိုင် သီရိမင်္ဂလာယာဉ်ရောင်းဝယ်ရေးစခန်းရှေ့ရှိ ဖိုးသားလေးဖရဲဆိုင်မှ "အဲဒီဘက်က ဖရဲထွက်အားကောင်းတယ်၊ အခု မူဆယ်ကဆွဲအားမရှိ၊ ဈေးမရတော့ ရန်ကုန်ကို အလုံးလိုက်၊ အရင်းလိုက် ဆင်းလာတယ်" ဟု ဆိုသည်။ အချို့ဖရဲစိုက် မြန်မာတောင်သူများအနေဖြင့် တရုတ်တို့နှင့်အပြိုင် စိုက်နေရခြင်းဖြစ်သည်။ တရုတ်စိုက်ပျိုးသူတို့က ဖရဲရာသီအလိုက် မြေငှားစိုက်ကြသည်။ မြေတစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀ မှ ငွေကျပ် ၁၅၀၀၀၀ အထိ ဈေးရှိသည်။ ၎င်းတို့ စိုက်ပျိုးမှုမှာ ဓာတ်မြေဩဇာကို အလွန်အမင်း အသုံးပြုကြ



ခြင်းကြောင့် အသီးလှသော်လည်း ဖရဲစိုက်ရာသီပြီးပါက ယင်းမြေသည် ပျက်စီးကျန်ခဲ့ပြီး နောက် မြန်မာတောင်သူတို့အတွက် ပြန်လည်စိုက်ပျိုးရန် အခက်အခဲများရှိကြောင်းကိုလည်း ရန်ကုန်သို့ ကိုယ်တိုင်ဖရဲ လာပို့သော ကုန်သည်တစ်ဦးက ဆိုသည်။

ရှမ်းပြည်နယ် လားရှိုး၊ သီပေါ၊ တန့်ယန်း၊ မိုင်းရယ်တို့တွင်လည်း ဖရဲစိုက်သည်မှာ ၁၅ နှစ်ခန့်ရှိပြီ ဖြစ်ကြောင်း ဖရဲကုန်သည်ကြီး ဦးနိုင်ဝင်းက ဆိုသည်။ ရာသီဥတုမှာလည်း အခြားဖရဲစိုက်ဒေသများနှင့် မတိမ်းမယိမ်းရှိကြောင်း သိရသည်။ အဓိက မူဆယ်အတွက်ချိန်စိုက်ကြခြင်း ဖြစ်ပြီး အသီးများမှာ သင်္ကြန်ရက်အနီးနှင့် သင်္ကြန်အလွန်ရက်များတွင် အသီးလှိုင်ကြောင်း ၎င်းက ဆိုသည်။

ယခုရက်ပိုင်းများအတွင်း မြန်မာပြည် မြို့အတော်များများ၌ မုန်တိုင်းမိုးရွာသွန်းလာခြင်း၊ ရာသီဥတုမမှန်ခြင်းကြောင့် ဖရဲအရောင်းအဝယ်ပါးလာကြောင်း၊ မူဆယ်ဘက်မှလည်း အဆွဲပါးလာခြင်းနှင့်အတူ မုတ်သုံဝင်လာတော့မည်ဖြစ်၍ အရောင်းဆိုင်အချို့ ဖျက်သိမ်းလာကြောင်းကို သိရသည်။

မြန်မာ့ဖရဲ၏အဓိကအရောင်းဈေးကွက်သည်တရုတ်ဖြစ်သည်။ ဖရဲစိုက်တောင်သူများနှင့် ကုန်သည်များ အနေဖြင့် တရုတ်ဝယ်လက်ကို အားကိုး၍ စိုက်ပျိုးရောင်းဝယ်ကြခြင်းဖြစ်သည်ဟု သိရသည်။ တရုတ်ဘက်မှ ဆွဲအားကောင်းပြီး ဈေးရပါက ဖရဲတစ်ရာသီတည်းနှင့်ပင် မြေကြီးက ရွှေသီးနိုင်ကြပြီး အမှတ်မထင် တရုတ်က ဆွဲအားကျခြင်းနှင့်အတူ ရာသီဥတုကလည်း ဖောက်ပြန်လာပါက အရောင်းအဝယ်"အ" ပြီး လက်ရှိဖရဲများသည် အမှိုက်အဖြစ်နှင့်သာ ကျန်ခဲ့ကြောင်း ဖရဲကုန်သည်ကြီး ဦးနိုင်ဝင်းက လက်တွေ့ဘဝနှင့် ယှဉ်ပြောပြခဲ့သည်။ သို့အတွက် ဖရဲ လောကသားများ၏ စကားဖြစ်သော ရှားလျှင်ရွှေ ပေါလျှင်အမှိုက်" ဖြစ်သွားတတ်သည့် ဖရဲဈေးကွက်သတင်းကို ဖြန့်ခင်းရေးသားလိုက်ရပါသည်။

သတင်းနှင့်ဓာတ်ပုံ-တင်ဝင်းလေး (ကြည့်မြင်တိုင်)

နိုင်ငံသားစိစစ်ရေးကတ်ထုတ်ပေးရေး ကွင်းဆင်းဆောင်ရွက်

ဝါးခယ်မ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးအေးဝင်းနှင့်ဝန်ထမ်းများသည် မေ ၂၁ ရက် နံနက် ၁၀ နာရီက စတင်၍ မိုးပွင့်အဆင့် (၅) စီမံချက် ကွင်းဆင်းဆောင်ရွက်ရာ တောင်အူ သပြုကျေးရွာသို့ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးကျော်လွင်နှင့် ခရိုင်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးရှိန်လင်းတို့ တက်ရောက်အားပေး ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

(၁၇၂)

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

လယ်ယာမြေလုပ်ပိုင်ခွင့် ပြုလက်မှတ်များ ထုတ်ပေး

မြို့သစ် မေ ၂၄

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်တွင် တောင်သူများထံသို့ လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်ထုတ်ပေးပွဲကို မေ ၂၃ ရက် နံနက် ၉ နာရီခွဲက ညောင်ကိုင်းအုပ်စု၊ နဘဲကုန်းအုပ်စုတို့မှ တောင်သူများအား လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်များ ထုတ်ပေးခဲ့ကြောင်း သိရသည်။

ပေးအပ်

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမော်က လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ထုတ်ပေးရခြင်း၏ ရည်ရွယ်ချက်များကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ် မြေစာရင်းဦးစီးမှူး ဦးစိုးလှတို့က တောင်သူများအား ပေးအပ်ခဲ့သည်။

မြို့သစ်မြို့နယ်အတွင်း လယ်ယာမြေလုပ်ပိုင်ခွင့်ပြု တောင်သူ ၂၀၀၀၉ ဦးရှိပြီး သတ်မှတ်ကာလအတွင်းပြီးစီးအောင် လယ်ယာမြေလုပ်ပိုင်ခွင့်ပြုလက်မှတ်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ် မြေစာရင်းဦးစီးဌာနမှူး ဦးစိုးလှ၏ ပြောကြားချက်အရ သိရသည်။

နိုင်ဝင်း

ကလေးဗဟိုပြုချဉ်းကပ်နည်း ဆင့်ပွားသင်တန်းဆင်း

မြို့သစ် မေ ၂၄

မြန်မာနိုင်ငံ၏ ပညာရေးကို ကမ္ဘာနှင့်ရင်ပေါင်တန်းနိုင်ရေး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ လမ်းညွှန်ချက်နှင့်အညီ ကလေးဗဟိုပြု ချဉ်းကပ်နည်းသင်တန်းကို မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် ပညာရေးမှူးရုံး၌ သင်တန်းသား သင်တန်းသူ ၅၆၈ ဦးတို့အား မေ ၁၂ ရက်မှ ၂၂ ရက်အထိ သင်တန်းပို့ချခဲ့ပြီး မေ ၂၂ ရက် နံနက် ၁၀ နာရီက သင်တန်းဆင်းပွဲ ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းမော်နှင့် မြို့နယ်ပညာရေးမှူး ဒေါ်ခင်အုန်းမြင့်တို့က အမှာစကားများ ပြောကြားခဲ့ကြသည်။

ထို့နောက် ဆုရရှိကြသည့် သင်တန်းသား သင်တန်းသူများအား မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုလက်မှတ်နှင့် ဂုဏ်ပြုဆုများကို ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

နိုင်ဝင်း

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ပုဏ္ဏားကျွန်း-ကျောက်တော်၊ ပုဏ္ဏားကျွန်း-မြောက်ဦးနှင့် ပုဏ္ဏားကျွန်း-စစ်တွေ ၆၆ ကေဗွီဓာတ်အားလိုင်း သုံးလိုင်းအတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ် အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာန၏ ဓာတ်အားခွဲရုံများတွင် အရန်အဖြစ်ထားရှိရန်အတွက် လိုအပ်သောပစ္စည်းများကို နိုင်ငံခြားငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ ၂၃၀ ကေဗွီ မန်း-အမ်း ဓာတ်အားလိုင်းအတွက် လိုအပ်သောဘိလပ်မြေများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၇-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း ဓာတ်အားစနစ်ဌာနလက်အောက်ရှိ မဟာဓာတ်အားလိုင်းများတွင် ထိန်းသိမ်းပြုပြင်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် လိုအပ်သောပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၂၈-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ဓာတ်အားစနစ်ဌာနလက်အောက်ရှိ မဟာဓာတ်အားလိုင်းရုံးများနှင့် ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် လိုအပ်သော HDBC No.4 & 6 များကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

တင်ဒါပုံစံရောင်းချမည့်ရက် - ၂၇-၅-၂၀၁၃ရက်
တင်ဒါပိတ်မည့်ရက် - ၁၇-၆-၂၀၁၃ရက်
တင်ဒါပိတ်မည့်အချိန် - ၁၄း၀၀နာရီ

တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင် လာရောက်စုံစမ်း ဝယ်ယူနိုင်ပါသည်။

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
တင်ဒါကြီးကြပ်ရေးအဖွဲ့
မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန
ရုံးအမှတ်(၂၇)၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂

တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း
လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၆)၊ မြိတ်မြို့
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ တနင်္သာရီတိုင်းဒေသကြီး၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လေယာဉ်ကွင်းဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့(၆)၊ မြိတ်မြို့မှ လိုအပ်လျက်ရှိသော အောက်ပါပစ္စည်းများအား မြန်မာ(ကျပ်)ငွေဖြင့် ဝယ်ယူလိုပါသဖြင့် စိတ်ဝင်စားသည့်လုပ်ငန်းရှင်များ လျှောက်လွှာတင်သွင်းနိုင်ပါသည်။

(က) လမ်းခင်းကျောက် (ရွယ်စုံ) (၈၅၇) ကျင်း
(ခ) ဘိလပ်မြေ (၂၉၀) တန်
(ဂ) သံချောင်း (ရွယ်စုံ) (၆၄) တန်
(ဃ) တောသစ် (ရွယ်စုံ) (၅၁) တန်
(င) မြစ်သဲ (၁၆၈) ကျင်း
(စ) ကျောက်စရစ် (၂၂၃) ကျင်း

၂။ **တင်ဒါပုံစံစတင်ရောင်းချရက်** ။ ။ ၂၅-၅-၂၀၁၃ရက်
၃။ **တင်ဒါပိတ်မည့်ရက်/အချိန်** ။ ။ ၁၀-၆-၂၀၁၃ရက် (၁၇း၀၀)နာရီ
၄။ **တင်ဒါရွေးချယ်မည့်ရက်/အချိန်** ။ ။ ၁၁-၆-၂၀၁၃ရက် (၁၀း၀၀)နာရီ
၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါလိပ်စာတွင် ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။

ဒုတိယအင်ဂျင်နီယာမှူးကြီးရုံး
လေယာဉ်ကွင်းအထူးအဖွဲ့(၆)၊ မြိတ်မြို့၊
ကန်ဖျားလမ်းမကြီး (ဘောလုံးကွင်းအရှေ့)၊ ဖုန်း-၀၅၉-၄၁၉၁၈

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပလိုင်း(ခွဲ)အထက၊ န၀မတန်းမှ မောင်ဇင်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးစိုးမြင့် ၅/ရဘန(နိုင်)၀၅၅၇၇၃ ဖြစ်ပါကြောင်း။

ဦးစိုးမြင့်

ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့နယ်၊ ပလိုင်း(ခွဲ)အထက၊ န၀မတန်းမှ မောင်သူရိန်ကျော်၏ ဖခင်အမည်မှန်မှာ ဦးကျော်ဒေါင်း ၅/ရဘန(နိုင်)၀၇၀၀၂၈ ဖြစ်ပါကြောင်း။

ဦးကျော်ဒေါင်း

အမြန်ဆက်သွယ်ပါ

တပ်ကြပ်ကြီးမင်းဆိုင်(ငြိမ်း) ယခင် ပညရ(၉) ဖုန်း-၀၉-၃၁၀၇၈၀၀၃၊ ၀၉-၃၁၀၇၈၀၀၆ တို့သို့ အမြန်ဆက်သွယ်ပါ။

ဒေါ်စန္ဒာ (ထောက်ကြန့်)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၃၀၅၆၅ Kenbo 125 မော်တော်ဆိုင်ကယ်ယာဉ်လက်ဝယ်ရှိသူ ဦးတင်ဝင်း ၁၃/ကခန(နိုင်)၀၁၈၀၃၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ရုံး (မြစ်ကြီးနား)

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇ယ/၁၅၇၂၈ Jialing JL 90 ယာဉ်လက်ဝယ်ရှိသူ ဦးသိန်းဝင်း ၁/ဗမန(နိုင်)၀၀၁၉၂၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဗန်းမော်)၊ ဗန်းမော်မြို့

အိမ်၊ ခြံ၊ မြေ ရောင်းမည်

လှိုင်သာယာ၊ ရွှေလင်ပန်းစက်မှုဇုန်အနီး ပေ(၁၀၀×၆၀)၊ ရေ၊ မီးအစုံ၊ အုတ်ညှပ်တိုက်အပါ၊ ညှိနှိုင်းဈေး၊ ကျပ်သိန်း ၆၅၀။

ဆက်သွယ်ရန်
ဖုန်း-၀၉-၅၁၇၁၉၂၂

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ပြည်သူများ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည့် ကြံခင်းမြို့ မြတ်ဒါန ကုသိုလ်ဖြစ် အခမဲ့ဆေးခန်း

မောင်မောင်စိန်လွင်(မြန်မာ့အလင်း)
ဓာတ်ပုံ-မင်းထက်

ဧရာဝတီတိုင်းဒေသကြီးဟင်္သာတခရိုင် ကြံခင်းမြို့၏ မြတ်ဒါနကုသိုလ်ဖြစ်အခမဲ့ဆေးခန်းကို မြို့နယ် အုပ်ချုပ်ရေးမှူး၊မြို့နယ်ဆရာဝန်ကြီးနှင့် မြို့မိမြို့ဖများ ပူးပေါင်း၍ အကောင်အထည်ဖော်ဆောင်ရွက်မှုကို ကြံခင်းမြို့ ချမ်းသာကြီးစေတီဝင်းအတွင်း အတွင်း ဇိနမာရ်အောင် တန်ဆောင်းအဆောက်အအုံကြီး၌ မေ ၂၀ ရက် နံနက်က ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ဆေးခန်း ဖြစ်မြောက်ရေး ကော်မတီဥက္ကဋ္ဌ ဦးစိုးမြင့်က "ဒီကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကြီးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ ဖွင့်လှစ်ဖြစ်ခဲ့တာပါ။ တာဝန်ရှိသူတွေနဲ့ စေတနာထက်သန်တဲ့ ပြည်သူတွေ ပူးပေါင်းပြီး ဆင်းရဲချို့တဲ့လို့ ဆေးဖိုးငွေကြေးမတတ်နိုင်တဲ့ ပြည်သူတွေကို အဓိကထားပြီး ကုသပေးဖို့ဖွင့်လှစ်ပေးတာ ဖြစ်ပါတယ်။ ပြည်သူများက ဆေးပဒေသာပင်အတွက် လှူဒါန်းတာ ငွေကျပ် ၁၇သိန်းရှိပြီး ပညာရေးဝန်ထမ်းတွေစုပေါင်းပြီးတော့ တစ်လကို ဆေးပဒေသာပင်အတွက် အလှူငွေကျပ် ၈၀၀၀၀ လစဉ် လှူဒါန်းမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အမြဲတမ်း ဆေးပဒေသာပင် အလှူရှင်တွေကလည်း အပတ်စဉ် လှူဒါန်းဖို့ရှိပါတယ်။ လှူဒါန်းလို့ရရှိတဲ့ အလှူငွေတွေကိုလည်း တစ်နေ့ထက်တစ်နေ့ တိုးပွားအောင်လုပ်ဆောင်ပြီး လိုအပ်တဲ့ဆေး၊ ကိရိယာပစ္စည်းတွေကိုထပ်မံဖြည့်တင်းပေးသွားမှာပါ။ အခုလောလောဆယ်တော့ တနင်္ဂနွေတစ်ရက်တည်း ကုသပေးဖို့ စီစဉ်ထားပေမယ့် နောင်ကိုတော့ ဆေးပဒေသာပင် အလှူငွေပေါ်မူတည်ပြီး ရက်တွေ၊ အချိန်တွေကို ထပ်မံတိုးပြီး ကုသပေးသွားဖို့ ရှိပါတယ်"ဟု ပြောပြသည်။

အဆိုပါ မြတ်ဒါနကုသိုလ်ဖြစ် အခမဲ့ဆေးခန်းတာဝန်ခံ ဒေါက်တာသန်းထွေးကလည်း "ဒီမြို့က ဆင်းရဲချို့တဲ့သူတွေ နာမကျန်းဖြစ်တဲ့အခါဒီဆေးခန်းရှိတဲ့အတွက်အတော့်ကိုအဆင်ပြေမှာပါ။ ဒီမြို့မှာ ဆရာဝန်တွေရော၊ သူနာပြုဆရာမတွေပါရှိကြတော့ဒီဆေးခန်းအတွက် ကတော့ မပူရပါဘူး။ ဆေးနဲ့ဆေးပစ္စည်း ကိရိယာတွေလည်း လုံလုံလောက်လောက်ရှိပါတယ်။ တော်ရုံ ရောဂါလောက်တော့ အခြားဆေးခန်း၊ ဆေးရုံတွေကို လွှဲစရာမလိုပါဘူး၊ ဒီမှာတင် ကုသပေးလို့ရပါတယ်"ဟု ရှင်းပြသည်။

ကြံခင်းမြို့သည် ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင်အတွင်းတွင်တည်ရှိပြီး အိမ်ခြေ ၂၃၅၉၂အိမ်နှင့် လူဦးရေ ၉၄၀၆၆ ဦး ရှိသည်။ ကြံခင်းမြို့တွင် ပြည်သူများ၏ ကျန်းမာရေးအတွက် အထောက်အကူဖြစ်စေမည့် အဆိုပါမြတ်ဒါနကုသိုလ်ဖြစ် အခမဲ့ဆေးခန်းကြီးအပြင်အခြား ပုဂ္ဂလိက ဆေးရုံ၊ ဆေးခန်းများလည်း ဖွင့်လှစ်ကုသပေးလျက်ရှိကြောင်း သိရသည်။

ငါးသယံဇာတထိန်းသိမ်းရေး ဟောပြောပွဲ ကျင်းပ

မိုးနဲ့ မေ ၂၄

ရှမ်းပြည်နယ်(တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ်တွင် ငါးသယံဇာတထိန်းသိမ်းရေးပညာပေးဟောပြောပွဲကို မေ ၁၉ ရက် နံနက် ၈ နာရီက မိုးနဲမြို့ ဦးစိုင်းပီမောင်၏ ငါးမွေးမြူရေးကန်နေရာ၌ ကျင်းပရာ လင်းခေးခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှူးက တက်ရောက်လာကြသော မြို့နယ်ငါးလုပ်ငန်းပိုင်ရှင်များနှင့်တံငါလုပ်ငန်း လုပ်ကိုင်လျက်ရှိကြသော တောင်သူများအား ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းအကြောင်း ပညာပေးဟောပြောကာ မြို့နယ်ငါးလုပ်ငန်းအစုဖွဲ့ဝင်များနှင့် အဆိုပါလုပ်ငန်းနှင့်စပ်လျဉ်း၍ ပွင့်ပွင့်လင်းလင်းဆွေးနွေးခဲ့ကြပြီး နံနက် ၉ နာရီခွဲတွင် ဟောပြောပွဲကို အောင်မြင်စွာ ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

စိုင်းဇော်လတ်

အခမဲ့ကျန်းမာရေး ဆေးခန်းဆောက်လုပ်ရန်မျှော်လင့်

အင်းတော် မေ ၂၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နန့်စီးအောင်ပေကုန်းကျေးရွာ မန္တလေး-မြစ်ကြီးနားဗျူဟာကားလမ်းအနောက်ဘက် အမျိုးသမီးရေးရာနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးရုံးအနီးတွင် ကိုးပေခန်းသုံးခန်း၊ နှစ်ခန်း အုတ်မြစ်ချလိုင်းကြမ်း ပြုလုပ်ဆောင်ရွက်ထားသည်မှာ နှစ်နှစ်ခန့် ရှိပြီဖြစ်ကြောင်း သိရသည်။

ယင်းအုတ်မြစ်ချထားခြင်းသည် နန့်စီးအောင်ပေကုန်းကျေးရွာ ကျန်းမာရေးဆေးခန်းအတွက်ဖြစ်ပြီး ဟောင်းတုံးရွာနေ မိဘများကို အမျှထား၍ ဖားကန့်မြို့နယ် ကုဋေမော်ကျေးရွာနေ ဘုန်းတော်ကြီးဦးပဉ္စလက ငွေကျပ် ၁၀သိန်း မတည်ခဲ့ပြီး ၂၀၁၁-၂၀၁၃ ခုနှစ် နန့်စီးအောင်ပေကုန်းကျေးရွာ အုပ်ချုပ်ရေးမှူး လက်ထက်တွင် ကျေးရွာသားများ၊ စေတနာရှင်များက လှူဒါန်းငွေနှင့်အုတ်မြစ်ချဆောင်ရွက်ခဲ့ရာ မေ ၂၀ ရက်က အခမဲ့ ကျန်းမာရေးဆေးခန်းနေရာတွင် ချုံနွယ်များ ဖုံးအုပ်နေ၍ အုတ်မြစ်ခုံမှာ ပျောက်ကွယ်လျက်ရှိနေသည်ကို တွေ့ရပါသည်။ သက်ဆိုင်ရာ အဖွဲ့အစည်းများမှ ပြန်လည်၍ ပြုလုပ်ဆောက်ရွက်ပေးစေလိုကြောင်း၊ နန့်စီးအောင် ပေကုန်းကျေးရွာ ပြည်သူများက ကျန်းမာရေးဆေးခန်း ဆောက်လုပ်ရန် မျှော်လင့်နေကြကြောင်း သိရသည်။

ခင်မောင်ဆွေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
သတ္တုတွင်းဝန်ကြီးဌာန
ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး၊ စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ
ကျောက်မျက်ရတနာသတ်မှတ်လုပ်ကွက်နှင့် ဖော်ထုတ်လုပ်ကွက်များအတွက် အဆိုပြုလွှာများတင်သွင်းရန်
ကြေညာချက်(၄/၂၀၁၃)
နေပြည်တော်၊ ၁၃၇၅ ခုနှစ်၊ ကဆုန်လဆန်း(၁၂)ရက်
(၂၀၁၃ ခုနှစ်၊ မေလ ၂၁ရက်)

၁။ ကျောက်မျက်ရတနာနယ်မြေများတွင် နိုင်ငံသားပုဂ္ဂလိက၊ ကုမ္ပဏီ၊ သမဝါယမအသင်းများက မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ ခွင့်ပြုမိန့်များရယူ၍ ကျောက်စိမ်း၊ ကျောက်မျက်တူးဖော်ထုတ်လုပ်နေသည့် ကျောက်စိမ်း/ကျောက်မျက်လုပ်ကွက်များမှ ၂၀၁၃ခုနှစ်၊ ဧပြီ၊ မေ၊ ဇွန်လများအတွင်း သက်တမ်းကုန်ဆုံးမည့် သတ်မှတ်လုပ်ကွက်များ၊ ဖော်ထုတ်လုပ်ကွက်များနှင့် လစ်လပ်လုပ်ကွက်များကို မြန်မာ့ကျောက်မျက်ရတနာဥပဒေ(ပုဒ်မ-၁၂)၊(ပုဒ်မ-၁၃)၊(ပုဒ်မ-၁၅)တို့နှင့်အညီ ဈေးပြိုင်စနစ်ဖြင့် ခွင့်ပြုမိန့်များထုတ်ပေးရေး ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားသောကုမ္ပဏီသည် အဆိုပြုလွှာနှင့်အတူ ငွေရေးကြေးရေးခိုင်မာမှုရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် (သို့မဟုတ်) နိုင်ငံတော်က အသိအမှတ်ပြုထားသည့် ပုဂ္ဂလိကဘဏ်တစ်ခုခုမှ(Bank Statement)ကို ပူးတွဲတင်ပြလျှောက်ထားရမည်ဖြစ်ပါသည်။

၃။ လုပ်ငန်းမှတ်ပုံတင်ခြင်း၊ အဆိုပြုလွှာထုတ်ယူခြင်းနှင့် အဆိုပြုလွှာပြန်လည် တင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်)နှင့်ဆက်သွယ်၍ အောက်ပါအတိုင်း ဆောင်ရွက်ရန်ဖြစ်ပါသည်။

(က) **လုပ်ငန်းမှတ်ပုံတင်ခြင်းနှင့် အဆိုပြုလွှာထုတ်ယူခြင်း။** ။ ၂၀၁၃ခုနှစ်၊ မေလ(၂၇)ရက်မှစ၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် မြန်မာ့ကျောက်မျက်ရတနာဥပဒေနှင့်အညီ မှတ်ပုံတင်ကြေးငွေများပေးသွင်း၍ မှတ်ပုံတင်ပြီး အဆိုပြုလွှာထုတ်ယူခြင်း၊ လုပ်ကွက်မြေပုံများကို ကြည့်ရှုလေ့လာခြင်းများ ဆောင်ရွက်နိုင်ပါသည်။

(ခ) **အဆိုပြုလွှာများတင်သွင်းခြင်း။** ။ အဆိုပြုလွှာတင်သွင်းလိုသူများသည် သတ်မှတ်လုပ်ကွက်များအတွက် သတ်မှတ်အဆိုပြုလွှာ (မကလ-၂)နှင့် ပုံစံ(သမ-၁)တို့တွင်လည်းကောင်း၊ ဖော်ထုတ်လုပ်ကွက်များအတွက် ဖော်ထုတ်လုပ်ကွက် အဆိုပြုလွှာ (မကလ-၅)နှင့် ပူးတွဲပုံစံ(ဖထ-၁)တို့တွင်လည်းကောင်း လိုအပ်သည်များကို ပြည့်ပြည့်စုံစုံ ရေးသွင်းရပါမည်။ ၎င်းအဆိုပြုလွှာများကို တစ်စောင်စီခွဲ၍ စာအိတ်နှစ်ထပ်တွင် အတွင်းအပြင်ချိပ်ထိုးပြီး ၂၀၁၃ခုနှစ်၊ မေလ ၂၇ရက်မှ ဇွန်လ ၂၆ရက်အတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်)၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (နေပြည်တော်)တွင် သတ်မှတ်ချက်များနှင့်အညီ တင်သွင်းရပါမည်။

၄။ ကျောက်မျက်ရတနာလုပ်ကွက်များအတွက် ဈေးပြိုင်စနစ်ဖြင့် ချိပ်ပိတ်အဆိုပြုလွှာများ တင်သွင်းရာတွင် အဆိုပြုလွှာတစ်စောင်(လုပ်ကွက်တစ်ကွက်)အတွက် အာမခံစပေါ်ငွေ(Deposit) ကျပ်တစ်ဆယ်သိန်းကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အဆိုပြုလွှာ တင်သွင်းရာတွင် ပေးသွင်းရပါမည်။

၅။ အမည်မည်း(Black List)စာရင်းတင်သွင်းခံရသည့် လူပုဂ္ဂိုလ်နှင့်ကုမ္ပဏီများကို ကျောက်စိမ်း၊ ကျောက်မျက်လုပ်ကွက်များအတွက် အဆိုပြုလျှောက်ထားခွင့်မပြု (မပြု)ပါ။

၆။ အသေးစိတ်သိရှိလိုသူများသည် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း(ရုံးချုပ်) နေပြည်တော်တွင်လည်းကောင်း၊ ရန်ကုန်မြို့ရှိ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးခွဲ)တွင်လည်းကောင်း၊ မိုးကုတ်နှင့်လုံးခင်းတွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်း တူးဖော်ရေးဌာနများ၊ မန္တလေး၊ မြစ်ကြီးနား၊ ခန္တီးနှင့် မိုင်းရှူး/လွိုင်ဆောင်ထောက်တွင် အခြေပြုသည့် ကျောက်မျက်/ကျောက်စိမ်းစခန်းရုံးများတွင်လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

ကျောက်မျက်ရတနာလုပ်ကွက်များခွင့်ပြုမိန့်ချထားပေးရေး
စစ်ဆေးရေးနှင့်ကြီးကြပ်ရေးလုပ်ငန်းကော်မတီ

ပျောက်ဆုံးကြောင်း

ကျွန်တော် မောင်ခင်မောင်အေး Passport No-၉၆၉၃၄၈ ပျောက်ဆုံးသွားသဖြင့် တွေ့ရှိက ကျေးဇူးဆပ်ပါမည်။

ဆက်သွယ်ရန်ဖုန်း-၀၉-၃၁၁၃၅၈၈

ဈေးပြိုင်တင်ဒါခေါ်ယူခြင်း

၁။ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးမှ စုစုပေါင်းသိုလှောင်ရုံ(၁၉)လုံးတို့အား မြေမပါ ဈေးပြိုင်တင်ဒါစနစ်ဖြင့် ထုခွဲရောင်းချမည်ဖြစ်ပါသည်-

Lot(1)	(က)	(၉၀'×၄၀'×၁၄') (သွပ်၊ ထရံ၊ ထရံ) မြဲဒေါက်(၄) (၅) (၆)ဘုရားကုန်း၊ ဟင်္သာတမြို့နယ်
	(ခ)	(၁၄၄'×၅၀'×၁၅') (သွပ်၊ ပျဉ်၊ ပျဉ်) (ADB-၃)ဓနိ၊ ဟင်္သာတမြို့နယ်
Lot(2)	(ဂ)	(၈၀'×၄၀' ×၁၂') (သွပ်၊ ဝါး၊ ဝါး) ယာဒေါက် (၁) (၂) (၃) မြေစိုက်(၁) ဘူတာလမ်း၊ ယာဒေါက်(၅) တဲကြီးကုန်း၊ (မြေစိုက်-၄)၊ (ယာဒေါက်-၆) အင်ပင်၊ မြန်အောင်မြို့နယ်
Lot(3)	(ဃ)	(၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး) မြဲ-၁၆၊ မြဲ-၁၇ ရွာသစ်၊ အိမ်မဲမြို့နယ်
Lot(4)	(င)	(၈၀'×၄၀'×၁၂') (သွပ်၊ ဝါး၊ ဝါး)၊ (မြဲ-၂၆/၂၈)တကော၊ အိမ်မဲမြို့နယ်
Lot(5)	(စ)	(၈၀'×၄၀'×၁၂')(သွပ်၊ ဝါး၊ ဝါး) မြဲ-၁၃၊ မြဲ-၁၄၊ မြဲ-၂၄၊ မြဲ-၂၅၊ မြဲ-၂၉ သရက်ကုန်း အိမ်မဲမြို့နယ်

(ဆ) **တင်ဒါရောင်းချမည့်ရက်** - ၂၇-၅-၂၀၁၃ရက်မှ ၅-၆-၂၀၁၃ရက်အထိ
အချိန် - ၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ဇ) **တင်ဒါစည်းကမ်းချက်** - ၆-၆-၂၀၁၃ရက်
ရှင်းလင်းမည့်ရက်/အချိန် - မွန်းတည့် ၁၂နာရီ
(ဈ) **တင်ဒါပိတ်မည့်ရက်/အချိန်** - ၆-၆-၂၀၁၃ရက် ၁၃း၀၀နာရီ
(ည) **တင်ဒါပုံစံရောင်းချမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ဧရာဝတီတိုင်းဒေသကြီးဦးစီးမှူးရုံး၊ ပုသိမ်မြို့
(ဋ) **Deposit ပေးသွင်းရမည့်နေရာ** - Deposit ငွေ Lot (1) ကျပ်သိန်း (၁၀၀)၊ Lot(2) ကျပ်သိန်း ၅၀၊ Lot(3) ကျပ်သိန်း (၁၀၀)၊ Lot(4) ကျပ်(၂၅)သိန်း၊ Lot (5) ကျပ်သိန်း(၃၀၀)တို့ကို နေပြည်တော် မြန်မာ့စီးပွားရေးဘဏ်၊ ရန်ကုန်မြို့ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၅)နှင့် ပုသိမ်မြို့ မြန်မာ့စီးပွားရေးဘဏ်တို့တွင် (P.O) Cheque ဝယ်ယူပေးသွင်းရမည်။
(ဌ) **တင်ဒါတင်သွင်းရမည့်နေရာ** - ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ရုံးအမှတ်(၅၂)၊ နေပြည်တော်

၂။ အဆိုပါသိုလှောင်ရုံ၏ မျက်မြင်အခြေအနေအား သက်ဆိုင်ရာမြို့နယ်သို့ သွားရောက်ကြည့်ရှုနိုင်ပြီး၊ အသေးစိတ်အချက်အလက်အများကို သိရှိလိုပါက တင်ဒါပုံစံဝယ်ယူရမည့်နေရာသို့ လူကိုယ်တိုင်ဖြစ်စေ၊ ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့၊ ဖုန်း-၀၄၂-၂၄၅၂၀၊ ၂၄၅၂၂၊ ၂၄၅၂၃တို့သို့ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

တင်ဒါစိစစ်ရေးအဖွဲ့
စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

အမည်ပြောင်းခြင်း

ဦးစန်းမောင် ၈/ရနခ(နိုင်)၀၅၁၂၀၇ ၏သား မောင်တရုတ်ကြီးအား ယနေ့မှစ၍ တိုက်တိုင်းအောင်ဟု ပြောင်းလဲခေါ်ပါရန်။

တိုက်တိုင်းအောင်

ပြောင်းလဲခေါ်ပါရန်

ဦးမျိုးမင်းစိုး၏သား တောင်ငူခရိုင်၊ ထန်းတပင်မြို့နယ်၊အထက ထန်းတပင် ပဥ္စမတန်း(A) အောင် မောင်စိုးဟိန်းထက်အား မောင်မိုးဟိန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

မောင်မိုးဟိန်းထက်

အမည်ပြောင်း

ဦးရှိန်းမောင်၏သမီး မင်းပြားမြို့၊ အခြေခံပညာအထက်တန်းကျောင်းခွဲ တက္ကသိုလ်ဝင်တန်းမှ မသဲအိအိဖြူအား ရှိန်းဝင်းဝင်းထိုက်ဟု ပြောင်းလဲခေါ်ပါရန်။

ရှိန်းဝင်းဝင်းထိုက်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
(အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနမှ အောက်ပါပစ္စည်းများအား ဂိုဒေါင်ရောက် တန်ဖိုး D.D.P (Paung Laung) မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်-

စဉ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
	Tender No. 08/DHPI/Transmission Line/2013-2014	
1.	36KV Current Transformer	1 Set
2.	36KV SF_6 Gas Circuit Breaker	1 Set
3.	36 KV Disconnecting Switch (with earth switch)	1 Set
4.	36KV Voltage Transformer	1 Set
5.	36KV Lightning Arrester	1 Set
6.	36KV GCB Control and Relay Panel	1 Set
7.	11/0.4KV, 50KVA Transformer	1 No
8.	12KV Vacuum Circuit Braker	1 Set
9.	Battery and Battery Charge (110V, DC)	1 Set
10.	Earthing System	1 Lot
	Tender No.09/DHPI/Spare Parts/2013-2014	
1.	Spare Parts for Geological Machinery	1 Lot

၂။ ပစ္စည်းများ၏ Technical Specification များအား ၂၇-၆-၂၀၁၃ရက် မွန်းတည့် ၁၂နာရီတွင် နောက်ဆုံးထား၍ ကြိုတင် တင်သွင်းရမည်။

၃။ အိတ်ဖွင့်တင်ဒါပိတ်ရက်မှာ ၂၀၁၃ခုနှစ် ဇူလိုင် ၇ရက် မွန်းတည့် ၁၂နာရီဖြစ်ပြီး ၁၃နာရီတွင် တင်ဒါဖွင့်လှစ်ပါမည်။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်ကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်။

ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန
လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
ရုံးအမှတ် ၃၈၊ နေပြည်တော်၊
ဖုန်း-၀၆၇-၄၁၁၂၃၁၊ ဖက်စ်-၄၁၁၀၈၁

ပျောက်ဆုံးခြင်း

ကျွန်တော် ဝေလေးအောင် ၁၀/သတန(နိုင်)၁၇၆၀၀၂၏ နိုင်ငံကူးလက်မှတ် A-၀၉၃၅၂၇ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါ။

ဖုန်း-၀၉-၅၀၇၄၄၇၀

ဖခင်အမည်မှန်

လားရှိုးမြို့၊ မူလွန်(၂၇)၊ သတ္တမတန်းမှ မောင်စိုးလင်းအောင်၏ ဖခင်အမည်မှန်မှာ ဦးရဲမြင့်အောင် ၁၃/လရန(နိုင်)၀၅၆၂၁၁ ဖြစ်ပါသည်။

ဖခင်အမည်မှန်

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ အထက (၁)၊ နဝမတန်းမှ မောင်ခွန်မင်းသန်းစိုး ၁၃/တကန(နိုင်)၂၉၀၁၃၅ ၏ ဖခင်အမည်မှန်မှာ ဦးသိန်းစိုး ဖြစ်ပါသည်။

ဦးသိန်းစိုး

မွေးသက္ကရာဇ်အမှန်

လားရှိုးမြို့၊ အထက(၁)၊ နဝမတန်း(ခ)မှ မထင်ထင်၏ မွေးသက္ကရာဇ်အမှန်မှာ မွေးစာရင်းမိတ္တူအရ ၄-၁၂-၁၉၉၈ ဖြစ်ပါသည်။

အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၄)၊ တတိယတန်း(A)အောင်မှ မပိုးရွှေရည်သွန်းအား ယနေ့မှစ၍ မခင်ပြည့်သျှန်ဟု ပြောင်းလဲခေါ်ပါရန်။

မခင်ပြည့်သျှန်

သောက်သုံးရေ အချိန်မှန်ပေးစေလို

ယခုတစ်လော နေ့စဉ်ထုတ် သတင်းစာများကို ဖတ်ရှုရာတွင် မြန်မာပြည်အနှံ့ရှိ သောက်သုံးရေ ပြတ်လပ်သည့် နေရာဒေသအသီးသီးသို့ သောက်သုံးရေများ လိုက်လံ ဝေငှလျှုဒါန်းနေသည့် မုဒိတာပွားဖွယ် သတင်းများကို ဖတ်ရှုနေရသဖြင့် ဝမ်းမြောက်စွာသာဓုခေါ်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး ကျောက်တန်းမြို့မှ ဒေသခံပြည်သူများမှာကား အဆိုပါ သတင်းများနှင့် ဆန့်ကျင်စွာ ရေရှိပါလျက် သုံးရခက်နေကြသည်မှာ လွန်စွာကြေကွဲဖွယ်ကောင်းလှသည်။ ကျောက်တန်းမြို့ရှိ ရပ်ကွက်ခြောက်ခုမှ ပြည်သူများသည် မိုးနှောင်းကာလ (အောက်တိုဘာလ)မှ မိုးဦးကာလ (ဇွန်လ)အထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၏ အစီအစဉ်ဖြင့် ပို့လွှတ်သည့် ဆင်ကန်ရပ်ကွက်ရှိ ဆင်ကန် ရေကန်ကြီးမှ ရေကိုသောက်သုံးရေအဖြစ် မှီခိုအားထားသုံးစွဲနေကြရသည်။ ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သောရာသီသို့ ရောက်ရှိလာလျှင် အဆိုပါ ဆင်ကန်ကြီးသည် ရေများ ခန်းခြောက်၍ သောက်သုံးရေပြတ်လပ်မှု အခက်အခဲကို ၂၀၁၁ ခုနှစ်အထိ နှစ်စဉ်ကြုံတွေ့ခံစားခဲ့ကြရဖူးပါသည်။

ယင်းအခက်အခဲကို ကျော်လွှားနိုင်ရန်အလို့ငှာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့မှ ကျောက်တန်းမြို့နှင့် သုံးမိုင်ခန့် ကွာဝေးသည့် ဘန့်ဘွေးကုန်းရေလှောင်တမံမှရေကို ကျောက်တန်းမြို့ ဆင်ကန်ကြီးအတွင်းသို့ ပို့လွှတ်သည့် ရေတွန်းစက်ရုံကို ၂၀၁၂ ခုနှစ်တွင် တည်ဆောက်ပေး၍ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေနှင့် ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်တို့ ကိုယ်တိုင်တက်ရောက်အားပေးဖွင့်လှစ်ပေးခဲ့ရာ နိုင်ငံတော်အကြီးအကဲများ၏ စစ်မှန်သောစေတနာကို မိမိတို့မြို့နေပြည်သူများက ဝမ်းမြောက်ဝမ်းသာဖြင့် ကျေးဇူးတင်မဆုံးရှိခဲ့ကြသည်။

အဆိုပါ ဘန့်ဘွေးကုန်း ရေလှောင်တမံကြီးမှ တွန်းပို့ပေးနေသည့် ရေများကြောင့် ယခုကဲ့သို့ ပူပြင်းခြောက်သွေ့သော ရာသီကာလ၌ပင် ဆင်ကန် ကန်ကြီးအတွင်း၌ မြို့ရေပေးရေးလုပ်ငန်းအတွက် လုံလောက်သော ရေပမာဏအပြည့်အဝကို သိုလှောင် ထားရှိနိုင်ခဲ့ပါသည်။ ဤကဲ့သို့ ရေပမာဏ ပြည့်မီပါသော်လည်း မြို့နေပြည်သူများသို့ ရေပေးဝေရာတွင် နှစ်ပတ်လျှင် တစ်ကြိမ်၊ တစ်လလျှင် နှစ်ကြိမ်သာ ပုံမှန် ပို့လွှတ်ပေးနေသည့်အတွက် မြို့နေပြည်သူများသည်မြင်သာမြင်မကြင်ရ ဆိုသကဲ့သို့ ယခင်နှစ်များအတိုင်းပင် သောက်သုံးရေပြတ်လပ်မှု ဒုက္ခကို ပြန်လည်တွေ့ကြုံ ခံစားနေကြရပါသည်။

သို့ရာတွင် အချို့အချို့သော လုပ်ငန်းရှင်များနှင့် အချို့အချို့သော နေအိမ်များအနေဖြင့် တစ်ပတ်လျှင် နှစ်ကြိမ်မှ သုံးကြိမ်၊ တစ်လလျှင် ရှစ်ကြိမ်မှ ကိုးကြိမ်အထိ သောက်သုံးရေ အပြည့်အဝရရှိနေကြသည်။

မြို့ရေပေးဝေရေးလုပ်ငန်းနှင့်ပတ်သက်၍ အခက်အခဲများ ရှိကောင်းရှိနေနိုင်မည်ဖြစ်ပါသည်။ အခက်အခဲ တစ်စုံတစ်ရာ ရှိပြီဆိုပါကလည်း ထင်သာမြင်သာ ရှိစေရန်ချပြ၍ လွှတ်တော် ကိုယ်စားလှယ်ကြီးများ၊ အုပ်ချုပ်ရေး အဖွဲ့အစည်းများနှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများနှင့် တွေ့ဆုံကာ ယင်းအခက်အခဲကို ပြေလည်အောင် ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်နိုင်မည့် နည်းလမ်းကောင်းများကို တွေးတောကြံဆ အဖြေရှာခြင်းမျိုး ပြုသင့်ပါသည်။

ယခုသော်ကား ပြည်သူများ ခံစားနေရသည့် သောက်သုံးရေ ပြတ်လပ်မှုဒုက္ခကို ယနေ့တိုင်အောင် ဥပေက္ခာပြုလျစ်လျူရှုနေခြင်းကြောင့် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့နှင့်ရန်ကုန်မြို့တော်စည်ပင်သာယာရေး ကော်မတီတို့၏ မွန်မြတ်သောစေတနာကို မိမိတို့ မြို့နေပြည်သူများအနေဖြင့် အပြည့်အဝမခံစားရဘဲရှိခဲ့ရပါသည်။

နိုင်ငံတော်အကြီးအကဲများက မှန်ကန်လေးနက်စွာ ထားရှိခဲ့သည့် စေတနာတရားကို ပေါ်လွင်စွာ ထင်ဟပ် ဖော်ပြနိုင်ရေးအတွက် မြို့နေပြည်သူများအနေဖြင့် သင့်တင့်မျှတသည့် သောက်သုံးရေကို သုံးစွဲနိုင်ရန် လေးရက်လျှင် တစ်ကြိမ်ကျ ရေပေးဝေနိုင်ရေးကို အကောင်အထည်ဖော်ဆောင်ရွက်ပေးသင့်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

ကိုရင်ဩ(မှော်ဝန်း)

ဗလငါးတန် ဖွံ့ဖြိုးဖို့ စာအုပ်စာပေ လေ့လာစို့

ပြည်တွင်းသတင်း

ချင်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၂၄

ချင်းပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ၂၀၁၃-၂၀၁၄ခုနှစ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၂ ရက် မွန်းလွဲ ၁ နာရီက ပြည်နယ် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း အစည်းအဝေးခန်းမ၌ကျင်းပရာ ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဟုန်းငိုင်းက အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးများ၊ အင်ဂျင်နီယာမှူးကြီး၊ ဒုတိယအင်ဂျင်နီယာမှူးကြီးများနှင့် ခရိုင်အင်ဂျင်နီယာမှူးများက ၂၀၁၃-၂၀၁၄ ခုနှစ်အတွင်း လုပ်ငန်းဆောင်ရွက်နေမှုများနှင့် ဆက်လက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြခဲ့ကြကြောင်းသိရသည်။ **(သတင်းစဉ်)**

မော်လမြိုင်မြို့ မရမ်းကုန်းရပ်ကွက်ရှိ သမိုင်းဝင်ကျိုက်သုတ်စေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်း တည်ရှိသည့် အရန်စေတီတော်များအနက် စေတီတော် သုံးဆူ ထီးတော်များနှင့် ရွှေသင်္ကန်းကပ်လှူပူဇော်ရန်အတွက် မေ ၂၁ ရက်က မော်လမြိုင်မြို့ အောက်လမ်းမကြီး စစ်ကဲကုန်းရပ်နေ (ဦးအောင်ကြည်)-ဒေါ်လှရွှေမိသားစုက ငွေကျပ် ကိုးသိန်း ပေးအပ်လှူဒါန်းရာ ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးဝင်းကြည်နှင့်အဖွဲ့က လက်ခံယူစဉ်။ (၁၀၇)

ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူသို့ ကြေညာခြင်း

၁။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်ကို မြန်မာနိုင်ငံကုမ္ပဏီများအက်ဥပဒေနှင့်အညီ ၂၀၁၃ခုနှစ် မေ ၈ရက်တွင် ကုမ္ပဏီမှတ်ပုံတင်အမှတ် ၅၇၀/၂၀၁၃-၂၀၁၄ ဖြင့် ဖွဲ့စည်းတည်ထောင်ပြီးဖြစ်ကြောင်း အများပြည်သူအား ကြေညာအပ်ပါသည်။

၂။ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်သည် သက်ဆိုင်ရာတည်ဆဲဥပဒေ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ၊ ငွေရေးကြေးရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေ၊ နည်းဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောက်လုပ်ရေးနှင့်အိမ်ရာဖွံ့ဖြိုးရေးလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၃။ အများပြည်သူ ပါဝင်နိုင်စေရန်အတွက် အစုရှယ်ယာတစ်စုလျှင် ကျပ်တစ်သောင်း(၁၀၀၀၀/-)သတ်မှတ်ထားပြီး အများပြည်သူ၏ အစုရှယ်ယာများကို မကြာမီကာလအတွင်း ဖိတ်ခေါ်မည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဒါရိုက်တာဘုတ်အဖွဲ့

တေဇ ညီနောင်များ ဂေါက်သီးရိုက်ပြိုင်ပွဲဖိတ်ကြားခြင်း

တေဇကျောင်းဆင်း ညီအစ်ကိုများ (၂၁)ကြိမ်မြောက် ဂေါက်သီးရိုက်ပြိုင်ပွဲကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်ကျင်းပမည်ဖြစ်၍ ညီအစ်ကိုများအားလုံး ပါဝင်ဆင်နွှဲကြရန် ဖိတ်ကြားပါသည်။

နေရာ - ဥက္ကလာဂေါက်ကွင်း
ရက်စွဲ/အချိန် - ၁-၆-၂၀၁၃ရက် (စနေနေ့) နံနက် ၀၅:၀၀နာရီ

O.T.S (45) နှစ်ပတ်လည်တွေ့ဆုံပွဲ

O.T.S (45)ကျောင်းဆင်းအရာရှိများနှင့် ဇနီးများ၊ ကျဆုံး/ကွယ်လွန်ခဲ့ပြီးသောအရာရှိများ၏ ဇနီးများ၊ နှစ်ပတ်လည်တွေ့ဆုံပွဲကို (၂-၆-၂၀၁၃)၊ နံနက် (၀၉:၃၀)နာရီအချိန် နှင်းဆီကုန်း ဘိုးဘွားရိပ်သာနှင့် ညနေ (၀၆:၃၀)နာရီ အချိန် ပုလဲလမ်း၊ ဟာမစ်တစ် မီးပွိုင့်အနီး၊Pearl Mount Restaurant တွင် ပြုလုပ်မည်ဖြစ်ပါ၍ မပျက်မကွက် ကြွရောက်ပါရန် ဖိတ်ကြား အပ်ပါသည်။

အမည်ပြောင်း

ထောက်ကြန့်၊ အလက(၉)၊ အဋ္ဌမတန်း(ခ)တွင် ပညာသင်ကြားခဲ့သော ဦးဝင်းသူရထွန်း ၇/ပခန(နိုင်)၁၈၉၈၆၂ ၏သား မောင်မင်းသိမ်းကျော်အား မောင်အောင်ဟိန်းထက်ဟု ပြောင်းလဲခေါ်ပါရန်။

ဖခင်အမည်မှန်

ဖြူး၊ အထက(၂)၊ အဋ္ဌမတန်းမှ မထက်ထက်လွင်နှင့် တတိယတန်းမှ မောင်အောင်အောင်ဖြိုးတို့၏ ဖခင်အမည်မှန်မှာ ဦးစိုးလွင် ၇/ဖမန(နိုင်)၀၁၇၆၁၈ ဖြစ်ပါသည်။ **ဦးစိုးလွင်(ဖြူး)**

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြောက်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၁၂ခုနှစ် တရားမကြီးမှုအမှတ်-၁၃၈

ဒေါ်အေးအေးမြတ် **နှင့်** ၁။ ဦးတင့်ဝေ ၂။ ဒေါ်ခိုင်ခိုင်ထွန်း
တရားလို **တရားပြိုင်များ**

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာ ၇ လမ်း၊ အမှတ်(၁၀၂)နေ ဒေါ်ခိုင်ခိုင်ထွန်း (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

သင်တို့အပေါ်၌ တရားလိုက ငွေကျပ်-၃၉၀၀၀၀၀/-(ကျပ်သုံးဆယ့်ကိုးသိန်းတိတိ)ရလိုမှု (သို့မဟုတ်) ကျန်ငွေကိုလက်ခံ၍ မြေနှင့်အိမ် လက်ရောက်ပေးအပ်စေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်တို့ကိုယ်စားလှယ်ရုံးတော်အခွင့်ရ ကိုယ်စားလှယ်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့် ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၂၈ရက် (၁၃၇၅ခုနှစ် ကဆုန်လပြည့်ကျော် ၄ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းပြင် သင်တို့သိစေရမည်မှာ အထက်ဆိုခဲ့သည့်နေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်တို့က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။

၂၀၁၃ခုနှစ် ဧပြီ ၈ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

မာလာထွဋ်
တွဲဖက်မြို့နယ်တရားသူကြီး(၂)၊ မြောက်ဥက္ကလာပမြို့နယ်တရားရုံး

ဖြောင့်စင်းလှပစိတ်တိုင်းကျရမည်...
ဒဏ္ဍာရီ
အထူးဆံပင်ဖြောင့်ဆိုင်
ဆံပင်လုံးဝမကျွတ်စေရ
Ph: 09-73048685
■ ဆံပင်ဖြောင့် (30000/-Ks) တန် Discount (15000/-Ks)
■ ဖယောင်းအိတုန်ဆေးထည့်သွင်းအသုံးပြုပေးခြင်းကြောင့် 100% ဖြောင့်စင်းအိတုန်စေရမည်။ ၂-နှစ်အာမခံ
ကာလာ၊ ပေါင်း၊ ပုလဲ၊ ညှပ်မေတ္တာလက်ဆောင်
ရွှေတိဂုံဘုရားလမ်း(ဆောက်လုပ်ရေးမှတ်တိုင်အနီး)ဒဂုံပန်းခြံအတွင်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့၊ အေးသစ္စာရပ်ကွက်၊ ဖွံ့ဖြိုးရေးလမ်း၊ အမှတ် ၉၀၄ နေ ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်သီဂီကျော်ဝင်း ၁၂/သကတ(နိုင်)၁၄၃၃၉၉၏ လွှဲအပ်ချက်အရ ကြေညာသည်မှာ-

ကျွန်မ၏မိတ်ဆွေ ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်သီဂီကျော်ဝင်း (ဘ) ဦးကျော်ဝင်း ၁၂/သကတ(နိုင်)၁၄၃၃၉၉ နှင့် ဦးသန့်ဇင်ဦး (ဘ) ဦးတင်မောင် ၁၂/ဗတထ(နိုင်)၀၃၃၂၈၃ တို့သည် တရားဝင်အကြင်လင်မယားအဖြစ်မှ ၂၀၁၃ခုနှစ် ဧပြီ ၉ရက်တွင် ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော် ကျမ်းကျိန်သူအရာရှိ ဦးမြင့်သန်းထွဋ် ရှေ့မှောက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲခဲ့ကြပြီး ဖြစ်ပါသည်။

ထိုသို့ တရားဝင်ကွာရှင်းပြတ်စဲသည့်ရက်မှစ၍ ကျွန်မ၏မိတ်ဆွေ ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်သီဂီကျော်ဝင်းနှင့် ဦးသန့်ဇင်ဦးတို့သည် လုံးဝပတ်သက်မှုမရှိတော့ကြောင်းနှင့် နောက်နောင်တွင် ဦးသန့်ဇင်ဦးနှင့်ပတ်သက်သောကိစ္စအဝဝကိုလည်း တာဝန်ယူဖြေရှင်းမည်မဟုတ်သည့်အပြင် ဦးသန့်ဇင်ဦးအနေဖြင့်လည်း ကျွန်မမိတ်ဆွေ ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်သီဂီကျော်ဝင်းနှင့် မိသားစုအပေါ် ကိုယ်စိတ်ဆင်းရဲစေမည့် ခြိမ်းခြောက်ပြောဆိုမှုများပြုလုပ်ခဲ့ပါကလည်း ကျွန်မမိတ်ဆွေ ဒေါ်သန်းသန်းနွယ်(ခ)ဒေါ်သီဂီကျော်ဝင်းမှ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်ရလိမ့်မည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ဝင်းမင်းသန်း LL.B
အထက်တန်းရှေ့နေ
စဉ်-၂၆၀၇၆
အမှတ် ၁၂၊ ပြည်တော်သာလမ်း၊
မြို့သစ်အရှေ့ရပ်ကွက်၊ သန်လျင်မြို့

ပြည်တွင်းသတင်းနှင့်ဆောင်းပါး

ကျေးရွာချင်းဆက်သွယ်ထားသည့် လူကူးသစ်သားတံတားကို ကြိုးတံတားအဖြစ် ပြန်လည်ပြုပြင်တည်ဆောက်

အင်းတော် မေ ၂၄

ကြိုးတံတားအဖြစ်တည်ဆောက်မည့် လေးတန်ချောင်းလူကူးတံတားကို မေ ၉ ရက် နံနက်က ပဲခူးရွာဘုန်းတော်ကြီး ဦးပါကဍ္ဍဦးစီး၍ ကျေးရွာသားများနှင့်အတူ ဆောက်လုပ်လျက်ရှိသည်။ **(အပေါ်ပုံ)**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် မော်လူးကျေးရွာအုပ်စု ပဲခူးရွာနေ မိခင်ကြီးဒေါ်မယ်သုန်အား အမျှးထား၍ အမေရိကန်နိုင်ငံ ဝါရှင်တန်ဒီစီမြို့နေ ဦးဓမ္မသာမိက အလှူငွေကျပ် သိန်း၄၀မတည်၍ ၁၃၅၇ ခုနှစ်က စတင်ဆောက်လုပ်ထားသည့် ၁၈ နှစ်ကြာ သစ်သားတံတားသည် ခိုင်ခံ့မှုမရှိတော့သဖြင့် ကျေးရွာချင်းဆက် လေးတန် ချောင်းလူကူးတံတားကို အလျားပေ ၃၀၀၊ အကျယ် ၄ ပေ ၃ လက်မ၊ အမြင့် ၂၃ ပေရှိ သံမဏိကြိုးဖြင့် ဆောက်လုပ်မည်ဖြစ်သည်။ ယင်းတံတားဆောက်လုပ်ပြီးစီးပါက ကျေးရွာပေါင်း ၂၀ ကျော်မှ ရဟန်းသံဃာများ၊ မိဘပြည်သူများ ကျောင်းသား ကျောင်းသူများ သွားလာရေး အဆင်ပြေသည်။ **(ခင်မောင်ဆွေ)**

ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိများ စည်းဝေး

မန္တလေး မေ ၂၄

ဆဋ္ဌမအကြိမ်မြောက် မြန်မာ-တရုတ် လူကုန်ကူးမှု ပူးပေါင်းတိုက်ဖျက်ရေး အဆင့်မြင့်အရာရှိများ အစည်းအဝေးကို မေ ၂၁ ရက် နံနက် ၉ နာရီက မန္တလေး အောင်မြေသာစံမြို့နယ် Mandalay Hill Resort ၌ ကျင်းပရာ မြန်မာနိုင်ငံမှ ၁၇ ဦး၊ တရုတ်နိုင်ငံမှ၁၁ဦး၊ INGO မှ ကိုးဦးတို့က လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးဆိုင်ရာများကို ဆွေးနွေးခဲ့သည်။ ယင်း အစည်းအဝေးတွင် ထိုင်း၊ မြန်မာ၊ လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် တရုတ်နိုင်ငံ ဝန်ကြီးအဆင့် လူကုန်ကူးမှု တိုက်ဖျက်ရေးလုပ်ငန်းစဉ် (Coordinate Mekong Ministerial Initiative Against Trafficking (COMMIT Process) နားလည်မှု စာချွန်လွှာကို ၂၀၀၄ ခုနှစ်က ရန်ကုန်မြို့၌ လက်မှတ်ရေးထိုးပြီးနောက် ၂၀၀၅ ခုနှစ်မှစ၍အလှည့်ကျနှစ်နိုင်ငံအစည်းအဝေးများ ကျင်းပခဲ့ရာယခု အစည်းအဝေးမှာ ဆဋ္ဌမအကြိမ်မြောက် ဖြစ်သည်။ **(ယာပုံ)**

ယင်းအစည်းအဝေးများမှတစ်ဆင့် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ နယ်စပ်ဆက်ဆံရေးရုံးများ ဖွင့်လှစ်နိုင်သည့်အပြင် နှစ်နိုင်ငံအကြား လူကုန်ကူးမှုကြိုတင်ကာကွယ်နိုင်ခြင်း၊ တိုက်ဖျက်နိုင်ခြင်း၊ လူကုန်ကူးခံရသူများကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း၊ နှစ်နိုင်ငံပူးတွဲစုံစမ်းနိုင်ခြင်း၊ လွှဲပြောင်းပေးခြင်း၊ ပို့ဆောင်ပေးခြင်း၊ သတင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ ဖလှယ်ပေးခြင်း၊ လူကုန်ကူးသူများကို ပူးပေါင်း၍ ဖော်ထုတ်ဖမ်းဆီးခြင်း၊ လူကုန်ကူးခံရသူများအား ပူးပေါင်းကယ်တင်ခြင်းများကို ပြုလုပ်နိုင်မည်ဖြစ်ကြောင်း သိရသည်။ **(ကျော်ထူး)**

စံအိမ်စာကြည့်တိုက် အဆောက်အအုံသစ် မိုင်းယောင်း၌ ဖွင့်လှစ်

မိုင်းယောင်း မေ ၂၄

ပြည်သူများ အသိပညာ၊ အတတ်ပညာ ဗဟုသုတများ တိုးပွားပြီး အရည်အချင်းနှင့် ပြည့်စုံသော လုပ်သားပြည်သူများ ဖြစ်လာစေရန်ရည်ရွယ်၍ စံအိမ်စာကြည့်တိုက် အဆောက်အအုံသစ် ဖွင့်ပွဲကို မေ ၁၈ ရက်က မိုင်းယောင်းမြို့နယ် လော့ငိုးကျေးရွာ၌ ကျင်းပသည်။

အဆိုပါအဆောက်အအုံသစ်ကို တာဝန်ရှိသူများက ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး ရှမ်းပြည်နယ်(အရှေ့ပိုင်း) ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးစိုင်းဆမ်တစ်၊ မိုင်းယောင်းမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ဆန်းဝင်း၊ မိုင်းယောင်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးရှောလမွန်တို့က အမှာစကားပြောကြားသည်။ ထို့နောက် စာအုပ်စာစောင်နှင့်အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး စာကြည့်တိုက်ကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

စိုင်းဆမ်တစ်

စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲကျေးဇူးတင်လွှာ

တာချီလိတ်မြို့နေ ဦးမူမင်းလီ-ဒေါ်လော်စူးကျွမ်း၊ ဦးဂူချင်ရှမ်း-ဒေါ်လင်ရှန်ဖုန်တို့၏မြေး၊
ဦးကျော်သိန်း(ခ)ဦးမူထိန်ကို-ဒေါ်နှင်းကြည်(ခ)ဒေါ်ဂူချိုရင်တို့၏ စတုတ္ထသား

မောင်စိုင်းလှထွေး(ခ) Zu An

Bachelor of Science in Business Administration (Industrial Management)
Assumption University, Thailand

နှင့်

ရန်ကုန်မြို့နေ(ဦးဇော်ညွန့်-ဒေါ်ထူး)၊ (ဗိုလ်မှူးချုပ်မြင့်မောင်-စစ်ရေးချုပ်-ငြိမ်း၊
ဥက္ကဋ္ဌ-ပြည်သူ့ဥပဒေအကျိုးဆောင်အဖွဲ့-ငြိမ်း)-(ဒေါ်ခင်သန်း)တို့၏မြေး၊
ဦးထွန်းခိုင်-ဒေါ်ခိုင်ဇော်(President, Earth Group of Companies) တို့၏သမီးကြီး

မခိုင်ဇာမြင့်(ခ)Tee Tee

Bachelor of Science in Business Administration(Finance),
University of San Francisco, USA
Master in International Business, University of Wollongong, Australia

တို့၏ ၂၃-၄-၂၀၁၃ ရက်တွင် အောင်ဆန်းတောရတပ်ဦးကျောင်း၌ ကျင်းပပြုလုပ်သော မင်္ဂလာဦးဆွမ်းကျွေးပွဲနှင့် မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပွဲသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ မင်္ဂလာမော်ကွန်းတင်လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး အနောက်ပိုင်းခရိုင် ဥပဒေအရာရှိ ဦးသန်းဝင်းနှင့် ရှေ့နေအန်ကယ်ဦးသက်ထွန်း မိသားစုအားလည်းကောင်း၊ အသိသက်သေအဖြစ် ဆောင်ရွက်ပေးပါသော ဦးစိုင်းလှဦးနှင့် မခိုင်ဇာသန့်တို့အားလည်းကောင်း၊ ၂၈-၄-၂၀၁၃ရက်တွင် Inya Lake Hotel ၌ ကျင်းပပြုလုပ်သော စုလျားရစ်ပတ်ထိမ်းမြားမင်္ဂလာပွဲတွင် စုလျားရစ်ပတ်ထိမ်းမြားခြင်းနှင့် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးနန္ဒကျော်စွာနှင့်ဇနီး ဒေါက်တာဒေါ်မြင့်ငွေးတို့အားလည်းကောင်း၊ မင်္ဂလာပန်းကြဲပေးပါသော မထူးထွေးတေဇ(နီနီ)နှင့် မင်္ဂလာပန်းဗန်းကိုင်ဆောင်ပေးပါသော မနီနီဝင်းတို့အားလည်းကောင်း၊ မင်္ဂလာအခြံအရံများဖြစ်ကြသော မောင်မြတ်လင်းဆန်း၊ မောင်ကျော်ကျော်အောင်၊ မောင်ကျော်ခိုင်၊ Ms. Sudaduang Lertvasin, Ms. Neena Daswani, Ms. Shazeen Moledina တို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပေးပါသော ဦးလှမျိုးနှင့် ဒေါ်မြရတနာမိုးတို့အားလည်းကောင်း၊ မင်္ဂလာအခါတော်သီဆိုပေးပါသော တေးသံရှင် မဟေမာနေဝင်းအားလည်းကောင်း၊မင်္ဂလာတီးဝိုင်းဖြင့်ဧည့်ခံဖျော်ဖြေပေးပါသော First Music Agency အဖွဲ့နှင့် ကိုစိုင်းလုံအဖွဲ့တို့အားလည်းကောင်း၊ မင်္ဂလာဝတ်စုံဖန်တီးပေးပါသော အန်တီပေါက်၊ အိခိုင်(မိုးကုတ်ပေါက်ပေါက်)၊ အန်တီချိုတူး(အမရာ)၊ အန်တီမြင့်ဇူ(Zu Zu Collection)၊ မိတ်ကပ်နှင့်ဆံပင် အလှဆင်ပေးပါသောမေဦး(တော်ဝင်သူ)အဖွဲ့၊ Diana Win Oo၊ ကိုရှမ်းတို့အား လည်းကောင်း၊ မင်္ဂလာဖိနပ်ဖန်တီးပေးပါသော ရှုရှုရင်အားလည်းကောင်း၊ မင်္ဂလာပန်းအလှပြင်ဆင်ပေးပါသော ဦးလင်းနှင့်အဖွဲ့၊ မင်္ဂလာမှတ်တမ်းတင် ဗီဒီယိုနှင့် ဓာတ်ပုံရိုက်ကူးပေးပါသော ဝဏ္ဏခွာနီးနှင့်အဖွဲ့၊ Entertainment အတွက် စီစဉ်ပေးသော ကိုငွေးမင်းထွန်းနှင့် မမြတ်ရွှေဝါ (Myanmar Model Management) အဖွဲ့နှင့် ပြည့်ဖြိုးတေဇ (ဖြိုးဖြိုး)အားလည်းကောင်း၊ Chatrium Hotel မှ မမိုးအားလည်းကောင်း၊ ၂၈-၄-၂၀၁၃ ရက်နှင့် ၃၀-၄-၂၀၁၃ ရက်တွင် Inya Lake Hotel ၌ ကျင်းပပြုလုပ်သော မင်္ဂလာသို့ တက်ရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း၊ Earth Group of Companies မှ ဝန်ထမ်းများ၊ မင်္ဂလာအခမ်းအနားအောင်မြင်စွာကျင်းပနိုင်ရေးအတွက် ဝိုင်းဝန်းကူညီပေးပါသော မိဘဆွေမျိုး မိတ်သင်္ဂဟများနှင့် ကျေးဇူးတင်ထိုက်သူအားလုံးတို့အား အထူးပင်လှိုက်လှဲစွာ ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

မောင်စိုင်းလှထွေး(ခ) Zu An နှင့် မခိုင်ဇာမြင့်(ခ)Tee Tee

ကျောက်ဆည်မြို့၊ အထက (၂)ဆဋ္ဌမ အကြိမ်မြောက် အာစရိယပူဇော်ပွဲ တက်ရောက်ပါရန် ဖိတ်ကြားခြင်း

ကျောက်ဆည်မြို့၊ အထက (၂)ဆဋ္ဌမအကြိမ်မြောက်အာစရိယပူဇော်ပွဲကို ၂၃-၆-၂၀၁၃ရက် (တနင်္ဂနွေနေ့)နံနက် ၀၉း၀၀နာရီတွင် ကျောက်ဆည်မြို့၊ အထက (၂)ခန်းမဆောင်ကြီး၌ စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်မည်ဖြစ်ပါသဖြင့် ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် မပျက်မကွက် တက်ရောက်၍ ကျေးဇူးရှင် ဆရာ ဆရာမကြီးများအား ပူဇော်ကန်တော့ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ဆက်သွယ်လှူဒါန်းရန်

၁။ ဦးသန်းစိုးမြင့် သစ်တောနှင့်သတ္တုဝန်ကြီးဌာန၊ မန္တလေးမြို့ ဖုန်း-၀၉-၂၁၅၀၁၀၃
၂။ ဦးခင်ဇော် မေတ္တာအဆင့်မြင့်ဓာတ်ခွဲခန်းဖုန်း-၀၉-၂၁၅၀၅၉၈
၃။ ဦးခင်ကျော် ရတနာတေးသံသွင်း ဖုန်း-၀၉-၄၀၂၅၃၀၂၂
၄။ ဦးကိုကိုထွေး စိန်ဖြူဆေးဆိုင် ဖုန်း-၀၆၆-၅၀၀၉၆
၅။ ဦးဘဆန်းမြင့် ရွှေဘိုအိမ်စတိုး ဖုန်း-၀၉-၅၀၁၃၉၇၆
၆။ ဦးသန်းငွေ ဇော်မိတ်ဆေးဆိုင် ဖုန်း-၀၉-၅၁၅၄၃၈၃

အာစရိယပူဇော်ပွဲကျင်းပရေးကော်မတီ

ကလေးနာမည်ပေး

ကွန်ပျူတာပုရောဟိတ်

တိုစက္ကဓာတာစစ်ပြီးကလေးနာမည်(၁၅၀)ကျော်
ယောစာတမ်း(၃၄)မျက်နှာဖုန်းသာဆက်လိုက်ပါ
0931079394 095179128
၂၂၀(ပ)ထပ်၃၇လမ်း(ထက်)ရန်ကုန်

အမည်မှန်

ဦးဒိတ်ဗဟာဒူး၏သား အထက (ဟိုပင်) နဝမတန်းမှ ပေါ်ရကား(စ်)၏ အမည်မှန်မှာ ပွတ်နေး(ခ)ပူရနာဗဟာဒူး ဖြစ်ပါသည်။ **ပွတ်နေး(ခ)ပူရနာဗဟာဒူး**

ဖခင်အမည်မှန်

မြစ်ကြီးနားမြို့၊လေ့ကျင့်ရေးအလယ်တန်းကျောင်း စတုတ္ထတန်း(A)မှ မောင်အူဂေါ့ဆွတ်ထိန်လ၏ ဖခင်အမည်မှန်မှာ ဦးယူဂျီဇော်ဒန် ဖြစ်ပါသည်။

ဖခင်အမည်မှန်

အထက မြန်အောင် သတ္တမတန်း(ခ)မှ မောင်ဇင်မင်းပိုင်၏ ဖခင်အမည်မှန်မှာ ဦးသက်နိုင်ဦး ၁၄/မအန(နိုင်)၀၀၃၄၈၄ ဖြစ်ပါသည်။ **ဦးသက်နိုင်ဦး**

မိဘအမည်မှန်

မြစ်ကြီးနားမြို့ အမက (အောင်မြင်သာ) အဋ္ဌမတန်း(အောင်) မဆိုင်းဘူ၏ မိဘအမည်မှန်မှာ ဦးမဂေါင်ဘောက်နှင့် ဒေါ်ကင်ဂျီကော့ဘူဖြစ်ပါသည်။

အမည်ပြောင်း

ဦးတင်ထွန်းအောင်၏သား မြစ်ကြီးနားမြို့၊ အထက(၄)၊ ပဉ္စမတန်း(D)မှ မောင်မြတ်ဖုန်းနိုင်အား မောင်မင်းခိုင်လင်းဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းခိုင်လင်း**

အမည်ပြောင်း

ဦးတင်ကိုဝင်း၏သမီး ဖားကန့်မြို့နယ်ခွဲ၊ အလက(ခွဲ) ငှက်ပျောတော စတုတ္ထတန်းမှ မမေမြတ်နိုးအား မစိုးပြည့်ပြည့်စံဟု ပြောင်းလဲခေါ်ပါရန်။ **မစိုးပြည့်ပြည့်စံ**

အမည်ပြောင်း

ဦးနော်ဆိုင်း၏သမီး မြစ်ကြီးနားမြို့ အထက(၁) သူငယ်တန်း(B)မှ မဂျာဆိုင်းနန်အား မမို့မို့အေးသို့ပြောင်းလဲခေါ်ပါရန်။ **မမို့မို့အေး**

ကန့်ကွက်နိုင်ပါကြောင်း

ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် ၆၀၊ မြေကွက်အမှတ် ၅၉၈အမည်ပေါက် ဦးတင်ရွှေ(ခ)ဖိုးထောင် N/OKA-၀၂၆၀၆၃ထံမှ ဝယ်ယူထားသူ ဦးနိုင်လင်း ၁၂/ဒဂတ(နိုင်)၀၂၃၀၅၈ က မြေချပါမစ်မိတ္တူမှန်ထုတ်ပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၅ရက်အတွင်း ဤဦးစီးဌာနသို့လာရောက်၍ သက်ဆိုင်ရာစာရွက်စာတမ်းအထောက်အထားများတင်ပြ၍ ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက မြေချပါမစ်မိတ္တူမှန်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြေနှင့်အခွန်ဌာနခွဲ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန**

လူပျောက်ကြော်ငြာ

ဓာတ်ပုံရှင် မောင်ဆန်းလင်းကို ၇/အတန(နိုင်) ၁၂၃၁၇၂ အသက်(၁၅)နှစ်သည် ၁၉-၅-၂၀၁၃ ရက် ညနေ ၃ နာရီခန့်တွင် တောင်ငူမြို့ ဖလမ်းအနီးမှ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ဆက်သွယ်ပေးပါရန် ကျေးဇူးဆပ်ပါမည်။ **ဦးတင်ကို-ဒေါ်ဝိုင်းချစ် ခေါင်ရန်းကျေးရွာ၊ အုတ်တွင်းမြို့နယ်၊ ဖုန်း-၀၉-၄၂၈၁၆၃၂၅၄၊ ၀၉-၃၁၂၁၀၆၂၁**

ပြင်ဆင်ဖတ်ရှုပါရန်

၁၃-၃-၂၀၁၃ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာကြော်ငြာ (ဂ)ကန့်ကွက်နိုင်ကြောင်း၊ ကြော်ငြာအမှတ်စဉ် (၉)ဦးဝင်းကြည် +၁ ၁၂/ဒပန(နိုင်)၀၀၄၂၆၁၏ ဂရန်ခွဲတွင် မြေကွက်အမှတ် ၇၉၆ကို ၇၉၆(ခ)ဟုလည်းကောင်း၊ လိပ်စာတွင် အမှတ် ၇၉၆၊ ကျော်သူ ၂၁လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ကို အမှတ် (၇၉၆)(ခ)၊ ကျော်သူ (၂၁)လမ်း၊ (၉)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုလည်းကောင်း အမှန်ပြင်ဆင်ဖတ်ရှုနိုင်ပါရန်။

သတင်းဆောင်းပါးနှင့်ကြော်ငြာ

ဆန်ဈေးကွက်တည်ငြိမ်စေရန်အတွက် အရန်ဆန် တန် ၄၀၀၀၀ အထိ သိုလှောင်ထားရှိ

ရန်ကုန် မေ ၂၄

မြန်မာနိုင်ငံတွင် အရန်ဆန် သိုလှောင်ထားရှိမှုကို လွန်ခဲ့သောနှစ်များက စတင်ဆောင်ရွက်ခဲ့ပြီး ယခုနှစ်တွင် အရန်ဆန်အလုံအလောက် သိုလှောင်ထားရှိကြောင်း မြန်မာနိုင်ငံဆန်စပါးလုပ်ငန်းရှင်များဥက္ကဋ္ဌက ပြောကြားသည်။

"ကျွန်တော်တို့နိုင်ငံမှာလွန်ခဲ့သောနှစ်များကစပြီး အရန်ဆန်သိုလှောင်ခဲ့တဲ့စနစ်ကို ကျင့်သုံးလာပါတယ်၊ အရန်ဆန် သိုလှောင်ရတဲ့ အဓိကရည်ရွယ်ချက်ကတော့ သဘာဝဘေးအန္တရာယ် တွေ့ကြုံတဲ့အခါ ထုတ်သုံးဖို့နဲ့ ဆန်ဈေးအလွန်ကြီးတဲ့အခါ ထုတ်ရောင်းဖို့ ဖြစ်ပါတယ်၊ အရန်ဆန်ဟာ နိုင်ငံရဲ့ အရေးပေါ်အခြေအနေ ကြုံကြိုက်လာတဲ့အခါ ထုတ်သုံးဖို့ဖြစ်ပါတယ်၊ ဒီနှစ်မှာတော့ အရန်ဆန် သိုလှောင်ထားမှုများပါတယ်၊ မနှစ်ကထက်တောင်များတယ်လို့ ပြောလို့ရပါတယ်၊ ဒီနှစ်မှာ အရန်ဆန်တန်ချိန် ၄၀၀၀၀(လေးသောင်း) အထိ သိုလှောင်ထားပါတယ်"ဟု ဦးအောင်သန်းဦးက ပြောပြသည်။

လက်ရှိမြန်မာနိုင်ငံ၏ ပြည်တွင်းဆန်ဈေးသည် ပြည်ပပေါက်ဈေးထက် အနည်းငယ် မြင့်တက်လျက်ရှိကြောင်း သိရသည်။ ယင်းအတွက်ကြောင့် ပြည်ပဆန်တင်ပို့မှု အနည်းငယ် အေးနေကြောင်း သိရသည်ဟု ဆိုသော်လည်း ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ်အတွက် မြန်မာနိုင်ငံမှပြည်ပသို့ ဆန်တန်ချိန် ၁ဒသမ ၄သန်း အထိ တင်ပို့ထားပြီဖြစ်သည်။ ယင်းပမာဏမှာ ယမန်နှစ်က ခြောက်သိန်းခွဲ တင်ပို့ခဲ့မှုနှင့် နှိုင်းဆလျှင် နှစ်ဆကျော်တိုးမြှင့်တင်ပို့ လာနိုင်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းပိုင် ဆန်ဂိုဒေါင်တွင် သိုလှောင်ထားရှိရန် ဆန်များတွေ့ရစဉ်။

မြန်မာနိုင်ငံသည်ဆန်စပါးအဓိက စိုက်ပျိုးထုတ်လုပ်သည့်နိုင်ငံတစ်နိုင်ငံဖြစ်ပြီး လွန်ခဲ့သောနှစ်များအတွင်းက ပြည်ပဆန်တင်ပို့မှု တဖြည်းဖြည်း မြှင့်တက်လာသည်။ ယခုအခါ မြန်မာနိုင်ငံသည် အဓိက ဆန်ရောင်း နိုင်ငံ ၁၀နိုင်ငံတွင် ပြန်လည်ပါဝင်လာနိုင်ပြီဖြစ်သည်။ မြန်မာနိုင်ငံမှ ထွက်ရှိသော ဆန်များကို အဓိကအားဖြင့် တရုတ်နှင့် အာဖရိကနိုင်ငံများသို့ တင်ပို့လျက်ရှိကြောင်း သိရသည်။

(မြန်မာ့အလင်း)

သတင်းဆောင်းပါး - မောင်ကျေးသား

ဓာတ်ပုံ
တင်စိုး (မြန်မာ့အလင်း)

မေ၁၈ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက် အုပ်ချုပ်ရေးမှူးရုံး၌ မိုးပွင့်စီမံချက်(၅)ဖြင့်ကွင်းဆင်းဆောင်ရွက်ရာအနောက်ပိုင်း ခရိုင်ဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဦးစိုးလွင်က အနီးကပ်ကြီးကြပ်၍ နိုင်ငံသား ၁၅၆ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေး နိုင် ရေး အတွက် ဆောင်ရွက်စဉ်။

(မြန်မာ့အလင်း)

တွံတေး၌ အခြေခံပညာကျောင်းများအား Whiteboard များ အခမဲ့ခွဲဝေပေး

ရန်ကုန် မေ ၂၄

အခြေခံပညာ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ရက်ပိုင်းသာလိုတော့သည်။ ယခု ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် နိုင်ငံတော်မှ ပညာရေး အသုံးစရိတ်များ တိုးမြှင့်သုံးစွဲခွင့်ပြုသဖြင့် အမှတ်(၃) အခြေခံပညာဦးစီးဌာနမှရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ အခြေခံပညာ ထက်/လယ်/မူ ကျောင်းအားလုံးသို့ ကျောင်းဖွင့်ရာသီအမီ ကြိုတင်ပြင်ဆင်နိုင်ရန် မိမိကျောင်းရှိ စာသင်ခန်းအရေအတွက်အလိုက် Whiteboard များ အခမဲ့ခွဲဝေပေးကြောင်း သိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင်တွံတေးမြို့နယ်အတွင်းရှိ ထက်/လယ်/မူ ကျောင်းများ အားလုံးအတွက် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ၈ပေ×၄ပေရှိ အလူမီနီယမ်ပေါင်တပ် Whiteboard ချပ် ၁၄၉၀ရရှိရာ မေ ၁၄ရက်က မိမိတို့ကျောင်းအတွက် အခမဲ့ခွဲဝေရရှိသောWhiteboard များကိုကျောင်းအုပ်ဆရာကြီး၊ ဆရာမကြီးများကိုယ်တိုင်မြို့နယ်ပညာရေးမှူးရုံး၌ ထုတ်ယူသယ်ဆောင်ကြသည်။ **(ဓါတ်ပုံ)**

ထို့အပြင် ကျောင်းအသီးသီးသို့ အလံမျိုးစုံ၊ (ခ)စာရင်းစာအုပ်များ၊ ကျောင်းဝင်မှတ်ပုံတင်စာအုပ်များနှင့် သင်ကြားရေးအထောက်အကူပြု ကားချပ်များကို အခမဲ့ခွဲဝေပေးကြောင်း သိရသည်။ **သန်းဌေး(ဒလ)**

ပညာမြင်းမိုရ်၏စည်းကမ်း၊ပညာ၊အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ။ ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်အမှတ် ကက-၁၃/၀၉/၀၁၆

ပညာမြင်းမိုရ်
ပုဂ္ဂလိကအထက်တန်းကျောင်းနှင့် ကျောင်းသား/သူသီးသန့်အဆောင့်မြင့်ဘော်ဒါ

၅-တန်းမှ ၁၀-တန်းအထိ
၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ကြို အ ပ် လ က် ခံ ပါ ပြီ ။

❖ ကျောင်းကြီးတက်ရန်မလို၊ကျူရှင်တက်ရန် မလိုတစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း
❖ နေ့တက်သင်တန်းဘော်ဒါကြိုက်နှစ်သက်ရာ ရွေးချယ်အပ်နှံနိုင်ပါသည်။
❖ နေ့တက်သင်တန်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်။
❖ လူဦးရေကန့်သက်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မယ်။
တန်းခွဲသစ် ဖွင့်လှစ်ဆန်းစမည်။

တာဝန်ခံကျောင်းအုပ် လုပ်လိုသူများ လျှောက်ထားနိုင်သည်။

❖ ပုဂ္ဂလိကအထက်တန်းကျောင်း - အမှတ်(၃၈/၄၀)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
❖ ပညာမြင်းမိုရ်ကျောင်းသားဆောင် - ၂၉၇၊ ဂန့်ဂေါရိပ်သာလမ်း၊ သီရိဂုဏ်အိမ်ရာ၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
❖ ပညာမြင်းမိုရ်ကျောင်းသူဆောင် - ၃၁၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်ာန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
Ph : 09 73004720, 09 5001158, 09 5002947, 01-562830

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅ယ/၄၅၄၉ SIHUAN M/C ယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်း ၉/အမရ(နိုင်)၁၀၀၅၈၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း)၊ မန္တလေးမြို့

အယူခံမှုကိုကြားနာစစ်ဆေးရန် ချိန်းဆိုသည့်နေ့ရက်ကို အယူခံတရားပြိုင်ထံသို့ အကြောင်းကြားစာ

(တရားမကျင့်ထုံး ဥပဒေအမိန့်-၄၁၊ နည်းဥပဒေ-၁၄)
ပြည်ထောင်စုတရားလွှတ်တော်ချုပ်
၂၀၁၂ခုနှစ် တရားမအယူခံမှုအမှတ်-၄၃၀

ဦးမျိုးဆန်း	**နှင့်**	ဦးလီရှိုးကြည် (ခ) ဦးစိုးကြည် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းခိုင်)
အယူခံတရားလို		**အယူခံတရားပြိုင်**

၂၀၁၂ခုနှစ် ဇွန် ၅ရက်စွဲပါ မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ တရားမကြီးမှုအမှတ် ၅၈၈/၂၀၁၁၏ ဒီကရီမှ အယူခံလျှောက်လွှာနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်ချုပ်အောင်ဆန်းလမ်းမကြီး (ယခင်လိပ်စာ၊ ယခုလိပ်စာမသိနေ) အယူခံတရားပြိုင် ဦးလီရှိုးကြည်(ခ)ဦးစိုးကြည် (၄င်း၏အခွင့်ရကိုယ်စားလှယ် ဦးဝင်းခိုင်)သိစေရမည်။

ဤအမှုတွင် မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်၏ ဒီကရီမှ အယူခံလျှောက်လွှာ တစ်စောင်ကို တရားလွှတ်တော်ရှေ့နေ ဦးဇော်လင်း၊ ဒေါ်မေဇော်ဦးတို့က တင်သွင်း၍ ဤရုံး၌ မှတ်ပုံတင်ခဲ့ပြီးကြောင်းနှင့် ထိုအယူခံလျှောက်လွှာကို ၂၀၁၃ ခုနှစ် မေ ၃၁ ရက် နံနက် ၁၀ နာရီတွင် ဤရုံးသို့ ချိန်းဆိုပြီးကြောင်း အကြောင်းကြားပါသည်။

သင်ကိုယ်တိုင်ဖြစ်စေ၊ သင်၏ကိုယ်စား သင်၏တရားလွှတ်တော်ရှေ့နေကဖြစ်စေ သို့မဟုတ် သင့်အတွက်ဆောင်ရွက်ရန် တရားဥပဒေအရ အာဏာလွှဲအပ်ထားသူ တစ်စုံတစ်ယောက်ကဖြစ်စေ ဤရုံးသို့ မလာရောက်ခဲ့သော် သင်၏မျက်ကွယ်ရာတွင် ဤအမှုကို ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ခုနှစ် မေ ၁၇ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်သည်။

အမိန့်အရ-

(အေးအေးသန်း)
လက်ထောက်ညွှန်ကြားရေးမှူး
တရားမ တရားစီရင်ရေးဌာန
ပြည်ထောင်စုတရားလွှတ်တော်ချုပ်ရုံး

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
တောင်ကြီးခရိုင်တရားရုံး
၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၅၄

ဒေါ်ယဉ်ယဉ်(ခ)အေးလှ(ခ)အားလန်	**နှင့်**	မစန္ဒာ(ခ)စန္ဒာမြင့်(ခ)ဝမ်မြန်းဖိန်း
တရားလို		**တရားပြိုင်**

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ မြသီတာလမ်း၊ အိမ်အမှတ်(၂၀/၁)(ယခုနေရပ်လိပ်စာမသိ)နေ မစန္ဒာ(ခ)စန္ဒာမြင့်(ခ)ဝမ်မြန်းဖိန်း သိစေရမည်။

သင့်အပေါ်၌ တရားလိုက ငွေ ၅၀၂၆၇၆၀၀ိ/-ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၄င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၄င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် မေ ၃၁ရက် (၁၃၇၅ ခုနှစ် ကဆုန်လပြည့်ကျော် ၆ရက်) မွန်းမတည့်မီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၄င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၄င်းပြင်တရားလိုက ကြည့်ရှုလိုသည်များနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၂၀ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(လှသောင်းရီ)
ဒုတိယခရိုင်တရားသူကြီး(၁)
တောင်ကြီးခရိုင်တရားရုံး

ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၀ယ/၁၁၃၆၈ Yamaha FZ 150 ဦးစည်သူဝင်းဗိုလ် ၉/ခအဇ(နိုင်)၀၁၄၃၀၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း)၊ မန္တလေးမြို့

ဇနီးအဖြစ်မှမသက်ဆိုင်ပါကြောင်းကြော်ငြာအား ကန့်ကွက်ခြင်း

ကျိုင်းတုံမြို့၊ မိုင်းဇင်းအုပ်စု၊ ယန်းလူးလမ်းခွဲရွာနေ ကျွန်မ၏ခင်ပွန်း ဦးဆမ်ဝန်း၏ ၂၆-၄-၁၃ ရက် မြန်မာ့အလင်းစာမျက်နှာ ၁၇ပါ ဇနီးအဖြစ်မသက်ဆိုင်ပါကြောင်း ကြော်ငြာမှ ဦးဆမ်ဝန်းမှတစ်ဖက်သတ်ကြော်ငြာခြင်းဖြစ်ပြီး ၄င်းကြော်ငြာအား ကန့်ကွက်ပါကြောင်း သိစေအပ်ပါသည်။

ဒေါ်အာစွန်းတာ ၁၃/ကတန(နိုင်)၀၅၅၅၉၉

ကန့်ကွက်နိုင်ပါသည်

နေပြည်တော်၊ ပျဉ်းမနားမြို့နယ်၊ ရွာကောက်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/ပေါင်းလောင်း(၃)၊ ၁၇လမ်း၊ မြေကွက်အမှတ် ၁၄၀၈ ရှိ မြေကွက်မှာ ဦးမောင်မောင်သောင်း ၉/မရတ(နိုင်)၀၉၁၂၄၄ပိုင်ဆိုင်ပြီး ၄င်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အား ဦးမောင်မောင်ကြီး ၉/မကန(နိုင်)၀၄၅၆၇၉က ပိုင်ဆိုင်ကြောင်း ဝန်ခံကတိပြုသည့်အတွက် အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မှ ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် ပတ်သက်၍ မြေစီမံခန့်ခွဲမှုဆိုင်ရာကိစ္စရပ်များအား ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

ဦးဇေယျာထွေး ၁၃/ဖခန(နိုင်)၁၄၉၈၀၅
အမှတ် ၁၄၀၈၊ ပေါင်းလောင်း (၃)၊ ၁၇ လမ်း၊
ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ ဖုန်း-၀၉-၄၃၀၁၉၁၈၇

မြို့နယ်တရားရုံး၊ မိုးကောင်းမြို့ ၂၀၁၃ခုနှစ် တရားမကြီးအမှုအမှတ်-၃

၁။ ဦးဝင်းမောင်(ဥက္ကဋ္ဌ)	**နှင့်**	ဦးမြင့်ဝင်း(ဆန်စက်)
၂။ ဦးသိန်းထွန်း(အတွင်းရေးမှူး)		မြို့ဇေယျာရပ်ကွက်၊
ငွေရတနာဈေးသမဝါယမအသင်း		ဆားမော်ကျေးရွာ၊
လီမိတက်		မိုးကောင်းမြို့နယ်။
စည်ပင်သာယာဈေး၊ မိုးကောင်းမြို့		
(မိမိနှင့်အခြားမြီရှင်များကိုယ်စား)		
တရားလိုများ		**တရားပြိုင်**

တရားမကျင့်ထုံးအမိန့်(၁)၊ နည်းဥပဒေ(၈)အရ အကြောင်းကြားစာ(နို့တစ်စာ)

ငွေရတနာဈေးသမဝါယမအသင်းလီမိတက်မှ အသင်းသူ အသင်းသားများအားလုံးထံ အကြောင်းကြား သိစေအပ်ပါသည်။

၁။ အထက်ပါအမှုတွင် ငွေရတနာဈေးသမဝါယမအသင်းဥက္ကဋ္ဌဖြစ်သူ ဦးဝင်းမောင်ပါ(၂) တရားပြိုင်ဦးမြင့်ဝင်းအပေါ်တွင် ငွေရတနာ သမဝါယမအသင်းကိုယ်စား ချေးယူကျန်ငွေစာရင်း ၃၄၉၈၀၀၀ိ/ နှင့် အတိုးကျန်ငွေ ၂၅၇၄၀၀၀ိ/ နှစ်ရပ်ပေါင်း ငွေကျပ် ၆၀၇၂၀၀၀ိ/ ရလိုကြောင်း တရားစွဲဆိုရန် လျှောက်ထားခဲ့ပါသည်။

၂။ သို့ဖြစ်ပါ၍ ငွေရတနာသမဝါယမအသင်းသူ အသင်းသားများအနေဖြင့် ကန့်ကွက်လိုပါက ဤအကြောင်းကြားစာထုတ်ဆင့်သည့်ရက်မှစ၍ ရက်၃၀အတွင်း ဤရုံးသို့ လာရောက်ကန့်ကွက်တင်ပြရန်နှင့် ကန့်ကွက်သူများမရှိပါက တရားလိုအား တရားမကျင့်ထုံးအမိန့်(၁)၊ နည်းဥပဒေ(၈)အရ အသင်းကိုယ်စားတရားစွဲဆိုခွင့်ပြုကြောင်း အမိန့်ကိုချမှတ်ပေးမည်ဖြစ်ကြောင်း သိစေလိုက်သည်။

(ကျော်လှိုင်)
မြို့နယ်တရားသူကြီး
မိုးကောင်းမြို့နယ်တရားရုံး

ကြော်ငြာ

လိုက်လံ့စွာ ဂုဏ်ယူဝမ်းမြောက်ခြင်း

UK နိုင်ငံ၊ Edexcel ပညာရေးအဖွဲ့အစည်း၏ Higher National Diploma (HND) သင်တန်းများအတွက် Approved Centre No.93711 ဖြင့် Construction & the Built Environment, Mechanical, Electrical & Electronics, Computing, Business ဘာသာရပ်များ သင်ကြားလျက်ရှိသော Myanmar Noble College အား လိုက်လံ့စွာ ဂုဏ်ယူဝမ်းမြောက်မိပါကြောင်းနှင့် နိုင်ငံတကာ ပညာရေးနယ်ပယ်သို့ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများ မွေးထုတ်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းအပ်ပါသည်။

ဦးမော်သန်း ပါမောက္ခချုပ်(ငြိမ်း)
စီးပွားရေးတက္ကသိုလ်၊ ရန်ကုန်

ဒေါ်မကျော်မြင့် ပါမောက္ခ(ငြိမ်း)
ပညာရေးတက္ကသိုလ်၊ ရန်ကုန်

ဦးသန်းအောင် ဒါရိုက်တာ
အာရှလိုင်းကျော်မိသားစုကုမ္ပဏီလီမိတက်

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်

2004 HINO(DYNA)3.5 TONS 14' BODY နတ် ၆ ပေါက်၊ ဂီယာ ၆ ချက်၊ ဒီဇယ်ခေါင်းကျယ်၊ ရှေ့လေး-နောက်လေး၊ အဖြူရောင် 2003 TOYOTA DYNA 1.25 TONS DOUBLE CAB ဓာတ်ဆီအဖြူရောင် (ဂျပန်ကား/စတိအမှတ်) **စုံစမ်းရန် ဖုန်း-၀၉-၃၁၀၄၀၀၆၉**

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကျွန်မ၏သမီး မအေးအေးနွယ် ၁၂/ဒဂတ(နိုင်)၀၃၉၀၇၄သည် မိခင်နှင့်ညီအစ်ကိုမောင်နှမများအား စိတ်ဆင်းရဲအောင်အကြိမ်ကြိမ်ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ ၄င်းနှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူမည်မဟုတ်ပါ။ စုံစမ်းမေးမြန်းခြင်း သည်းခံပါ။ **ဒေါ်အေးမြင့် ၁၂/ဗဟန(နိုင်)၀၁၄၇၀၀**

![UNITED AMARA BANK LTD.]

UNITED AMARA BANK LTD.

Vacancy Announcement (local)

For Yangon Office

1.Manager — M/F – 1 Post
- B.Com/CPA/ACCA,Good in English (4) Skills, Computer literate, Minimum (7-10) years experiences and knowledge in Accounting & Financing, Skills in Management, Leadership, Coordination, Monitoring, Problem Solving, Decision Making and Team Work.

2.Manager — M/F– 1 Post
- Any graduate, Can communicate in English, Minimum (10) years experiences in Banking, Preferably in Card (ATM/ Visa/ Master) Computer literate, Skills in Management, Leadership, Coordination, Monitoring, Problem Solving, Decision Making and Team Work.

3.Manager (ICT) — M/F – 1 Post
- Any Graduate, Prefer B.C.Sc/ B.C.Tech/BE (IT)/Diploma in IT, Minimum (10) years experiences and knowledge both Software and Hardware, Basic banking knowledge, Good in English (4)Skills, Skills in Management, Leadership, Coordination, Monitoring, Problem Solving, Decision Making and Team Work.

4.Valuation Assessor — M – 1 Post
- Any Graduate, Good in English (4) Skills, Computer literate, Minimum (7-10) years experiences in Agricultural Products & Commodities and Procurement field, Skills in Management, Leadership, Coordination, Monitoring, Problem Solving, Decision Making and Team Work.

5.Manager/Deputy Manager — M/F – 10 Posts
- MBA/ABE Diploma/Preferably International Degree and Diploma, Fluency in English (4) Skills, Computer literate, Minimum (5) years experiences and knowledge in Banking/Trading/Sales & Marketing/ Accounting & Financing, Skills in Management, Leadership, Coordination, Monitoring, Problem Solving, Decision Making and Team Work.

6. Deputy Manager/Assistant Manager — M/F – 3 Posts
- Any graduate, Preferably MBA/MPA/HR Diploma, Good in English (4) Skills, Minimum (3-5) years experiences in HR field, Computer literate, Skills in Management, Leadership, Communication, Negotiation, Coordination and Presentation.

7.Assistant Manager/Supervisor — M/F – 10 Posts
- MBA/ACCA/ABE Diploma/Diploma in Banking/Preferably International Degree and Diploma, Good in English (4) Skills, Computer literate, Minimum (2-3) years experiences and knowledge in Export/Import/Trading/Sales & Marketing/Banking, Skills in Leadership, Coordination, Monitoring, Problem Solving and Team Work.

8.Assistant Manager/Supervisor — M/F – 3 Posts
- BE (MP/EP/Civil),AGTI (Civil), Auto CAD 2D/3D, Minimum (3-5)years experiences in related field, knowledge in M&E Drawings, (M&E)BQ/Estimate, Work done Bill/ Site Surveying and Inspection, Skills in Team work, Coordination and Monitoring.

9.Assistant Supervisor — M/F – 2 Posts
- Any graduate, Preferably Logistic Management Certificate/Management Certificate (DBA),Preferable communication in English, Computer literate, Minimum (2-3) years experiences and knowledge in Trading/Logistic, Basic Banking knowledge, Skills in Team work, Fast Pace, Outgoing, Documentations.

For Branches

1.Branch Manager/Deputy Manager (Yangon New (6) Branches) — M/F-10 Posts
-Any graduate, Computer literate, Minimum (10) years experience and knowledge in Banking with related position, Skills in Management, Leadership, Coordination, Monitoring, Problem Solving, Decision Making and Team Work.

2. Assistant Manager (Yangon New (6) Branches and Mandalay New (3) Branches) — M/F-20 Posts
- Any graduate, Computer literate, Minimum (5) years experience and knowledge in Banking with related position, Skills in Leadership, Coordination, Monitoring, Problem Solving and Team Work.

3. Supervisor/Assistant Supervisor (Yangon New (6) Branches and Mandalay New (3) Branches) — M/F-30 Posts
- Any graduate, Computer literate, Minimum (3) years experience and knowledge in Banking with related position, Skills in Coordination, Monitoring and Team Work.

Please submit an application letter with updated CV in English, two passport size with recent photo, copy of labor registration card, NRC card and other supportive documents to following address and email not later than 15th June 2013.

Contact Address – No. (520/A4), Kabaraye Pagoda Road, Pwint Thit San Restaurant (2nd Floor), Bahan Tsp., Yangon.
– No. (15/187), 26th (B) St., Between 87th and 88th ,Bayint Naung St., Aung Myay Thar Zan, Mandalay.

Contact Phone No. - 01-8603009~18 (HR Department), Email - uabhohr@unitedamarabank.com. Yangon
- 02-24824~24837 (Coordination Office) Mandalay

ငြင်းချက်ထုတ်ရန်သမ္မန်စာ

(တရားမကျင့်ထုံး ကိုဓဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
မြိတ်မြို့နယ်တရားမရုံး၌
၂၀၁၃ခုနှစ် တရားမကြီးမှုအမှတ်-၃၅

ဦးတင်စိုး — နှင့် — ဦးအင်ဘီး
တရားလို — တရားပြိုင်

မြိတ်မြို့၊ အမှတ် ၁၉၈၊ ဗိုလ်ချုပ်လမ်း၊ ထားဝယ်စုရပ်နေ ဦးအင်ဘီး(ရောင်းဝယ်) (ယခုနေရပ်လိပ်စာမသိ)သိစေရမည်။

သင့်အပေါ်၌ တရားလို ဦးတင်စိုးက အိမ်ရှင်အိမ်ငှားသဘောတူထားသော စည်းကမ်းချက်များကို ဖောက်ဖျက်၍ ငှားရမ်းခများကိုလည်းပေးရန် ပျက်ကွက်သူ အိမ်ငှားအား ၁၉၆၀ပြည့်နှစ် မြို့ပြဆိုင်ရာ ငှားရမ်းခကြီးကြပ်ရေးအက်ဥပဒေပုဒ်မ ၁၂(၁)(က)အရ နှင်ထုတ်လိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရှုံး အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၃ခုနှစ် ဇွန် ၁၇ရက် (၁၃၇၅ခုနှစ် နယုန်လဆန်း ၉ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလို စွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၃ခုနှစ် မေ ၁၇ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ဧွေးဝင်း)
မြို့နယ်တရားသူကြီး
မြို့နယ်တရားရုံး၊ မြိတ်မြို့

ဝန်ထမ်းအလိုရှိသည်
(ပြည်တွင်း၌သာခန့်ထားရန်)

(1) ယာဉ်မောင်း	(1) ဦး (Dyna-Light Truck)
(2) Pump man	(1) ဦး (Computer အခြေခံ၊ ဘွဲ့ရ)
(3) Cashier	(1) ဦး (မ)(Ccomputer အခြေခံ၊ဘွဲ့ရ)
(4) Chief Accountant	(1) ဦး (မ)

အမှတ်စဉ် (4) အတွက် လုပ်ငန်းအတွေ့အကြုံအနည်းဆုံး သုံးနှစ်ရှိရမည်။
ကွန်ပျူတာကျွမ်းကျင် လျှောက်လွှာနှင့်ပူးတွဲတင်ရန် - CV Form
- ဘွဲ့ရလက်မှတ်မိတ္တူ၊ သင်တန်းအောင်လက်မှတ်
- ဓာတ်ပုံ နှစ်ပုံ
- ရပ်ကွက်ထောက်ခံစာ၊ ရဲစခန်းထောက်ခံစာ
- မှတ်ပုံတင်မိတ္တူ
- အလုပ်သမားမှတ်ပုံတင်မိတ္တူ
- သန်းခေါင်စာရင်းမိတ္တူ

လူကိုယ်တိုင်လာရောက်လျှောက်ထားနိုင်သည်။

လိပ်စာ - Moon Sun စက်သုံးဆီဖြန့်ဖြူးရောင်းဝယ်ရေး
အမှတ် (၁၆၃/၁)၊ သုနန္ဒာလမ်းနှင့် သုဓမ္မာလမ်းထောင့်၊ မြောက်ဥက္ကလာ။
ဖုန်း - ၉၅-၁၆၉၂၄၈၂၊ ၀၁-၆၉၁၃၆၆၊ Fax - ၉၅-၁၆၉၂၄၈၂
(သတင်းစာတွင်ကြော်ငြာပါပြီးတစ်ပတ်အတွင်း လျှောက်ထားရန်)

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းခြင်း

ရက်စွဲ ၂၀၁၃ ခုနှစ် မေ ၂၁ ရက်

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ (က)ရပ်ကွက်၊ ဓေယျာသုခလမ်း၊ အမှတ် ၅၂ နေ ဒေါ်စောကြည် ၁၂/သဃက(နိုင်)၁၁၁၁၆၅က ဦးစိုးဝင်း ၁၂/သဃက(နိုင်)၁၃၀၄၁၀သို့ အထွေထွေကိုယ်စားလှယ်လွှဲစာ လွှဲအပ်ခဲ့သည်ကို ဤကြော်ငြာပါသည့်ရက်မှစ၍ ရုပ်သိမ်းကြောင်း ကြေညာအပ်ပါသည်။ **ဒေါ်စောကြည် ၁၂/သဃက(နိုင်)၁၁၁၁၆၅**

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဥမ္မာဦး (အထက်တန်းရှေ့နေ)
မ-၁၀၂၊ ပြည်တော်သာလမ်း၊ (င/ခ)ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး

ကန့်ကွက်နိုင်ပါကြောင်း

အလုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၃E၊ မြေကွက်အမှတ် V၃၂/A၊ မြေကွက်တည်နေရာအမှတ် ၄၉၊ ဆင်မင်းလမ်း၊ လွတ်လပ်ရေးရပ်ကွက်၊ အလုံမြို့နယ် ဒေါ်ခင်သိန်းအမည်ပေါက် နှစ်၉၀မြေငှားဂရန်မြေအား အမည်ပေါက်ထံမှ လီဗင်ချောင်(ခ)ဦးတင်က အရောင်းအဝယ်စာချုပ် ၁၆၅/၆-၃-၇၈ ဖြင့် ဝယ်ယူခဲ့ပြီး ကိုးအောင်ကိန်း(ခ)ဒေါ်ခင်စိန်သို့ အပိုင်ပေးကမ်းခြင်းစာချုပ် ၃၉၄/၄-၆-၈၄ ဖြင့်ပေးကမ်းခဲ့၍ ကိုးအောင်ကိန်း(ခ)ဒေါ်ခင်စိန်မှ အပိုင်ပေးကမ်းခြင်းစာချုပ် ၁၆၆၈/၂၉-၄-၉၈ဖြင့် လီဂုစွမ်(ခ)ဦးထွန်းထွန်း၊ လီဂုက်ကြုံ(ခ)ဦးညီညီထွန်းထံသို့ လွှဲပြောင်းပေးခဲ့ပြီး လီဂုစွမ်(ခ)ဦးထွန်းထွန်းကွယ်လွန်သဖြင့် ဒေါ်ရှုဝါ ၁၂/အလန(နိုင်)၀၃၆၅၄၇က ဇနီးတော်စပ်ကြောင်း ကျမ်းကိုန်လွှာ၊ သေစာရင်းတင်ပြ၍ ဦးထွန်းထွန်း၏အစုကိုပိုင်ဆိုင်ကြောင်းစာချုပ်ရန် ဦးညီညီထွန်းနှင့်ပူးတွဲ၍ မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကြော်ငြာ

Tah Lee Gold

Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold Tah lee Gold

စိန်ရွှေရတနာဆိုင်

ဤဆိုင်မှ ၁၅ပဲရည်၊ ၁၆ပဲရည် ရွှေထည်ပစ္စည်းများ အရောင်မကျစေရ မဖြူစေရ၊ မနီစေရ လုံးဝလုံးဝအာမခံပါသည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို နားလည်တတ်ကျွမ်းသူမှကြည့်၍ ဈေးမတန်ဟုဆိုက ဝယ်သည့်နေ့မှ (၃)ရက်အတွင်း ပြန်လာပေးနိုင်ပါသည်။ ဝယ်သည့်တန်ဖိုးတစ်ပြားမှ မနတ်ဘဲပြန်ပေးပါမည်။

ဤဆိုင်မှဝယ်သော စိန်ထည်များကို ပြန်ရောင်းလျှင် ကာလတန်ဖိုး၏၉၀% လဲလျှင်ကာလတန်ဖိုး၏၉၅% ပြန်ပေးပါသည်။ (အလျော့တွက်မနတ်ပါ)

စိန်ထည်ရွှေထည်များကိုပန်းထိမ်ကြေးဖြင့် ဖောက်သည်ပေးပါသည်။

